# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၈)ရက် ၊ တနင်္ဂနွေနေ့ ၊ (14-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၀၃၀၀ စိုက်ပျိုးမည်

**စစ်ကိုင်း စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၁၀၃၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၄၂ ဧက၊ မြင်းမူမြို့နယ်တွင် ၇၄၂ ဧက၊ မြောင်မြို့နယ်တွင် ၇၅၁၆ ဧက စုစုပေါင်းဧက ၁၀၃၀၀ ဖြစ်ကြောင်းနှင့် အဆိုပါပဲပုပ်စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲပုပ်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက်လည်း ပညာပေးတာတွေဆောင်ရွက်သွားမယ်။လိုအပ်တဲ့မျိုးစေ့ရရှိဖို့အတွက်လည်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



ယခင်နှစ် ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။



## တွဲလက်ညီညီ ပန်းတိုင်ဆီ

ဆောင်းပါး စာမျက်နှာ - ၁၈

## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း-ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား






စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# ထိန်းသိမ်းစောင့်ရှောက်ကြရမည့် သစ်တောသစ်ပင်များ

သစ်တောသစ်ပင်များသည် လူသားတို့ကျန်းမာရေးအတွက် ဆေးဖက်ဝင်၍ အသုံးဝင်သည်သာမက စားသုံးရန်အာဟာရကိုလည်းပေးစွမ်းနိုင်ပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုလဲ ထိန်းညှိပေးသည်။ ကမ္ဘာမြေပေါ်တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းနှင့် သက်ဆိုင်နေပေသည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်ကြပြီး စနစ်တကျရှင်သန်အောင် စိုက်ပျိုးကြရမည်ဖြစ်သည်။

ကမ္ဘာနေရာအနှံ့အပြားတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ သစ်တောသစ်ပင်များကို ကုန်ကြမ်းများအဖြစ် ထုတ်ယူအသုံးပြုလာကြခြင်း၊ သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲကြခြင်း၊ တောမီးလောင်ကျွမ်းခြင်းတို့ကြောင့် သစ်တောသစ်ပင်များရှားပါးလာရုံသာမက ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့်ရင်ဆိုင်နေကြရပြီး လူသားတို့၏အသက်ပင် သေဆုံးရသည်ထိ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့နေရပေသည်။

**"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့၏ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရစိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးခဲ့သည့်သစ်ပင်များအား တစ်ပင်စိုက် တစ်ပင်ရှင်ဖြစ်စေရန်အတွက် စနစ်တကျစိုက်ပျိုးရန်နှင့် ရှင်သန်ဖြစ်ထွန်းရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့်သူများကလည်း အထူးအလေးအနက်ထား၍ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း"**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာ ၁၁ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်သော ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာ ရှိတော့သည့်အတွက် ၇ ရာခိုင်နှုန်းခန့်လျော့နည်းသွားသည်။ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းခန့်တိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅-၂၀၂၆ မှ ၂၀၂၉-၂၀၃၀ အထိ ငါးနှစ်စီမံကိန်းတွင် ပျိုးပင်များထပ်မံစိုက်ပျိုးသွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလရောက်လျှင် သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနများနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း၍ သစ်ပင်စိုက်ပျိုးရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းရှိ မြို့ရွာဒေသများမကျန် စိမ်းစိုသာယာလှပနေရန် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများကိုပြုလုပ်ရမည်။ နိုင်ငံတော်အနေဖြင့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆိုသည့်ဆောင်ပုဒ်ချမှတ်၍ နိုင်ငံတော် သာယာလှပစေရန်၊ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ အဖိုးတန်သစ်တောသယံဇာတများကို ရေရှည်တည်တံ့ပြီး နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သာစည်မြို့နယ် ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန့်ဖြူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၂ ဦးကို ငွေကျပ် ၅၆ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဒီပဲယင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၈၄၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၅၈၄၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နှမ်း ၁၅၈၄၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်း တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးပိမျိုးစုံ ပိဿာချိန် ၁၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့မှုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ ရောင်းချတာဖြစ်ပါတယ်။ လက်ရှိ စက်တင်ဘာလထဲမှာလဲ ငါးပိတွေကို ရန်ကုန်ဈေးကွက်က မှာယူတာများနေပါတယ်။ အခုလို ဝယ်ယူအားကောင်းတော့ အလုပ်အကိုင်အခွင့်အလမ်းလဲ ကောင်းလာပါတယ်။ လက်ရှိ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ မှာယူနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံမှာ ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမငါးပိ စသည့်ရေချိုငါးပိများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ မှ ၅၅၀၀၀ ထိ အမျိုးအစားအလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သမော်အင်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက သမော်အင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ၌ လမ်းအရှည် ၅ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ မြေနီကျောက်စရစ်ကိုးလက်မရှိ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၅ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၉ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်း ဆောင်ရွက်မှုမှာ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ ဇေယျာတိုးချဲ့ရပ် အမှတ်(၃)လမ်းနေ ဦးကျော်သန်း-ဒေါ်သန်းနွဲ့မိသားစုကဆွမ်း၊ ဆေးအလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက ဦးမောင်ကို၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်း ပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈) နှင့် ရေဆင်း(၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ကုလားပဲအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကုလားပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ဘားအံမြို့နယ် မလရားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ စက်တင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မလရားကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ တတိယအကြိမ်အဖြစ် မလရားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ဆန်ကွဲတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဩဂုတ်လ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်ယူမှုက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်သို့ အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလိုအခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ပွဲရုံပိုင်ရှင်တွေနဲ့ လုပ်သားတွေ အဆင်ပြေနေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်ကွဲများတင်ပို့ရောင်းချမှု အားကောင်းလာခြင်းကြောင့် ဆန်စပါးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ထိရောက်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး

**မျိုးသူ(ကုန်သွယ်မြှင့်)**

စီးပွားရေးလုပ်ငန်းများသည် အမြတ်အစွန်းရှိနေမှသာ ရပ်တည်ရှင်သန်နိုင်သည်။ အကျိုးအမြတ်ဖြင့်သာ ရှင်သန်ရပ်တည်နေရခြင်းဖြစ်၍ တစ်နှစ်တာအတွင်း ရှုံးခြင်း၊ မြတ်ခြင်းများ ရှိနိုင်သည့်တိုင်အောင် နှစ်ချုပ်သည့်အခါအမြတ်များများရှိနေမှသာ ရေရှည်အတွက် ကောင်းမွန်နိုင်သည်။ လုပ်ငန်းရှင်များသည် လုပ်ငန်းကြီးမားလာသည်နှင့်အမျှ ကိုယ်စားလှယ်ဖြစ်သော စီအီးအိုများ၊ မန်နေဂျာကြီးများဖြင့် လုပ်ငန်းကိုတည်ဆောက်ထားကြသည်။ လုပ်ငန်းငယ်များတွင် လုပ်ငန်းရှင်က ကိုယ်တိုင်လုပ်ကိုင်ခြင်းမျိုးလည်း ရှိသည်။ ထိုသူများသည် လုပ်ငန်းတွင် အမြတ်အစွန်းကောင်းမွန်ရေး၊ အကျိုးအမြတ်ရှိရေးအတွက် အဆုံးအဖြတ်ပေးကြသူများဖြစ်သည်။ မည်သည့်နည်းလမ်းဖြင့် လုပ်ငန်းကို ဆောင်ရွက်မည်၊ ရွေးချယ်စရာများကို မည်သို့ရွေးမည်ကို ဆုံးဖြတ်ကြသူများ၏ အဆုံးအဖြတ်သည် လုပ်ငန်းအောင်မြင်ခြင်း၊ ကျဆုံးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။ လုပ်ငန်းအတွင်းရှိသော လုပ်ငန်းငယ်အမျိုးမျိုး၊ ဆုံးဖြတ်ရသည့်ကိစ္စအမျိုးမျိုးတို့တွင်လည်း တစ်ခုချင်း၊ တစ်ခုချင်းစီတွင် အဆုံးအဖြတ်များဖြင့် ဆောင်ရွက်ကြရသည်သာဖြစ်သည်။ လုပ်ငန်းငယ်လေးများအတွက်လည်း အဆင့်အလိုက် ဆုံးဖြတ်ချက်များသည် မှန်ကန်ရန်၊ ထိရောက်ရန်နှင့် အကျိုးအမြတ်ရှိရန်လိုအပ်သည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် လုပ်ငန်းတစ်ခုအတွက် စတင်ခြင်း ဖြစ်နိုင်သကဲ့သို့ အဆုံးသတ်လည်း ဖြစ်နိုင်သည်။ လုပ်ငန်းတစ်ခု စတင်ရန်အတွက် မည်သည့်အချိန်တွင် စတင်မည်ဟု ဆုံးဖြတ်ရန်လိုအပ်သည်။ စတင်ပြီဟု ဆုံးဖြတ်သည်နှင့်တစ်ဆက်တည်း မည်ကဲ့သို့စတင်မည်၊ မည်မျှရင်းနှီးမြှုပ်နှံမည်၊ မည်သည့်နေရာတွင် လုပ်ကိုင်မည်၊ မည်သည့်ဈေးကွက်တွင် ဝင်ရောက်ရောင်းချမည်၊ မည်သည့်ကုန်ပစ္စည်းများကို မည်မျှထုတ်လုပ်မည်၊ မည်သို့သယ်ယူမည်၊ ကုန်ကျစရိတ်များကို မည်မျှအကုန်အကျခံမည် စသည်ဖြင့်ဆုံးဖြတ်လုပ်ကိုင်ကြရသည်။ ထိုသို့ အဆုံးအဖြတ်များချမှတ်ပြီးမှသာ ရှေ့ဆက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆုံးဖြတ်ချက်သည် လုပ်ငန်းလမ်းကြောင်းကို သတ်မှတ်ရွေးချယ်ပေးသည့် လုပ်ငန်းအစဖြစ်သည်ဟု ဆိုနိုင်သည်။ လုပ်ငန်း လုပ်ကိုင်နေစဉ်အတွင်းတွင်လည်း မည်သို့လုပ်ကိုင်မည် ဆိုသည့်အချက်များကို စဉ်းစားဆုံးဖြတ်ပေးနေရမည်သာဖြစ်သည်။ ဆုံးဖြတ်ရမည့် ကိစ္စအကြီးအသေးများသည် အချိန်တိုင်းလိုလို ကြုံတွေ့နေရမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းတစ်ခုအတွက် အခက်အခဲပြဿနာကြီးများ ကြုံရသည့်အခါတွင်လည်း လုပ်ငန်းကိုရပ်ဆိုင်းမည်လား၊ အခြားလုပ်ငန်းပြောင်းမည်လား စသဖြင့် စဉ်းစားဆုံးဖြတ်ရသည်မျိုးလည်း ကြုံရနိုင်ပါသည်။ ထိုအခါ လုပ်ငန်းတစ်ခုအတွက် အဆုံးသတ်လည်း ဖြစ်သွားနိုင်သည်။

ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် လုပ်ငန်းအောင်မြင်ရေးအတွက် အလွန်အရေးကြီးသည်ဟု ပြောရမည်သာဖြစ်သည်။ လုပ်ငန်းလမ်းကြောင်းကို ရွေးချယ်သတ်မှတ်ပေးခြင်းဟူသော အချက်ကို ဆုံးဖြတ်ရသည်။ မှန်ကန်ကောင်းမွန်သည့် ဆုံးဖြတ်ချက်များသည် မှန်ကန်သောလုပ်ငန်းလမ်းကြောင်းများပေါ် ရောက်စေပြီး မိမိ၏ပန်းတိုင်ဆီသို့ ဦးတည်စေသည်။ ဆုံးဖြတ်ချက်မှားယွင်းခြင်း၊ အချိန်ကိုက်မဆုံးဖြတ်နိုင်ခြင်းများသည် အချိန်နှင့် ငွေကြေးများကို ဆုံးရှုံးစေနိုင်သည်။ မှန်ကန်သော ဆုံးဖြတ်ချက်သည် ပြဿနာများ၏ အဖြေဖြစ်သည်။ လုပ်ငန်းလုပ်နေစဉ်အတွင်း ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို မှန်မှန်ကန်ကန် စဉ်းစားပြီး မှန်ကန်သောအဆုံးအဖြတ်ကို ချမှတ်နိုင်ရသည်ဖြစ်သည်။ Thinking, fast and slow. ဟူသော စာအုပ်တွင် အမြန်နှင့်အနှေး စဉ်းစားတွေးခေါ်ခြင်းများကို ဖော်ပြထားသည်။ စဉ်းစားတွေးခေါ်ခြင်းများကိုလေ့ကျင့်ထားခြင်းဖြင့် မှန်ကန်သော အတွေးအမြင်ကိုရရှိပြီး အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ ထို့ပြင်ဈေးကွက်အတွင်းတွင် ပေါ်ပေါက်လာသော အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်မှာ အဆုံးအဖြတ်မှန်ကန်မှသာ ဖြစ်နိုင်သည်။ အမြန်ဆုံးနှင့်အမှန်ဆုံး ဆုံးဖြတ်နိုင်မှသာ လုပ်ငန်းတူပြိုင်ဘက်များကို အသာစီးရနိုင်မည်ဖြစ်သည်။ လုပ်ငန်းလုပ်ကိုင်ရာ၌ လက်ရှိအခြေအနေတွင် အောင်မြင်နေရန်လိုအပ်သကဲ့သို့ ရှေ့လုပ်ငန်းများအတွက် အနာဂတ်စီမံကိန်းများကိုလည်း မှန်မှန်ကန်ကန် ချမှတ်နိုင်ရေးအတွက် မှန်ကန်သောဆုံးဖြတ်ချက်များ၊ ရွေးချယ်မှုများလုပ်နိုင်ရန် အရေးကြီးသည်။ မှန်ကန် ထိရောက်သောဆုံးဖြတ်ချက် ချမှတ်နိုင်သော စွမ်းရည်သည် လုပ်ငန်းကိုခေါင်းဆောင်သူများ၊ စီမံခန့်ခွဲသူများတွင် မရှိမဖြစ်လိုအပ်သော အရည်အချင်းဖြစ်သည်။

**❖ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် လုပ်ငန်းအောင်မြင်ရေးအတွက် အလွန်အရေးကြီးသည်ဟု ပြောရမည်သာဖြစ်သည်။ လုပ်ငန်းလမ်းကြောင်းကို ရွေးချယ်သတ်မှတ်ပေးခြင်းဟူသော အချက်ကို ဆုံးဖြတ်ရသည်။ မှန်ကန်ကောင်းမွန်သည့် ဆုံးဖြတ်ချက်များသည် မှန်ကန်သောလုပ်ငန်းလမ်းကြောင်းများပေါ်ရောက်စေပြီး မိမိ၏ ပန်းတိုင်ဆီသို့ ဦးတည်စေသည်။ ဆုံးဖြတ်ချက်မှားယွင်းခြင်း၊ အချိန်ကိုက်မဆုံးဖြတ်နိုင်ခြင်းများသည် အချိန်နှင့်ငွေကြေးများကို ဆုံးရှုံးစေနိုင်သည်။ မှန်ကန်သောဆုံးဖြတ်ချက်သည် ပြဿနာများ၏ အဖြေဖြစ်သည်။ ❖**

**ဆွန်ဇူးနှင့် အဆုံးအဖြတ်**

တရုတ်စစ်သူကြီး ဆွန်ဇူးသည် စစ်တိုက်ခြင်းအနုပညာ Art of War ဟူသော စာအုပ်တွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်ပတ်သက်ပြီး အောက်ပါ အချက်ကြီး သုံးချက်ကို အဓိကဖော်ပြထားကြောင်း တွေ့နိုင်သည်။ ထိုအချက်များသည် စီးပွားရေးလုပ်ကိုင်ရာတွင်လည်း မဖြစ်မနေသုံးစွဲနေရသည်ဖြစ်ပါသည်။

(၁)ပြင်ဆင်ခြင်းနှင့် ကြိုတင်တွက်ဆခြင်း၊
(၂) ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းနှင့် လိုက်လျောညီထွေရှိခြင်း၊
(၃)စိတ်ခံစားချက်မပါသော ယုတ္တိဗေဒဖြင့် ဆုံးဖြတ်ခြင်း။

**ပြင်ဆင်ခြင်းနှင့်ကြိုတင်တွက်ဆခြင်း** ဟူသော အချက်ကိုကြည့်လျှင် အဆုံးအဖြတ်တစ်ခုမချမီ သေချာစွာ ကြိုတင်ပြင်ဆင်ထားရန် အလေးပေးပြောကြားသည်ကို တွေ့နိုင်သည်။ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဟု ပြောလိုခြင်းဖြစ်သည်။ ကြိုတင်ပြင်ဆင်မှုမပါလျှင် မည်မျှကောင်းသော စစ်တပ်ပင်ဖြစ်စေ အောင်ပွဲမရနိုင်ပါ။ ထို့အတူ ငွေကြေးများစွာရင်းနှီးထားသော်လည်း ကြိုတင်ပြင်ဆင်မှုမပါလျှင် မှန်ကန်သော ဆုံးဖြတ်ချက်မချနိုင်သဖြင့် အောင်မြင်ရန် ခက်ခဲမည်ဖြစ်သည်။ မှန်ကန်သော လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် အထူးလိုအပ်သည်။ လုပ်ငန်းလုပ်ကိုင်ရင်း ငွေကြေးအရင်းအနှီး ထပ်မံဖြည့်တင်းရမည့်ကိစ္စမျိုးကြုံလျှင် မည်သို့လုပ်မည်၊ မည်သည့်နေရာမှ ငွေကြေးဖြည့်တင်းနိုင်သည်၊ ချေးငှားနိုင်သည်တို့ကိုလည်းကောင်း၊ ဈေးကွက်တွင် အရောင်းထိုင်းသည့် ပြဿနာမျိုးကို ရုတ်တရက်ကြုံတွေ့ရလျှင် မည်သို့ဆောင်ရွက်မည်ကိုလည်းကောင်း၊ ဈေးကွက်နိုင်ငံအစိုးရ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ရုတ်တရက်ပြောင်းလဲလျှင် မည်သို့ဆောင်ရွက်မည်ကိုလည်းကောင်း ကြိုတင်တွေးခေါ်ပြီး နည်းလမ်းများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဝန်ထမ်းနှင့်လုပ်သားများကို ကြိုတင်လေ့ကျင့်သင်ကြားပေးခြင်း၊ ခေတ်နှင့်ညီညွတ်သော လုပ်ငန်းများကို လိုက်ပါဆောင်ရွက်နိုင်ရန် သင်တန်းများပေးခြင်းစသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်ဆိုင်သော ကိစ္စများကိုလည်း ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ ကုန်ကြမ်းများပြတ်တောက်မှုမရှိရေးကဲ့သို့ ကိစ္စများကိုလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။

**ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းနှင့် လိုက်လျောညီထွေရှိခြင်း**ဟူသော အချက်သည်လည်း လုပ်ငန်းတိုင်းအတွက် လိုအပ်နေမည်ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် ပြောင်းလွယ် ပြင်လွယ်ဖြစ်ခြင်းနှင့် လိုက်လျောညီထွေအောင် ထုတ်လုပ်နိုင်ခြင်း၊ ရောင်းဝယ်နိုင်ခြင်းတို့သည် များစွာအရေးပါသည်။ ဆောင်းရာသီတွင် အလွန်အေးလေ့ရှိသော ဒေသတွင်ရောင်းချရန် အနွေးထည်အထူများ၊ စောင်အထူများကို စုဆောင်းရောင်းချတတ်သော်လည်း ရာသီဥတုပြောင်းလဲခြင်းကြောင့် အအေးပေါ့သောဆောင်းကို ကြုံရသည့်အခါ အနွေးထည်အထူများနှင့် စောင်အထူကြီးများသည် အရောင်းပါးသည်ကို ကြုံရတတ်သည်။ ထိုအချိန်တွင် ဆက်လက်၍ ထုတ်ထဲသော အနွေးထည်နှင့် စောင်များအစား အနွေးထည်အပါးနှင့် စောင်အပါးများကို ပိုမိုရောင်းချနိုင်ရန် ပြင်ဆင်ခြင်းက ဖောက်သည်ပြတ်လပ်မှုမရှိဘဲ အကျိုးကျေးဇူးရနိုင်သည်။ ဆွန်ဇူးက "ရေသည် သူ၏ပုံသဏ္ဌာန်ကို တည်ရှိရသည့် မြေမျက်နှာပြင်ပေါ် မူတည်ပြီး ပြောင်းလဲရသကဲ့သို့ ခေါင်းဆောင်တစ်ဦး၏ ဆုံးဖြတ်ချက်သည်လည်း ရန်သူ၏ အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲသင့်သည်"ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများသည်လည်း ဈေးကွက်နိုင်ငံ၏ မူဝါဒ၊ ဥပဒေများနှင့် စံချိန်စံညွှန်းများ၊ ဖောက်သည်များ၏ ဓလေ့ထုံးတမ်းများ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ စသည်တို့ကို လိုက်လျောညီထွေဖြစ်စေရန် လိုအပ်သည်။ နိုကီရာကုမ္ပဏီသည် ကီးပက်ဖုန်းများကို အောင်မြင်စွာ ထုတ်လုပ်ဖြန့်ချိခဲ့သော်လည်းစမတ်ဖုန်းများ ပေါ်ပေါက်လာသည့်အခါတွင် ဈေးကွက်၊ ဖောက်သည်နှင့် ခေတ်၏ပြောင်းလဲမှုများနှင့်အညီ လိုက်လျောညီထွေ ပြောင်းလဲခြင်းမပြုသဖြင့် နောက်ကျကျန်ခဲ့သည်ကို တွေ့နိုင်သည်။

**စိတ်ခံစားချက်မပါဘဲယုတ္တိဗေဒဖြင့် ဆုံးဖြတ်ခြင်း** ဟူသောအချက်မှာ စစ်တိုက်ရာတွင် အရေးပါသကဲ့သို့ စီးပွားရှာရာတွင်လည်း အရေးပါသည်ကို တွေ့နိုင်သည်။ စိတ်တိုဒေါသထွက်လျှင် ဆုံးဖြတ်ချက်အမှားများကို ချမှတ်မိတတ်ကြသည်။ ထို့အတူပင် သနားကရုဏာသက်လျှင်လည်း ဆုံးဖြတ်ချက်မှားယွင်းတတ်ကြသည်။ ထို့ကြောင့် စီးပွားရှာရာတွင်လည်း စိတ်ခံစားချက်ထက် လက်တွေ့ကျသော ယုတ္တိဗေဒဖြင့် သတင်းအချက်အလက်ပေါ်အခြေခံပြီး စဉ်းစားဆုံးဖြတ်သင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အထူးသဖြင့် ပြိုင်ဘက်လုပ်ငန်းနှင့် ယှဉ်ပြိုင်လုပ်ကိုင်ရာတွင် စိတ်တိုဒေါသထွက်အောင် လုပ်ကိုင်လာသည်မျိုးကို ခံစားချက်ဒေါသဖြင့် မဆုံးဖြတ်ဘဲ ချင့်ချိန်ဝေဖန်ပြီးမှ ဆုံးဖြတ်သင့်သည်ဟု ဆိုသည်။ ဆွန်ဇူး၏ အဆိုပါစာအုပ်တွင် ပါဝင်သော အလွယ်ဆုံးနည်းနှင့် အနိုင်ယူပါ၊ မတိုက်ခိုက်ဘဲနှင့်အနိုင်ယူပါ၊ ကိုယ့်ကိုကိုယ်ရော ရန်သူကိုပါသိပါ စသည့် အဆိုအမိန့်များသည် စစ်ရေးတွင်သာမက စီးပွားရေးတွင်လည်း အရေးပါလျက်ရှိသည်ကို တွေ့နိုင်သည်။

မှန်ကန်သော သတင်းအချက်အလက်များပေါ်တွင် အခြေခံပြီး စနစ်တကျ စဉ်းစားသုံးသပ်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းက လုပ်ငန်းကိုအောင်မြင်မှုဆီသို့ တွန်းပို့ပေးမည်ဖြစ်ပါသည်။ ထိရောက်ထက်မြက်သော အဆုံးအဖြတ်ကို ကာလကြာရှည်အောင် ဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည်။ ပြဿနာတစ်ခုကို အောင်မြင်အောင် ဆုံးဖြတ်နိုင်သော်လည်း အခြားသော ပြဿနာများကို ဆုံးဖြတ်ရာတွင် မကြာခဏမှားယွင်းနေလျှင် ဆုံးရှုံးမှုများ ကြုံတွေ့ရမည်ဖြစ်သည်။ အောင်မြင်သင့်သည့် အတိုင်းအတာထိ အောင်မြင်အောင် ဆုံးဖြတ်နိုင်ရမည်။ ထိရောက်သော ဆုံးဖြတ်ချက်များသည် မိမိ၏စီးပွားရေးလုပ်ငန်းကို အောင်မြင်သောအခြေအနေသို့ တွန်းတင်မည်ဖြစ်၍ အထက်ဖော်ပြပါအချက်များကို လိုက်နာကျင့်သုံးခြင်းဖြင့် ထိရောက်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည်။

**ကိုးကား**

- **ဆွန်ဇူး၏ Art of War**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၀၀ စိုက်ပျိုးမည်

**ကောလင်း စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၂၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၂၃၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၆၁ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၈၀၄ ဧက စုစုပေါင်း ဧက ၂၂၀၀ တို့ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ပဲတီစိမ်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထား ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေလဲရှိပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲတီစိမ်းစိုက်တောင်သူများကို ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။ (၂၀၆)

# ပေါင်းတည်မြို့နယ် သရက်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ၁၉ ဒသမ ၆ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် သရက်ခေါင်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၁ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို ငွေကျပ် ၁၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေထံမှ သိရသည်။

**သုတ**

## မြန်မာ့သဘင်

\- သုခုမ သဘင်ပညာ
မြေဝိုင်းမှာ ရှေးခလေ့၊
ခုနစ်ထွေ ရုပ်သေးကတို့
ထူးခြားလှပေ့။

\- သူငယ်တော် နတ်ဒိုးတွေ့လို့
စိတ်ချမ်းမြေ့ အကစုံလင်
ငြိမ့်နှစ်ပါးခွင်၊
မြိုင်ထနှင့် ဗုဒ္ဓဝင်
ရှုမြင်လို့ နွဲ့နွဲ့နှောင်း၊
ဘိုးဘွားတွေ အမွေနှစ်တို့
ထိန်းချစ်ပါကြောင်း။

\- ခေတ်လူငယ် စနစ်ပြောင်းလည်း
ထွတ်မြတ်ကောင်း အစွန့်ရှည်၊
ထိန်းသိမ်းအောင် လက်ဆင့်ကမ်းလို့
မြန်မာ့စွမ်းရည်၊
အနုအလှ ထင်ပေါ်သည်
စည်းဝါးတည် ထိုးဖောက်၊
နေလလို ရောင်ခြည်ရွှန်းသို့
ထွန်းထွန်းတောက်တောက်။ ။

ရင်ခတ်ပန်း(စွယ်တော်)

# စလင်းမြို့နယ် ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ပျိုးခင်းကုန်းကျေးရွာအုပ်စု ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှု ရှိ၊ မရှိ နှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ကုန်းတဲကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၈၄ ဦးအတွက် ငွေကျပ် ၁၀ သန်းကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမောင်မောင်သွင် ထံမှ သိရသည်။

**သန်းသန်းစိုး**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## နိုင်ငံတကာ သတင်းများ

# သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကာတာဝန်ကြီးချုပ်တို့ နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေး



**နယူးယောက် စက်တင်ဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် စက်တင်ဘာ ၁၂ ရက်တွင် နယူးယောက်မြို့၌ ကာတာဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ဟားမတ်စ်အုပ်စုခေါင်းဆောင်များကို အစ္စရေးနိုင်ငံက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် သမ္မတဒေါ်နယ်ထရမ့်နှင့် ကာတာဝန်ကြီးချုပ် ဘင်အယ်လ်သာနီနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ဟားမတ်စ်အုပ်စုခေါင်းဆောင်များကို စက်တင်ဘာ ၉ ရက်တွင် လေကြောင်းတိုက်ခိုက်မှုဖြင့်ရှင်းလင်းရန် ကြိုးပမ်းခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို အမေရိကန်နိုင်ငံနှင့် ကာတာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားက ဝေဖန်ရှုတ်ချခဲ့ကြသည်။

ကာတာနိုင်ငံသည် နှစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်သော အစ္စရေးနှင့်ဟားမတ်စ်အုပ်စုတို့ကြား ဂါဇာကမ်းမြောင်ပဋိပက္ခ ပြီးဆုံးရေးအတွက် ကြားဝင်ညှိနှိုင်းပေးနိုင်မည့်နိုင်ငံဖြစ်သည်။

ကာတာဝန်ကြီးချုပ် အယ်လ်သာနီသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေးတက်ရောက်ရန် နယူးယောက်မြို့သို့ရောက်ရှိနေစဉ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နီပေါနိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲသစ်များ ၂၀၂၆ ခုနှစ် မတ် ၅ ရက်တွင် ကျင်းပရန်စီစဉ်

**ခတ္တမန္ဒူ စက်တင်ဘာ ၁၃**

နီပေါသမ္မတ ရမ်ချန်ဒရာပေါ်ဒယ်လ်သည် စက်တင်ဘာ ၁၂ ရက်တွင် လွှတ်တော်ကိုဖျက်သိမ်းခဲ့ပြီး ရွေးကောက်ပွဲသစ်များကို ၂၀၂၆ ခုနှစ် မတ် ၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နီပေါယာယီဝန်ကြီးချုပ်အဖြစ် တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်ဟောင်း ဆူရှီလာကာကီကို ရွေးချယ်ခန့်အပ်ခဲ့ပြီး သမ္မတပေါ်ဒယ်လ်က လွှတ်တော်ကို ဖျက်သိမ်း၍ ရွေးကောက်ပွဲကျင်းပမည့်နေ့ကို ကြေညာခဲ့ခြင်းဖြစ်သည်။

ရက်သတ္တပတ်ကြာ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများကြောင့် ဝန်ကြီးချုပ်ရှာမားအော်လီရာထူးမှ နုတ်ထွက်ခဲ့ရပြီးနောက် နီပေါသမ္မတက ဆူရှီလာကာကီကို ယာယီဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ယခု ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများသည် နီပေါနိုင်ငံအတွင်း နှစ်ပေါင်းများစွာ အပြင်းထန်ဆုံး နိုင်ငံရေးပြဿနာဖြစ်ခဲ့ရကာ လူပေါင်းအနည်းဆုံး ၅၁ ဦး သေဆုံးခဲ့ရပြီး ဦးရေ ၁၃၀၀ကျော် ဒဏ်ရာများရရှိခဲ့သည်။

အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများနှင့် အကြမ်းဖက်မှုများသည် နီပေါဝန်ကြီးချုပ် ရှာမားအော်လီ စက်တင်ဘာ ၉ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် အဆုံးသတ်ခဲ့သည်။

နီပေါနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေးပြဿနာများနှင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အစ္စရေး-ပါလက်စတိုင်း နှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးကြေညာချက် ကုလသမဂ္ဂအထွေထွေညီလာခံ အတည်ပြု

**နယူးယောက် စက်တင်ဘာ ၁၃**

အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံ ယှဉ်တွဲရပ်တည်ရေးဆိုင်ရာကြေညာချက်ကိုကုလသမဂ္ဂအထွေထွေညီလာခံက စက်တင်ဘာ ၁၂ ရက်တွင် တစ်ခဲနက်အတည်ပြုခဲ့ကြောင်း သိရသည်။

စာမျက်နှာ ခုနစ်မျက်နှာပါ အဆိုပါကြေညာချက်ကို ပြင်သစ်နှင့် ဆော်ဒီအာရေဗျတို့ ဦးဆောင်၍ ယခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် နိုင်ငံတကာညီလာခံတစ်ခု၌ ရယူထားခြင်းဖြစ်သည်။



အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံ ယှဉ်တွဲရပ်တည်ရေးကြေညာချက်ကို စက်တင်ဘာ ၁၂ ရက်တွင် မဲခွဲရာ၌ အထွေထွေညီလာခံအဖွဲ့ဝင်နိုင်ငံများအနက် ၁၄၂ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသည်။

သို့ရာတွင် အစ္စရေးနှင့်မဟာမိတ် အမေရိကန်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း၁၀နိုင်ငံတို့က ကန့်ကွက်မဲများပေးခဲ့ကြသည်။

စက်တင်ဘာ ၁၂ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့သည့် ကြေညာချက်တွင် နှစ်နှစ်နီးပါးကြာ ဂါဇာပဋိပက္ခကို စတင်ခဲ့သည့် ဟားမတ်စ်အုပ်စုကိုလည်း ဝေဖန်ရှုတ်ချထားပြီး လက်နက်စွန့်လွှတ်ရန် တောင်းဆိုထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် အစ္စရေးနိုင်ငံတောင်ပိုင်းမြို့များကို အလစ်အငိုက်တိုက်ခိုက်ခဲ့ရာ နှစ်နှစ်နီးပါးကြာ ဂါဇာလမ်းမြောင်ပဋိပက္ခ စတင်ခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကွန်ဂိုနိုင်ငံ၌ ရေယာဉ်မီးလောင်မှုဖြစ်ပွား ၁၀၇ ဦးသေဆုံး၍ ၁၄၆ ဦးပျောက်ဆုံး

**ကင်ရှာဆာ စက်တင်ဘာ ၁၃**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အနောက်ပိုင်း၌ ရေယာဉ်တစ်စီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၁၀၇ဦး သေဆုံးခဲ့ရကြောင်း စက်တင်ဘာ ၁၂ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါရေယာဉ်သည် လူကိုလီလာဒေသ မာလန်ဂီကျေးရွာအနီး ကွန်ဂိုမြစ်ထဲတွင် စက်တင်ဘာ ၁၁ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ရေယာဉ်ပေါ် လိုက်ပါလာသူများအနက် ၁၀၇ ဦးသေဆုံးခဲ့ရပြီး ၁၄၆ ဦး ပျောက်ဆုံးနေကြောင်း ကွန်ဂိုအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ရှာဖွေကယ်ဆယ်ရေးသမားများအနေဖြင့် လူပေါင်း ၂၀၉ ဦးကို ကယ်တင်ထားနိုင်ကြောင်း သိရသည်။

အဆိုပါရေယာဉ် မီးလောင်မှုသည် မြစ်ကမ်းပါးရှိ လူနေအိမ်များကိုပါ ကူးစက်လောင်ကျွမ်းခဲ့သည်။

ကွန်ဂိုနိုင်ငံ၏ မိုးသစ်တောဒေသများ၌ အများပြည်သူများအနေဖြင့်သွားရေးလာရေးအတွက် မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို အားပြုနေရသည်။

သို့ရာတွင် ရေယာဉ်များပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း၊ ခရီးသည်နှင့်ကုန်စည်များကို သတ်မှတ်ချက်ထက် ပို၍တင်ဆောင်ခြင်း၊ ညပိုင်းမောင်းနှင်ခြင်းများကြောင့် ရေယာဉ် မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



# ယူနိုက်တက်လေကြောင်းလိုင်းခရီးသည်တင်လေယာဉ် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ အရေးပေါ်ဆင်းသက်

**တိုကျို စက်တင်ဘာ ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် ယူနိုက်တက်လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဖိလစ်ပိုင်နိုင်ငံ စီဘူးကျွန်းသို့ စက်တင်ဘာ ၁၂ ရက်က ဦးတည်ပျံသန်းနေစဉ် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

ဘိုးအင်း၇၃၇-၈၀၀ အမျိုးအစား အဆိုပါ ခရီးသည်တင်လေယာဉ်သည် တိုကျိုမြို့အနီး နာရီတာလေဆိပ်မှပျံတက်ခဲ့ပြီး မကြာမီ မှာပင် လေယာဉ်ကုန်သိုလှောင်ခန်း မီးလောင်မှု အချက်ပေးချက်ကြောင့် အိုဆာကာမြို့၌ အရေးပေါ်ဆင်းသက်ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် အိုဆာကာမြို့ ကန်ဆိုင်းနိုင်ငံတကာလေဆိပ်၌ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သော်လည်း ခရီးသည်နှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ကန်ဆိုင်းလေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်း ခရီးသည်တင်လေယာဉ်သည် တိုကျိုမြို့ နာရီတာလေဆိပ်မှ ပျံတက်ခဲ့ပြီးနောက် ပစိဖိတ်သမုဒ္ဒရာဒေသအထက် ရောက်ရှိနေစဉ် ကုန်သိုလှောင်ခန်း မီးလောင်မှုအချက်ပေးချက် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။


အဆိုပါ ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှုထမ်း၁၄၂ ဦးလိုက်ပါလာသည်။

ယူနိုက်တက် ခရီးသည်တင်လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ပြီးနောက် ကန်ဆိုင်းလေဆိပ်၌ ပြေးလမ်းနှစ်ခုကို ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ကွာအိုအာအမည်ရှိ ထူးဆန်းသောဂြိုဟ်သိမ်တွင် ဒုတိယမြောက် ဂြိုဟ်ရံလတစ်စင်း ရှိနေနိုင်



ဝါရှင်တန် စက်တင်ဘာ ၁၃

ကွာအိုအာအမည်ရှိ ထူးဆန်းသောဂြိုဟ်သိမ်တွင် ဒုတိယမြောက် ဂြိုဟ်ရံလတစ်စင်းရှိနေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားထားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကွာအိုအာဂြိုဟ်သိမ်တွင် ဒုတိယမြောက် ဂြိုဟ်ရံလသာမက တတိယမြောက်ဂြိုဟ်ရံလပင် ရှိနေနိုင်ကြောင်း သိရသည်။

ပလူတိုဂြိုဟ်၏ နေပတ်လမ်းအလွန်တွင်တည်ရှိသည့် ကွာအိုအာဂြိုဟ်သိမ်ကို ၂၀၀၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်သိမ်သည်အရွယ်အစားအားဖြင့် အချင်း ၆၈ မိုင်ရှိပြီး ခါးပတ်ကွင်းနှစ်ကွင်းလည်း ပိုင်ဆိုင်ထားသည်ဖြစ်ရာ သိပ္ပံပညာရှင်များ အထူးစိတ်ဝင်စားသည့် ဂြိုဟ်သိမ်ဖြစ်သည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ကွာအိုအာဂြိုဟ်သိမ်သည် ကမ္ဘာ့မြေနှစ်အားဖြင့် ၂၈၆ နှစ်လျှင်တစ်ပတ်ကျ နေကို လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရုရှားအာကာသအေဂျင်စီက နိုင်ငံတကာအာကာသစခန်းသို့ ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်တစ်စင်း လွှတ်တင်ခဲ့

မော်စကို စက်တင်ဘာ ၁၃

ရုရှား အာကာသအေဂျင်စီသည် နိုင်ငံတကာအာကာသစခန်းသို့ ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်တစ်စင်းကို စက်တင်ဘာ ၁၂ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပရိုဂရက်စ်-၉၃ အာကာသ ကုန်တင်ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ တစ်ဆင့် ဆိုယုဇ်-၂ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဆိုယုဇ်ဒုံးပျံသည် ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ်ကို ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။



ပရိုဂရက်စ်-၉၃ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်းလည်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ပရိုဂရက်စ်-၉၃ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာ၊ လောင်စာရည်နှင့် သိပ္ပံပညာစမ်းသပ်ပစ္စည်း စုစုပေါင်း ကုန်စည်အလေးချိန် ၂ ဒသမ ၈ တန် တင်ဆောင်ထားသည်။

ပရိုဂရက်စ်-၉၃ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ ဆိုက်ကပ်ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်ကျောက်သားများအတွင်း၌ ရှေးဟောင်းသက်ရှိများ၏ ဇီဝလက္ခဏာများကို ရှာဖွေတွေ့ရှိထား

ဝါရှင်တန် စက်တင်ဘာ ၁၃

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ကျောက်သားများအတွင်း၌ ရှေးဟောင်းသက်ရှိများ၏ ဇီဝလက္ခဏာများကို ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းမှ ရယူထားသောကျောက်သားနမူနာ တစ်မျိုးထဲတွင် vivianite နှင့် greigite ခေါ် တွင်းထွက်ဓာတ်များပါဝင်နေကြောင်း သိရသည်။

အထက်ပါ တွင်းထွက်ဓာတ်နှစ်မျိုးသည် ဇီဝရုပ်များပါဝင်နေသော ဓာတုတုံ့ပြန်မှုတစ်ရပ်ကြောင့်သာ ပေါ်ထွက်လာနိုင်သည့် တွင်းထွက်ဓာတ်များဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါတွင်းထွက်ဓာတ်နှစ်မျိုးရှိနေသော ကျောက်သားသည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ရေဓာတ်တည်ရှိခဲ့သည့်ကာလ လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၂ ဘီလီယံနှင့် ၃ ဒသမ ၈ ဘီလီယံကြားစတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့သော ကျောက်သားများဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်မှစ၍ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ စူးစမ်းလေ့လာမှုများ စတင်ပြုလုပ်ခဲ့သည်။

အင်္ဂါဂြိုဟ်မြောက်ယဉ်စွန်းတန်းဒေသ၌ တည်ရှိသည့် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေသည် ရှေးခေတ်ရေကန်ကြီးတစ်ခု တည်ရှိခဲ့ရာနယ်မြေဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## သွေးဖိအား ပုံမှန်ထက်မြင့်တက်နေသည့်ကလေးများ အသက် ၅၀ ခန့်အရောက်တွင် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် စက်တင်ဘာ ၁၃

အသက် ခုနစ်နှစ်အရွယ်၌ သွေးဖိအားပုံမှန်ထက်မြင့်တက်နေသည့် ကလေးများအနေဖြင့် အသက် ၅၀ ခန့် အရောက်တွင် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၂ ရက်သတင်းများတွင် ရေးသားထားသည်။

အမေရိကန်နိုင်ငံ နေ့ဒ်သဲဝက်ခ်သမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကလေးဘဝ သွေးဖိအားပုံမှန်ထက်မြင့်မားသူသည် အသက်ရလာချိန် နှလုံးကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေကြောင်း သိရသည်။

ကလေးဘဝ၌ သွေးဖိအားပုံမှန်ထက် မြင့်မားခဲ့သူများအနေဖြင့် အသက် ၅၀ ခန့် အရောက်တွင် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်ကြားကာလအတွင်း မွေးဖွားလာသည့် ကလေးများ၏ ကလေးဘဝ သွေးဖိအားအခြေအနေနှင့် လူကြီးဘဝ ကျန်းမာရေးအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## သက်လတ်ပိုင်းများ ကျန်းမာရေးအလေ့အထများ ကျင့်သုံးပါက ဝမ်းချုပ်နိုင်ခြေ လျှော့ချပေးနိုင်

ပေကျင်း စက်တင်ဘာ ၁၃

သက်လတ်ပိုင်းများအနေဖြင့် တစ်ညအိပ်စက်ချိန် အနည်းဆုံး ခုနစ်နာရီထားရှိမှုအပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အထများကျင့်သုံးပါက ဝမ်းချုပ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားထားသည်။

ဝမ်းချုပ်မှုပြဿနာသည် သက်လတ်ပိုင်းများကြား အဖြစ်များသည့် အစာခြေလမ်းကြောင်းစနစ်ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ပြီး အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေနှင့် ဆက်စပ်နေတတ်သည်။

ဆေးလိပ်သောက်သုံးမှု၊ အရက်သောက်သုံးမှုတို့ကို ရှောင်ရှားခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အိပ်ရေးဝဝအိပ်စက်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ စားသုံးမှုတို့သည် ဝမ်းချုပ်မှုပြဿနာကို တားဆီးရာတွင် အထောက်အကူပြုကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

သက်လတ်ပိုင်းအရွယ်ရှိသူများအနေဖြင့် အထက်ပါအလေ့အကျင့်များအနက် အနည်းဆုံးသုံးမျိုးကို လိုက်နာပါက ဝမ်းချုပ်မှုကို ၄၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဝမ်းချုပ်မှုပြဿနာသည် အရွယ်ရောက်သူ ခုနစ်ဦးလျှင် တစ်ဦးရင်ဆိုင်နေရသည့် အစာခြေလမ်းကြောင်း ပြဿနာတစ်ရပ်ဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၅ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်ဒို ထိပ်ဆုံးဌရပ်တည်

# မန်စီးတီးအသင်းက ရီကိုလူးဝစ်ကို နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**မန်ချက်စတာ စက်တင်ဘာ ၁၃**

မန်စီးတီး အသင်းသည် အသင်းမှ လူငယ်ကစားသမားကောင်းများကို ကာလရှည် ထိန်းသိမ်း လိုသည့်အတွက် လူငယ်ကစားသမား ရီကိုလူးဝစ်ကိုလည်း နောက်ထပ်သက်တမ်း နှစ်နှစ်တိုးရန် ဆွေးနွေးခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ရီကိုလူးဝစ်သည် အသင်းနှင့် လာမည့် ၂၀၂၈ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ကစားသမား၏ ခြေစွမ်းပိုင်းကြောင့် ထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာသဖြင့် မန်စီးတီး အသင်းက ဆက်လက်ထိန်းသိမ်းရန်ကြိုးပမ်းခဲ့ပြီး နောက်ထပ် နှစ်နှစ် သက်တမ်းတိုးနိုင်ရန် သဘောတူညီမှုရယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၀ ရှိရီကိုလူးဝစ်သည် အသက်ရှစ်နှစ်အရွယ်ကတည်းက မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက နော်တင်ဟမ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ၎င်းက အသင်းမှ ထွက်ခွာရန် ငြင်းဆိုခဲ့ကာ အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သဖြင့် အသင်းအနေဖြင့် ၎င်း၏ အသင်းပေါ်သစ္စာစောင့်သိမှုကို ချီးမြှောက်လိုသည့်အတွက် သက်တမ်းနှစ်နှစ်တိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ရီကိုလူးဝစ်သည် စီနီယာအသင်းကြီးနှင့်အတူ ၂၀၂၂ ခုနှစ်က စတင်ပွဲထွက်ခွင့် ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၉၇ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ငါးဂိုး သွင်းယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ယူအီးအက်ဖ်အေ စူပါဖလား တစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား တစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ ပရီးမီးယားလိဂ်ဖလား နှစ်ကြိမ်၊ ကွန်မြူနတီဒိုင်းတစ်ကြိမ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML





## အားကစားသတင်းအတိုအထွာများ

- ဂျူဗင်တပ်အသင်းက လာမည့် ၂၀၂၆ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူး ဗလာဟိုဗစ်၏နေရာတွင် မန်ယူအသင်းမှရောင်းချမည့် တိုက်စစ်မှူး ဇက်ခ်ဇီးနှင့် အစားထိုးရန် ကြိုးပမ်းလျက်ရှိသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည့် ခံစစ်ကစားသမား ဆာလီဘာကို အာဆင်နယ်အသင်းက ငါးနှစ်သက်တမ်းစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ပြီး သဘောတူညီမှုရရှိရန်သေချာနေကြောင်း သိရသည်။
- အေတီကိုအသင်း တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို ပရီးမီးယားလိဂ်ကလပ်အသင်းများက မက်လုံးပေးကမ်းလှမ်းမှုများ ရှိခဲ့သော်လည်း ကစားသမားအနေဖြင့် လာလီဂါတွင် ကစားလိုသည့်အတွက် ၂၀၂၆ ခုနှစ်တွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ML

**ရီယာ့ဒ် စက်တင်ဘာ ၁၃**





Forbes မဂ္ဂဇင်းက ၂၀၂၅ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် ဝင်ငွေအကောင်းဆုံး အားကစားသမား စာရင်းတွင်တိုက်စစ်မှူး စီရော်နယ်ဒိုက ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ဆော်ဒီပရိုလိဂ် အယ်နာဆာ အသင်းတွင် ကစားနေသည့် တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာ ဝင်ငွေမှာ စတာလင်ပေါင် ၁၉၂ ဒသမ ၄၀ သန်းထိ ရှိခဲ့သဖြင့် အားကစားလောကတွင် ဝင်ငွေအကောင်းဆုံး ကစားသမားအဖြစ် ဆက်လက် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ဘက်ဟောင်း တိုက်စစ်မှူး မက်ဆီ၏ဝင်ငွေထက် နှစ်ဆနီးပါးထိ ရှိခဲ့သည်။

အင်တာမီယာမီ အသင်းတွင် ကစားနေသည့် တိုက်စစ်မှူး မက်ဆီသည် ၂၀၂၅ ခုနှစ်က ဝင်ငွေ စုစုပေါင်း စတာလင်ပေါင် ၉၉ ဒသမ ၉၀ သန်းသာ ရှိခဲ့သောကြောင့် ဝင်ငွေအကောင်းဆုံး ကစားသမား စာရင်းတွင် အဆင့်(၃)တွင်သာ ရပ်တည်နိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်အတွက် ဝင်ငွေ အကောင်းဆုံး ကစားသမား စာရင်းတွင် ဘောလုံးလောကမှ ကစားသမားများ အများဆုံးပါဝင်ခဲ့ပြီး တိုက်စစ်မှူး စီရော်နယ်ဒိုက အဆင့်(၁)၊ တိုက်စစ်မှူး မက်ဆီက အဆင့်(၃)၊ တိုက်စစ်မှူး အမ်ဘက်ပီက စတာလင်ပေါင် ၈၁ ဒသမ ၄ သန်းဖြင့် အဆင့်(၆)၊ တိုက်စစ်မှူး နေမာက စတာလင်ပေါင် ၇၉ ဒသမ ၉၂ သန်းဖြင့် အဆင့်(၇)၊ တိုက်စစ်မှူး ဘင်ဇီးမားက စတာလင်ပေါင် ၇၈ ဒသမ ၄၄ သန်းဖြင့် အဆင့်(၈) တို့တွင် ရပ်တည်နိုင်ခဲ့ပြီး စီရော်နယ်ဒိုက တိုက်စစ်မှူး မက်ဆီထက် နှစ်နှစ်ဆက်တိုက် ဝင်ငွေအကောင်းဆုံး ကစားသမား စာရင်းတွင် ဦးဆောင်နိုင်ခဲ့သည်။

ဝင်ငွေအကောင်းဆုံး ကစားသမားကို ရွေးချယ်ရာတွင် ကစားသမားတစ်ဦး၏ လုပ်ခလစာတွင်သာမဟုတ်ဘဲ ကွင်းအတွင်း၊ ကွင်းအပြင်ဝင်ငွေများနှင့် အခြားအမှတ်တံဆိပ်များနှင့် စပွန်ဆာချုပ်ဆိုမှုမှ ရရှိသည့် ဝင်ငွေများကိုလည်း ထည့်သွင်းတွက်ချက်ခဲ့သောကြောင့် စီရော်နယ်ဒိုက ၂၀၂၃ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ဝင်ငွေအကောင်းဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ခံစစ်ကစားသမား ရူဒီဂါ ဒဏ်ရာကြောင့် သုံးလခန့်အနားယူရမည်ဟု ရီးရဲလ်မက်ဒရစ် ထုတ်ပြန်

**မက်ဒရစ် စက်တင်ဘာ ၁၃**

ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ရူဒီဂါသည် ဂျာမနီအသင်းနှင့် နိုင်ငံတကာပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ပြီးနောက် အသင်းနှင့် ပူးပေါင်းချိန်တွင် ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့သဖြင့် ဒီဇင်ဘာလကုန်ထိ အနားယူရမည်ဖြစ်သည်။

ခံစစ်ကစားသမား ရူဒီဂါသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရသူဖြစ်ပြီး နည်းပြ အလွန်ဆိုလက်ထက်တွင် အသင်းနှင့်ပြန်လည်ပါဝင်လာခဲ့သော်လည်း ကစားပုံကျဆင်းခဲ့သဖြင့် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲနေခြင်းဖြစ်သည်။

၎င်းသည် အလွန်ဆိုလက်အောက်တွင် အဓိကကစားသမားတစ်ဦးအဖြစ် ရှိနေသော်လည်း ပုံမှန်ပွဲကစားခွင့်ရရှိရန် ကြိုးစားနေရပြီး ယခုအခါ နောက်ထပ် ဒဏ်ရာပြဿနာ ထပ်မံ ကြုံတွေ့ခဲ့ရသောကြောင့် စိတ်ပျက်လျက်ရှိကာ ဒဏ်ရာအခြေအနေမှာ လာမည့် ဒီဇင်ဘာလကုန်ထိ သုံးလခန့်အနားယူရဖွယ်ရှိကြောင်း သိရသည်။

လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်ပိုင်းတွင် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသည့် အလာဘာနှင့် မီလီတာအိုတို့ရှိနေသည့်အပြင် လူငယ်ကစားသမား ဟူအီဆန်လည်း ပါဝင်ကစားနိုင်သည့်အတွက် ခံစစ်ပိုင်းအတွက် အခက်အခဲ မရှိနိုင်သော်လည်း အသင်း၏ ပွဲစဉ် ရေးဆွဲမှုအရ သုံးရက်တွင် တစ်ကြိမ် ပြိုင်ပွဲတစ်ပွဲ ကစားရမည် ဖြစ်သောကြောင့် အဆိုပါကစားသမား ဒဏ်ရာရရှိပါက ခံစစ်ပိုင်းအခက်တွေ့မည်ဖြစ်ကြောင်း သိရသည်။

Ref : Realmadrid News

Trs : ML

# PGA Procore Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘင်ဂျာမင် ဦးဆောင်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် PGA Procore Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘင်ဂျာမင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။





အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဂျက်ဆင်နှင့် ဟန်လေတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် လန်တိုနှင့် ဂျေဂျေစပေါင်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဘင်ဂျာမင်သည် ဒုတိယနေ့တွင် Birdie ရိုက်ချက် ခြောက်ကျင်းထိရရှိခဲ့ပြီး Bogey-free ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ခြင်းလည်း ဖြစ်သည်။

ဘင်ဂျာမင်သည် Ryder Cup ဂေါက်သီးရိုက် ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းတွင် Captain’s Pick စာရင်း၌ ပါဝင်ခွင့်ရခဲ့သူဖြစ်ပြီး အမေရိကန်အသင်းနှင့်အတူ Ryder Cup ပြိုင်ပွဲဝင်နိုင်ကြောင်းကိုလည်း PGA Procore Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သက်သေပြလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : AZL

# ချဲလ်ဆီးအသင်း အဓိက ကစားသမား ဒီလက်ဖ် တံကောက်ကြောဒဏ်ရာကြောင့် ယခုနှစ်ကုန်ထိ အနားယူရမည်



**လန်ဒန် စက်တင်ဘာ ၁၃**

ချဲလ်ဆီးအသင်း အဓိက ကွင်းလယ်ကစားသမား ဒီလက်ဖ်သည် တံကောက်ကြောဒဏ်ရာကြောင့် ယခုနှစ်ကုန်ပိုင်းထိ အနားယူရမည် ဖြစ်ကြောင်း သိရသည်။

ဒီလက်ဖ်သည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အစ်ဗ့်စ်ချ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ရာသီအစပိုင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ဒီလက်ဖ်သည် ပြီးခဲ့သည့် လန်ဒန်ဒါဘီပွဲစဉ်အဖြစ် ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ပွဲစဉ် ပွဲချိန် ၁၄ မိနစ်၌ တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီးနောက် အနားယူခဲ့ရကာ အသေးစိတ် စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်း ဒီဇင်ဘာလကုန်ထိ အနားယူရမည် ဖြစ်သည်။

ချဲလ်ဆီးအသင်းက ဒီလက်ဖ် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည် ဖြစ်သည့်အတွက် ဆန်းဒါးလန်းအသင်းထံ အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် လူငယ် တိုက်စစ်ကစားသမား မာ့ခ်ဂူရီကို အသင်းထံ ပြန်လည်ခေါ်ယူခဲ့သည်။

ချဲလ်ဆီးအသင်းတွင် ဒီလက်ဖ် အနေဖြင့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သော်လည်း ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် ကိုးလ်ပယ်မာ အနေဖြင့် မကြာမီ ပြန်လည်ပါဝင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : STA**

# ကစားသမားစာရင်း မှတ်ပုံတင်ထားသည့် ကစားသမားတစ်ဦး ကာလရှည်အနားယူရပါက ကစားသမားအစားထိုးရန် ယူအီးအက်ဖ်အေ ခွင့်ပြုပေး

**ဇူးရစ် စက်တင်ဘာ ၁၃**

ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က အသင်းကစားသမားစာရင်းတွင် တရားဝင်ကစားသမားစာရင်း မှတ်ပုံတင်သွင်းထားသည့် ကစားသမားတစ်ဦး ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရပါက မှတ်ပုံတင်ထားခြင်းမရှိသည့် ကစားသမားတစ်ဦးနှင့် အစားထိုးနိုင်ရန် အတွက် ခွင့်ပြုပေးခဲ့သည်။

အစောပိုင်း၌ ဥရောပဘောလုံးအဖွဲ့ချုပ်က ချန်ပီယံလိဂ်ပြိုင်ပွဲ အပါအဝင် သက်ဆိုင်ရာလိဂ်ပြိုင်ပွဲများတွင် ပြိုင်ပွဲမတိုင်မီ တရားဝင်ကစားသမားစာရင်း မှတ်ပုံတင်ထားသည့်ကစားသမားများကိုသာ အသုံးပြုခွင့်ပေးပြီး ကစားသမားစာရင်း မှတ်ပုံတင်ထားခြင်းမရှိသည့် ကစားသမားများကို အသုံးပြုခွင့်ပိတ်ပင်ထားခြင်းဖြစ်သည်။

ဥရောပထိပ်တန်းကလပ်အသင်းကြီးများအနေဖြင့် သက်ဆိုင်ရာပြည်တွင်းပြိုင်ပွဲများအပြင် ဥရောပအဆင့်ပြိုင်ပွဲများကိုပါ ကစားနေရပြီး ကစားသမားစာရင်း မှတ်ပုံတင်ထားသည့် အသင်းမှ အဓိက ကစားသမားတစ်ဦးဒဏ်ရာကြောင့် ကာလရှည်အနားယူရချိန်တွင် ကစားသမား အစားထိုးခွင့်မရှိသည့်အတွက် ကစားသမားစာရင်းအင်အားပိုင်းအားနည်းချက်များဖြစ်ပေါ်နေခြင်းဖြစ်သည်။

ယခုအခါ ဥရောပဘောလုံးအဖွဲ့ချုပ်က စည်းမျဉ်းပြောင်းလဲခဲ့ပြီး တရားဝင်ကစားသမားစာရင်း မှတ်ပုံတင်ထားခြင်း မရှိသည့် ကစားသမားတစ်ဦးနှင့် အစားထိုးခွင့်ပေးပြီး ဖြေလျှော့ပေးခဲ့သောကြောင့် ဥရောပမှထိပ်တန်းအသင်းကြီးများအတွက် အားသာချက်တစ်ရပ် ဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် လူငယ်တိုက်စစ်မှူး ရိုဒရီဂိုကို ခေါ်ယူပေးရန် အသင်းတာဝန်ရှိသူများထံ တောင်းဆို

**မန်ချက်စတာ စက်တင်ဘာ ၁၃**

မန်စီးတီး အသင်းနည်းပြ ဂွါဒီယိုလာက လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် လူငယ်တိုက်စစ်ကစားသမား ရိုဒရီဂိုကို ခေါ်ယူပေးရန်အတွက် အသင်း တာဝန်ရှိသူများထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

ရိုဒရီဂိုသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းနှင့် အနာဂတ် မရေမရာဖြစ်ခဲ့ပြီး နောက် အသင်းမှထွက်ခွာရန် သတင်းများထွက်ပေါ်ခဲ့ပြီး မန်စီးတီးအသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းသည် အစောပိုင်းက အသင်းတောင်ပံတိုက်စစ်ပိုင်းတွင် ဆာဗီယိုကို ရောင်းချပြီး ရိုဒရီဂိုကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် ဆာဗီယိုကို ရောင်းချမည့် အစီအစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာက အသင်း တိုက်စစ်ပိုင်းကို အပြောင်းအလဲလုပ်ဆောင်လို နေသောကြောင့် အသင်း တိုက်စစ်ပိုင်းအတွက် လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ ကာလတွင် ဆာဗီယိုကိုရောင်းချပြီး ရိုဒရီဂိုကို ပြန်လည်ခေါ်ယူပေးရန်အသင်းထံ တောင်းဆိုခဲ့ခြင်းဖြစ်သည်။




ရိုဒရီဂို ကိုယ်တိုင်ကလည်း နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အသင်းမှ မထွက်ခွာ နိုင်ခဲ့သည့်အတွက် ဘာရာဇီးအသင်းတွင် ကစားခွင့် ရရှိရန် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# World Boxing Championships
## လက်ဝှေ့ပြိုင်ပွဲ အမျိုးသမီး ၆၅ ကီလိုဝိတ်တန်းတွင် အိုင်ယာလန်လက်ဝှေ့မယ် ဂရာနီ ကြေးတံဆိပ်ဆွတ်ခူး

**လီဗာပူး စက်တင်ဘာ ၁၃**

အင်္ဂလန်နိုင်ငံ လီဗာပူးမြို့တွင် ကျင်းပနေသည့် World Boxing Championships လက်ဝှေ့ပြိုင်ပွဲ၏ အမျိုးသမီး ၆၅ ကီလိုဝိတ်တန်း ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် အိုင်ယာလန်နိုင်ငံ ကိုယ်စားပြု လက်ဝှေ့မယ် ဂရာနီနှင့် ကာဇက်စတန်လက်ဝှေ့မယ် အဘီကီယီဗာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အဘီကီယီဗာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရာနီသည် ၆၅ကီလိုဝိတ်တန်းအတွက် နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့် မတိုင်မီထိ အကောင်းဆုံးပုံစံ ပြသထားနိုင်သည့် ပြိုင်ပွဲဝင်ဖြစ်သော်လည်း အဘီကီယီဗာနှင့် ပွဲစဉ်တွင် ပထမအချီ၌သာ အပြန်အလှန်ထိုးသတ်နိုင်ခဲ့ပြီး ကျန်သော အချီများ၌ အဘီကီယီဗာက တစ်ဖက်သတ်ဖိအားပေးထိုးသတ်နိုင်ခဲ့သည်။

ဂရာနီသည် ရွှေတံဆိပ်ဆုကို မျှော်မှန်းထားသော်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်ခဲ့သည့်အတွက် ဆီမီးဖိုင်နယ်ပွဲစဉ် နှစ်ပွဲတွင် ရှုံးနိမ့်ခဲ့သော ကစားသမားများက ကြေးတံဆိပ်ဆုသာ ဆွတ်ခူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဂရာနီက “တကယ်ကို ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ ကျွန်မအနေနဲ့ ရစ်သမ် လုံးဝကို မမိခဲ့ဘူး။ ရက်ဗီးလ်မှာ ပြီးခဲ့တဲ့ ရက်သတ္တနှစ်ပတ်က Sparring အကောင်းဆုံး လုပ်နိုင်ခဲ့တယ်။ Game Plan တွေလည်း သေချာပြင်ဆင်နိုင်ခဲ့ပေမယ့်လည်း ပြိုင်ပွဲမှာ ထင်ထားတာထက်ပိုပြီးတော့ ခက်ခဲခဲ့ပါတယ်။ အဘီကီယီဗာဟာ အနိုင်ရလဒ်နဲ့ ထိုက်တန်ပါတယ်” ဟု ပြောကြား ခဲ့ကြောင်း သိရသည်။

**Ref : RTE**
**Trs : AZL**

# Sao Paulo Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ရီနာတာ တက်ရောက်

**ဆာပေါ်လို စက်တင်ဘာ ၁၃**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုမြို့တွင် ကျင်းပနေသည့် Sao Paulo Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် တစ်ပွဲအဖြစ် ဘရာဇီးအဆင့်(၁) တင်းနစ်မယ် ဟက်ဒက်မိုင်အာနှင့် မက္ကဆီကိုတင်းနစ်မယ် ရီနာတာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီနာတာက ထင်မှတ်မထားသော စွမ်းဆောင်ရည်မျိုးပြသကာ(၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရီနာတာသည် ယခုနှစ်အတွင်း စွမ်းဆောင်ရည်ကောင်းများ ပြသထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး US Open တင်းနစ်ပြိုင်ပွဲတွင် အိမ်ရှင်တင်းနစ်မယ်ဖြစ်သူ မက်ဒီဆန်ကီးအား ပထမအဆင့်တွင် အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

ရီနာတာသည် Sao Paulo Open တင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၅)အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး နိုင်ခြေအဆင့်(၁) သတ်မှတ်ခံထားရသူ ဟက်ဒက်မိုင်အာအား အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲချိန် ၂ နာရီ ၁၅ မိနစ်ထိ ကြာမြင့်အောင်ကစားခဲ့ရသည်။

ရီနာတာက “ဟက်ဒက်မာ ထိပ်တန်းကစားသမားတစ်ယောက်ပါ။ ဒီပွဲစဉ်ဟာ ကျွန်မအတွက် ခက်ခဲမယ်ဆိုတာ ကြိုသိပြီးသားပါ။ ဒီပွဲစဉ်အတွက် အများကြီး ပြင်ဆင်ခဲ့ရသလို ပွဲအပေါ်မှာလည်း သေချာ အာရုံစိုက်ခဲ့ရတယ်။ ပွဲကစားချိန်ကြာမြင့်ခဲ့တဲ့အတွက် နည်းနည်းတော့ ပင်ပန်းတယ်။ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်” ဟု ပြောကြားခဲ့သည်။

ရီနာတာသည် ဆီမီးဖိုင်နယ် အဆင့်တွင် ပြင်သစ်တင်းနစ်မယ် ရာကိုတိုမန်ဂါနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရာကိုတိုမန်ဂါသည် ကွာတားဖိုင်နယ် အဆင့်တွင် ဟန်ဂေရီတင်းနစ်မယ်ပန်နာအား (၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sportskeeda**
**Trs : AZL**

**ဆူးသစ်**

# သက်ရှိဘုရား

ကျွန်တော်ငယ်ငယ်က ခဏခဏစိတ်ကောက်ခဲ့ဖူးသည်။ ကောက်သည်က အခြားသူကိုမဟုတ် မိဘများကိုဖြစ်၏။ လိုချင်သည်ကိုမပေး၍၊ မလုပ်ချင်သည်ကိုခိုင်း၍၊ မဆူသင့်သည်ကို ဆူသည်ထင်၍ စသည်ဖြင့် အကြောင်းအရာမျိုးစုံနှင့် စိတ်ကောက်ခဲ့သည်။ အသက် ၂၆ နှစ်ခန့်ရောက်လာတော့ တည်ငြိမ်လာပြီဟုယူဆရသောစိတ်မှာ အဆိုး၊ အကောင်းကို ဝေခွဲတတ်လာပြီဖြစ်ရာ ငယ်စဉ်ကအကြောင်းများ တွေးမိတိုင်း ရှက်သလိုပင်။

တကယ်တော့ ကျွန်တော့်ကို ပတ်ဝန်းကျင်က သားလိမ္မာတစ်ယောက်ဟု မြင်ကြသည်။ သေသေချာချာတွေးလေ ကျွန်တော်က မသိမသာနှင့်ဆိုးသော သားဆိုးတစ်ယောက်ဖြစ်ခဲ့သည်မှာ အသေအချာ။

ဆယ်တန်းနှစ်မှာ အမေက ကျွန်တော့်ကို ဂရုတစိုက်နှင့် လိုလေသေးမရှိ ပြည့်စုံအောင်စီမံပေးနေသည့်ကြားမှ ရံဖန်ရံခါလစ်ဟာသွားလျှင် ကျွန်တော့်ကိုဂရုမစိုက်ဘဲ ကျန်မွေးချင်းနှစ်ဦးကိုသာ ဂရုစိုက်သည်ဟုထင်ခဲ့၏။ အမေ့ကို စကားမပြောသောအခါ အမေ မျက်ရည်ကျခဲ့ရသည်။

နောက်တစ်ခုက အဖေနှင့်ကိစ္စ။ ကျွန်တော်က စာရေးဆရာဖြစ်ချင်စိတ်ပြင်းလွန်းနေချိန်၊ လက်ထဲတွင် လုံးချင်းဝတ္ထုများကိုင်ပြီး ထုတ်ဝေရန်စိတ်ပြင်းပြနေချိန်၊ ထိုဝတ္ထုများကိုထုတ်ရလျှင် မိသားစုစားဝတ်နေရေး ပြေလည်မည်ဆိုသောအတွေးမျိုး တရစပ်ဝင်နေချိန်တွင် အဖေက စာအုပ်တိုက်တစ်တိုက်မှာ အလုပ်လုပ်နေ၍ ပြောပေးရန် သို့မဟုတ် အဖေနှင့်ရင်းနှီးသောစာအုပ်တိုက်များကို ဆက်သွယ်ပေးရန် ပြောခဲ့ဖူးသည်။ ထိုအချိန်မှာ အိမ်က အစ်ကိုက အလုပ်မရှိဘဲ လေနေချိန်ဖြစ်၍ သူ့ကိုလည်း ကျွန်တော်က အမြင်မကြည်ရာ သူနှင့်ကျွန်တော် စကားမပြောကြချိန်၊ မထင်မှတ်ဘဲ ရန်ဖြစ်ရာမှ အဖေက ကျွန်တော့်ကို ဆွဲထိုးပါလေသည်။

ကျွန်တော့်စိတ်ထဲတွင် အိမ်အတွက် ငွေရှာပေးချင်သောသူကို နှိပ်ကွပ်ပြီး လေနေသောသူကို မျက်နှာလိုက်သည်ဟုတွေးကာ အဖေ့ကို မကျေနပ်။ အဖေကိုယ်တိုင် စာအုပ်တိုက်အဆက်အသွယ်ရှိလျက် စာအုပ်ထုတ်ရန် မပြောပေးခြင်း၊ အစ်ကို့ကို ကျတော့ ဘာမျှမခိုင်းခြင်း စသည်ဖြင့် ရင်ထဲမှာရှိသမျှ သွန်ထုတ်ပါလေတော့သည်။ ထိုအခါ အဖေ ရှိုက်ကြီးတငင်ငိုကြွေးပါသည်။

မှတ်မှတ်ရရ ညီအစ်ကို သုံးယောက်ရှိသည့်အထဲမှာ ကျွန်တော့်ကြောင့် အဖေနှင့်အမေ မျက်ရည်ကျခဲ့ဖူးပါလားဟု နောင်အခါမှာ ပြန်တွေးမိတိုင်း စိတ်မကောင်းဖြစ်ကာ နောင်တရမိသည်။ အမှန်တော့ ဤသို့ဖြစ်ခဲ့ရသည်မှာ ကျွန်တော်က သားသမီးဆိုသောအခွင့်အရေးတစ်ခုကို မိမိရရဆုပ်ကိုင်ကာ မိမိလုပ်သည်များအမှန်ပင်ဆိုသောသဘောနှင့် မိမိဘက်သာတွေးခဲ့ပြီး မိဘများဘက်ကို နည်းနည်းမျှ ထည့်မစဉ်းစားခဲ့ခြင်းကြောင့်ပင်။

လောကကြီးထဲမှာရှိသော လူများအားလုံး မိဘရှိကြသည်။ မိဘများ၏ကျေးဇူးတရား မည်မျှကြီးမားသည်ကိုလည်း စာတွေ့၊ ငါတွေ့ တွေ့ဖူးကြသည်။ သို့သော် ကျွန်တော်တို့က သားသမီးဆိုသောအခွင့်အရေးကိုအပြည့်အဝယူကာ မိဘတို့၏ကျေးဇူးတရားကို မသိသလိုလုပ်ခဲ့ကြသည်။ ထို့ကြောင့်လည်း သိသိနှင့်မှားခြင်းမျိုးများ လူတိုင်းလိုလို မှားခဲ့ကြသည်မဟုတ်လား။ အပြစ်ချင်းသာကွာချင်ကွာမည်။ စင်းလုံးချောသားသမီးမျိုး သည်ဘက်ခေတ်တွင် ပို၍ရှားပါးလာသည်ကတော့ အသေအချာပင်။

ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ)မှာ တက်နေသော သူငယ်ချင်းတချို့နှင့် ကျွန်တော် မကြာခဏဆုံဖြစ်ခဲ့ရာ ယခင်ဆေးကျောင်းသားတက်စက ဘာမျှမဆိုခဲ့သော သူငယ်ချင်းများက သည်နောက်ဆုံးနှစ်ရောက်မှ "အမေတွေကို ဂရုစိုက်" "အမေတွေ သိပ်သနားဖို့ကောင်းတယ်"ဆိုသော စကားမျိုးများထွက်လာ၍ ကျွန်တော်အံ့သြစွာမေးခဲ့ရသည်။ သည်တော့မှ အကြောင်းက ပေါ်လာ၏။

သူတို့ နောက်ဆုံးနှစ်ရောက်ချိန်တွင် ကလေးမွေးခြင်းကို စတင်လေ့လာရသည်။ မိခင်တစ်ယောက်က သားသမီးတစ်ယောက်ကို မွေးထုတ်ရသောဒုက္ခ မည်မျှကြီးသည်ကို လက်တွေ့သိမြင်လိုက်ရ၍ အလွန်ပင်ခံစားရသည်။ ထိုအချိန်မှစ၍ အမေများကိုသနားပြီး ပို၍ဂရုစိုက်မိကြောင်း ပြောပြခဲ့လေသည်။

**❖ လောကကြီးမှာ အစားထိုး၍မရသည်မှာ မိဘနှင့် အချိန်ပင်။ သက်ရှိဘုရားမိဘများကို အမှုမဲ့အမှတ်မဲ့နေခဲ့ကြ၊ ဥပေက္ခာပြုလျစ်လျူရှုခဲ့ကြပြီး မိဘများကွယ်လွန်မှ နောင်တရ၊ တမ်းတကြေကွဲနေလို့ကတော့ အချည်းနှီးသာပင်။ ယခု ကျွန်တော်တို့တွင် သက်ရှိထင်ရှား မိဘများ ရှိနေသူအများကြီးပင်။ "အဖေတို့၊ အမေတို့အပေါ် ကျွန်တော်၊ ကျွန်မတို့ပြုမူခဲ့သောအပြစ်တွေ ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"ဆိုလျှင် မိဘများက "ဘာအပြစ်မှ မရှိပါဘူး။ ရှိခဲ့ရင်လဲ ခွင့်လွှတ်ပါတယ်"ဆိုလာစဉ် ကြား၍ခံစားရသောအရသာကို မိဘကို ကန်တော့ရန်မေ့နေသောလူငယ်များ ခံစားကြည့်စေချင်ပါသည်။❖**

အမှန်တွင် သူတို့ပြောသည်မှာ မွေးဖွားချိန်တစ်ခုတည်းမို့သာ။ ကိုးလလောက်လွယ်ထားရသောဒုက္ခကြီးကိုပါထည့်ပြောရလျှင် ပိုပြည့်စုံသွားပါလိမ့်မည်။ ကျွန်တော်တို့က အပြင်မှာ "ကိုးလလွယ်၊ ဆယ်လဖွား"ဟု နှုတ်က ခဏသာပြောဖြစ်သော်လည်း တကယ်လွယ်ကာ တကယ်ဖွားရသူ အမေမှာတော့ ကျွန်တော်တို့အတွက် ဒုက္ခဘယ်လောက်များလိမ့်မလဲဆိုသည်ကို တွေးကြည့်ရုံနှင့်သိနိုင်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပင်လျှင် သူငယ်ချင်းများ ပြောပြသော မိခင်ဒုက္ခကို ထပ်မံသိခဲ့ရ၍ အမေ့ကျေးဇူးကို ပိုနားလည်ခံစားမိသလို သူငယ်ချင်းများကို ကျေးဇူးလည်းတင်၊ ချီးလည်းချီးကျူးမိလေသည်။

ပညာသင်သော ကျောင်းသားတစ်ယောက်က မိခင်တစ်ယောက် ကလေးမွေးခြင်းကို စာသင်သလို မလေ့လာဘဲ သားသမီးတစ်ယောက်သဖွယ် ခံစားတတ်သည်က ဘယ်လောက်ချီးကျူးရန် ကောင်းပါသနည်း။ ပြီးတော့ သူတို့ထဲတွင် မိခင်ကို မသိမသာဆိုးနေသောသူများ ပါနေသောကြောင့်လည်း ကျွန်တော်က ထိုသို့ဆိုရခြင်းပင်။

ကျွန်တော်တက်နေသော တက္ကသိုလ်တွင် ကျွန်တော်နှင့်လက်ရှိတွဲနေသော သူငယ်ချင်းများထဲ၌ တိုက်တိုက်ဆိုင်ဆိုင် အမေဆုံးပါးသွားသူ သုံးယောက်လောက်ရှိနေရာ သူတို့ရင်ထဲကခံစားမှုကို ကျွန်တော်ကိုယ်ချင်းစာခဲ့ဖူးသည်။ သူတို့က "မိဘနှစ်ပါးစုံရှိတာ သိပ်အားကျတာပဲကွာ"ဟု ခဏခဏဆိုလေ သူတို့အတွက် စိတ်မကောင်းရင်း ကျွန်တော့်မှာ မိဘနှစ်ပါးရှိနေသည်ကိုလည်း စိတ်ထဲက ငါကံကောင်းပါလားဟု တွေးနေမိသေးသည်။

အမေမရှိသော သူငယ်ချင်းများ၏ အဖေ၊ အမေ တောင့်တချက်များကြားရတိုင်း "ဩော်... ငါ့မှာ လိုအပ်တာတွေ မိဘတွေလုပ်ပေးနေလို့ပါလား" ဆိုသောအသိမျိုးလည်း ဝင်ခဲ့ဖူးလေသည်။ ကျွန်တော့် သူငယ်ချင်းများသည် မိဘမရှိမှ တောင့်တတတ်သူမဟုတ်။ ရှိစဉ်ကတည်းက ဂရုတစိုက်နှင့်နေပြီး မိဘကို သိတတ်ခဲ့သူများဖြစ်ရာ အကယ်၍များ မိဘနှစ်ပါးစုံရှိပြီး ရှိသည်ဟုမထင်တတ်၊ မအောက်မေ့တတ်သူများရှိပါက ပြန်လည်ဆင်ခြင်သင့်လှသည်။

သည်နေ့ခေတ်လူငယ်များသည် မိဘနှစ်ပါးကို ရှေ့ထား၍ပင် ရှိသေကိုင်းရှိုင်းရမှန်းမသိ။ အဖေ၊ အမေကိုပင် ရှေ့မှာ "ဖားသားကြီး၊ မားသားကြီး" ကွယ်ရာမှာ "အဘိုးကြီး၊ အဘွားကြီး"ဟုဆိုနေရာ မိဘကို မိဘမှန်းသိလျက် အမှုမဲ့၊ အမှတ်မဲ့နေကြသလားဟု မေးစရာဖြစ်လာပါသည်။

ကျွန်တော့်အမေဘက်က အဘွားဖြစ်သူက ပြောဖူးသည်။ အဘွားရှေ့မှာ ကျွန်တော်တို့ညီအစ်ကိုများက အမေနှင့် အဖေကို "မားသား၊ ဖားသား"ဟု ပြိုင်တူဆိုမိရာမှ အဘွားက ဆုံးမခြင်းဖြစ်သည်။

"သူများတွေမှာ မွေးကတည်းက အဖေ၊ အမေမရှိသူ။ ကြီးလာမှ ဆုံးပါးသွားသူများရှိရာ အဖေ၊ အမေ ဟု ခေါ်ချင်တိုင်း မခေါ်ရချိန်မှာ မိစုံဖစုံရှိသော ကျွန်တော်တို့က အဖေ၊ အမေဟု မြန်မာပီသစွာမခေါ်ဘဲ ဖားသား၊ မားသားခေါ်နေခြင်းမှာ မသင့်လျော်ကြောင်း အဖေ၊ အမေဆိုသည်မှာ ခေါ်ရသည်က အားပါးပြီး အဓိပ္ပာယ်ရှိကာ သေမှခေါ်၍မဖြစ်နိုင်ကြောင်း၊ အဖေဟုခေါ်လိုက်တိုင်း အဖေ၏ပြုစုလုပ်ကျွေးပုံ၊ အမေဟုခေါ်လိုက်တိုင်း ဝမ်းနှင့်လွယ်မွေး နို့ချိုတိုက်ကျွေးပုံ စသည်ဖြင့် သူတို့၏ကျေးဇူးတရားများကိုခံစားနိုင်ကြောင်း" ပြောဆိုဆုံးမခဲ့လေသည်။

သည်ဘက်ခေတ်လူငယ်များက ဖားသား၊ မားသားကိုရေလဲသုံးသည်။ "အဘိုးကြီး၊ အဘွားကြီး" ကို တစ်ယောက်ကသုံးလျှင် အပေါင်းအသင်းအုပ်စုကြားမှာကူးစက်ကာ မသုံးလျှင် အိမ်ကိုကြောက်ရသူဟု ယူဆ၍လားမဆိုနိုင် အားပါးတရသုံးသည်။ အမှန်တော့ မြန်မာဖြစ်နေသရွေ့ ကျွန်တော်တို့ မိဘများကို "အဖေ၊ အမေ"ဟုခေါ်ရသည်မှာ အနှစ်သာရရှိကြောင်း နားလည်ခံစားတတ်ရန်လိုသည်။

အခုတော့ အဖေ၊ အမေများကို မိမိကြိုက်နှစ်သက်သလို ခေါ်ချင်တိုင်းခေါ်နေကြရုံမျှမက မိဘကို မိဘလိုမဆက်ဆံတတ်သော သားသမီးများလည်း များစွာရှိနေသည်။ စင်စစ် အခေါ်အဝေါ်က လေးနက်ပါမှ ခံစားမှုကပါ လေးနက်လာမည်ဖြစ်ရာ အခေါ်အဝေါ်ကလည်း ပေ့ါပေါ့၊ ခံစားမှုကလည်း ပေ့ါပေါ့ဖြစ်လာသော သားသမီးများအဖို့ ဆင်ခြင်စရာကောင်းလှသည်။

ကျွန်တော်တို့မိဘများသည် ကျွန်တော်တို့ကို မွေးဖွားခဲ့ရုံမက လူလားမြောက်သည်ထိ ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့သည်။ တချို့ဆိုလျှင် အိမ်ထောင်ကျပြီးသည်ထိ ကျွေးမွေးထားရတုန်းပင်။ ထိုကဲ့သို့ ပြုစုစောင့်ရှောက်လာသော မိဘများကို ရံဖန်ရံခါ မသိတတ်စွာ၊ ရံဖန်ရံခါ ဥပေက္ခာပြုကာ၊ ရံဖန်ရံခါ ကျေးဇူးကန်းစွာတုံ့ပြန်တတ်သော သားသမီးများ၏အဖြစ်သည် မည်မျှစက်ဆုပ်ဖွယ်ကောင်းပါသနည်း။ လုပ်ခဲ့သမျှအပြစ်များကို မတောင်းပန်သော်မှ အမြဲခွင့်လွှတ်နေတတ်သော မိဘများ၏ အဖြစ်ကလည်း မည်မျှကြည်ညိုဖွယ်ကောင်းပါသနည်း။

သားသမီးတိုင်း စဉ်းစားကြရန်ကောင်းပါသည်။ လူ့လောကထဲတွင်ရပ်တည်ရန် ခဲယဉ်းသည့်အခြေအနေပေါင်းစုံကို ရင်ဆိုင်တွန်းလှန်ကာ သည်နေ့ထိ စားဝတ်နေရေးကို ကြံဖန်၍ ဖန်တီးပေးနေသော မိဘတို့ကဲ့သို့ အစွမ်းအစမရှိသေးပါဘဲ ကျွန်တော်တို့ မိဘများကို စော်ကားခြင်းက နည်းမှန်ပါရဲ့လား။ ထိုသို့စော်ကားသည်ကို ခွင့်လွှတ်နေခြင်းကိုလည်း နားလည်စွာခံယူတတ်ပါရဲ့လား။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်သင့်ပါပြီ။

ကျွန်တော်ကတော့ အပြစ်လုပ်ခဲ့သမျှထဲတွင် မိဘများအပေါ် ကျူးလွန်ခဲ့သောအပြစ်ကိုအကြောက်ဆုံးဖြစ်သလို ထိုအပြစ်မျိုး နောက်ထပ်မဖြစ်စေရန် တတ်နိုင်သမျှကျေစေရန်၊ မိဘနှစ်ပါးကို ကျွန်တော်နှင့်ပတ်သက်၍ စိတ်ဆင်းရဲမှုဖြစ်မလာစေရန် ကြိုးစားနေပေးခဲ့သည်။ ပြီးတော့ အပြစ်များကျေစေရန်လည်း ဝန်ချတောင်းပန်ခဲ့ဖူးသည်။ အချို့သားသမီးများက မိဘကို ငွေပေးပြီး တင့်တောင့်တင့်တယ်ထားနိုင်မှ ကျေးဇူးဆပ်ရာရောက်သည်ဟု ထင်သည်။ ကျွန်တော်ကတော့ ထိုသို့မဟုတ်။ မိဘကို ကျေးဇူးဆပ်ခြင်းတွေထဲက တစ်မျိုးလောက်သာဖြစ်သည်ဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် မိဘကို ငွေမပေးနိုင်ခြင်း၊ တင့်တောင့်တင့်တယ်မထားနိုင်ခြင်းသည် ကျေးဇူးဆပ်ရာမရောက်ဟုမဆိုလိုပေ။ မိဘကို စိတ်မဆင်းရဲစေခြင်း၊ မိမိကြောင့် ဂုဏ်တက်ရခြင်း၊ ဝမ်းမြောက်ရခြင်းတို့သည်လည်း ကျေးဇူးဆပ်ခြင်းပင် မဟုတ်ပါလား။

အဓိကကတော့ သိတတ်ခြင်းဟု ဆိုရပါမည်။ မိဘဟု တကယ်သိတတ်ပါက မိဘနှင့်ပတ်သက်ပြီး သားသမီးက စိတ်ဆင်းရဲမှုများဘာမျှမလုပ်ပါက စိတ်ချမ်းမြေ့မှုများချည်းဖြစ်စေမည်မှာ သေချာပါသည်။ ဘာပဲဖြစ်ဖြစ် သိတတ်သမျှနှင့် ကျေးဇူးဆပ်ရန်ပင် မဟုတ်ပါလား။

ဂေါတမမြတ်စွာဘုရားက မိဘကို မည်မျှပင် ရှိရှိသေသေပြုစုလုပ်ကျွေးပါစေ၊ တကယ်ကျေးဇူးဆပ်သည်မမည်သေးဘဲ သဒ္ဓါမရှိသောမိဘကို သဒ္ဓါရှိအောင်၊ သီလမရှိသောမိဘကို သီလရှိအောင်၊ နှမြောတတ်သောမိဘကို လှူဒါန်းလာအောင်၊ ပညာမရှိသောမိဘကို ပညာရှိအောင်ဆောင်ရွက်လျှင် မိဘအပေါ်ကို လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ပေးခြင်းဖြစ်ပြီး မိဘကို ကျေးဇူးဆပ်သည်ဟုမည်ကြောင်း တရားတော်ထဲတွင် ဟောကြားခဲ့လေသည်။

ဤသို့ဆိုလျှင် မိဘကို တကယ်ကျေးဇူးဆပ်ဖို့ နေနေသာသာ၊ ကျေးဇူးဆပ်ခြင်း မမည်သေးသော ရိုရိုသေသေနှင့် ပြုစုလုပ်ကျွေးမှုများကိုပင် မပေးနိုင်သောသားသမီးအဖို့ ကျေးဇူးဆပ်သည်ဆိုသောကိစ္စက ဝေးသွားသလိုပင်။ သို့သော် မိဘကိုကျေးဇူးဆပ်ရာမရောက်သေး၍ သည်အတိုင်း နေလိုက်ပါဦးမည်ဟုဆိုလျှင်လည်း ပို၍ဆိုးလာရန်ပင်ရှိသည်။

သည်တော့ မိဘများနှင့်ပတ်သက်လျှင် ကျွန်တော်တို့တတ်နိုင်သမျှ သိတတ်စွာပေးဆပ်ရန်၊ စိတ်ထဲတွင် အမြဲထည့်ထားရန်လိုလာသည်။ အိမ်ထောင်ကျသူများအဖို့ မလွယ်နိုင်ပါဟုဆိုလျှင် မိဘဆိုသည်မှာ ငွေကြေးကို အဓိကထားသူမဟုတ်။ သားသမီး၏မေတ္တာကိုသာ ခံစားစားသုံးသူဖြစ်သည်ဆိုသောအတွေးကို ထည့်ထားရန်လိုပါလိမ့်မည်။

စာမျက်နှာ ၁၁ သို့ á

# ရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channnel မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် စက်တင်ဘာ ၁၃**

ရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channnel မှ စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဩရသထံမှ သိရသည်။

ရမ္မက်တိမ်တောင်ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွင်မင်းအံ့က ရေးသားထားကာ ဒါရိုက်တာ ဩရသက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"မြန်မာဇာတ်လမ်းတွဲကောင်းတွေကို ကြိုက်နှစ်သက်တဲ့ ပရိသတ်ကြီးအတွက် မြန်မာဇာတ်လမ်းတွဲကောင်းလေးတစ်ခုအနေနဲ့ ထုတ်လွှင့်ပြသဖို့ ရိုက်ကူးထားတာဖြစ်ပါတယ်။ ဇာတ်လမ်းတွဲလေးရဲ့နာမည်ကိုတော့ ရမ္မက်တိမ်တောင်လို့ ပေးထားပါတယ်။ ငယ်စဉ်ကတည်းက အဖေ၊ အမေမရှိဘဲ မိဘမဲ့ဂေဟာမှာ အတူကြီးပြင်းလာခဲ့ကြတဲ့ သူငယ်ချင်းနှစ်ယောက်နဲ့ အလိုရမ္မက်လောဘကြီးသူ လူငယ်တစ်ယောက်ကြား ဖြစ်ပေါ်လာတဲ့ လျှို့ဝှက်ဆန်းကြယ်သည်းထိတ်ရင်ဖို၊ မှုခင်း၊ အချစ် ဒရာမာဇာတ်လမ်းတွဲဖြစ်ပါတယ်" ဟု ဒါရိုက်တာ ဩရသက ပြောပြသည်။

အဆိုပါ ရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရဲရင့်သော်၊ သံသာမိုးသိမ့်၊ ဇွန်သံစဉ်၊ လီလီကျော်ခိုင်၊ အိမ်မလီဘိုနှင့် အခြားအနုပညာရှင်များစွာ သရုပ်ဆောင်ထားပြီး ဧည့်သည် သရုပ်ဆောင်အဖြစ် သရုပ်ဆောင် ကျော်ရဲအောင်က ပါဝင်ထားကြောင်း သိရသည်။

ASH

# ယူနီဗာဆယ်၏ Violent Night-2 ဇာတ်ကား၌ မက်ဝဲဖရိုက်မင်းနှင့် အင်ဒရူးကင်းဘတ်ဘက်ချလာတို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၃**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Violent Night–2 ဇာတ်ကား၌ AEW နပန်းအားကစားသမား မက်ဝဲဖရိုက်မင်းနှင့် လူမှုမီဒီယာ နာမည်ကျော် အင်ဒရူးကင်းဘတ်ဘက်ချလာတို့လည်း ပါဝင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Violent Night–2 ဇာတ်ကားတွင် မက်ဝဲဖရိုက်မင်းနှင့် အင်ဒရူးကင်းဘတ် ဘက်ချလာတို့သည် မင်းသားဒေးဗစ်ဟာဘာ၊ မင်းသမီး ခရစ္စတန်ဘဲတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Violent Night–2 ဇာတ်ကားသည် Violent Night(2022) ခရစ္စမတ်ဟာသအက်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ တွမ်မီဝါကိုလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပက်ကေစီနှင့် ဂျို့မီလာတို့က ရေးသားပေးမည်ဖြစ်သည်။

Violent Night–2 ဇာတ်ကား၌ မက်ဝဲဖရိုက်မင်းနှင့် အင်ဒရူးကင်းဘတ်ဘက်ချလာတို့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို မသိရသေးပေ။

Ref : Sputnik News

Trs : KKO



# Highlander ဇာတ်ကား ရိုက်ကူးရေးအစီအစဉ်ကို ၂၀၂၆ ခုနှစ်ထိ နောက်ဆုတ်ထား

**နယူးယောက် စက်တင်ဘာ ၁၃**

ထုတ်လုပ်မှုလုပ်ငန်း အကြိုကာလတွင် မင်းသား ဟင်နရီကာဗေး ဒဏ်ရာရရှိထားမှုကြောင့် Highlander ဇာတ်ကားရိုက်ကူးရေးအစီအစဉ်ကို Amazon MGM စတူဒီယိုက ၂၀၂၆ ခုနှစ်ထိ နောက်ဆုတ်ထားကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Amazon MGM စတူဒီယိုသည် မူလ Highlander ဇာတ်ကားကို ယခုလအတွင်း စတင်ရိုက်ကူးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မင်းသားဟင်နရီကာဗေးသည် Highlander ဇာတ်ကားအတွက် လေ့ကျင့်မှုများ ပြုလုပ်နေစဉ် မတော်တဆ ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Highlander ဇာတ်ကားကို ဒါရိုက်တာ ချက်စတာဟဲစကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် Highlander(1986) စွန့်စားခန်း အက်ရှင်ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဇာတ်ကားရိုက်ကူးရေး အစီအစဉ် အချိန်ကာလနောက်ဆုတ်ထားရမှုကြောင့် Highlanderဇာတ်ကား ရုံတင်ပြသချိန်လည်း ပြောင်းလဲသွားနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

á စာမျက်နှာ ၁၀ မှအဆက်

မိဘကို တတ်နိုင်သမျှ စောင့်ရှောက်လုပ်ကျွေးခြင်းတွင် နှစ်မျိုးသာရှိသည်ဟုကျွန်တော်ယူဆသည်။ ငွေရှာနိုင်သူက ငွေကြေးဖြင့်၊ အနီးကပ်ပြုစုနိုင်သူက ကိုယ်ကာယဖြင့် မိဘကိုစောင့်ရှောက်လုပ်ကျွေးနိုင်ပေရာ သူ့အတိုင်းအတာနှင့်သူတော့ အကျိုးရှိသည်ချည်းပင်။ အနားတွင် မနေနိုင်၍ ငွေရှာပြီးပို့ပိုးသူကို အနားမှာမနေရကောင်းလားဟု အပြစ်တင်စရာလည်းမရှိ၊ အနားတွင်နေသောသူကိုလည်း ငွေမပေးနိုင်ရကောင်းလားဟု စကားတင်းမဆိုအပ်။

ဘာပဲဖြစ်ဖြစ် အဓိကက မိဘကို သိတတ်မှုပင်ဖြစ်သည်။ ကျွန်တော်တို့ လူလားမြောက်ချိန်ထိ ဖြတ်သန်းခဲ့ရသမျှ ဘဝတစ်လျှောက်ကို ပြန်တွေးကြည့်ပါ။ ကျွန်တော်တို့ မိဘများထံမှရယူခဲ့သည်က များများဖြစ်ပြီး ပြန်ပေးဆပ်ခဲ့ရသည်က နည်းနည်းသာဖြစ်သည်။ ထိုသို့နည်းရသည့်ကြားထဲ မိဘနှင့်ပတ်သက်ပြီး တင်လိုက်သည့်အပြစ်များက ကျွန်တော်တို့မှာမနည်းတော့ပေ။

အချို့များဆိုလျှင် လုပ်ငန်းအရ၊ ငွေကြေးအရ၊ နာမည်အရ အောင်မြင်မှုများ ဝေဆာနေချိန်တွင် မိဘကို မိဘလိုမမြင်။ လုပ်ချင်ရာလုပ်ပြီး မိဘက သူတို့လုပ်သမျှ တားမရ၊ ဆီးမရ၊ သူတို့၏ အောင်မြင်မှုက လွှမ်းမိုးထားသည့်သဘောမျိုးဖြင့် မပြောရဲ၊ မဆိုရဲ နေခဲ့ရသည်မှာ ရင်နာဖွယ်ကောင်းလှပေသည်။ အောင်မြင်မှုကြောင့် သားသမီးဩဇာက မိဘကို လွှမ်းမိုးထားသည်ဆိုလျှင် ကျွန်တော်တို့ မြန်မာများအတွက် ရှက်ဖွယ်ပင်။

မြတ်စွာဘုရားဟောကြားခဲ့သည့် မိဘကို တကယ်ကျေးဇူးဆပ်ခြင်းမှာ ဆရာလုပ်၊ ဩဇာပေးရန်မဟုတ်။ မိဘကို တတ်သိအောင်စွမ်းဆောင်မြှင့်တင်ပေးရန်ဖြစ်သည်။ ကိုယ်အောင်မြင်နေချိန် လုပ်ချင်ရာလုပ်ပြီး မိဘက ခေါင်းလိုက်ညိတ်ရသည်မျိုးလောက် စက်ဆုပ်ဖွယ်မရှိတော့ပေ။ အမှန်အတိုင်းဆိုရလျှင် မိဘကို မသိမသာနှင့် အခိုင်းအစေသော်လည်းကောင်း၊ တပည့်သော်လည်းကောင်း လုပ်ခိုင်းလိုက်ခြင်းပင်။ သူတို့လုပ်စာမှီခိုနေရသောမိဘအဖို့ ဆိုဆုံးမရန် ခွင့်မသာဘဲ သူတို့ပြောသမျှ အမှန်လုပ်နေရသည်ဆိုကတည်းက ထိုသဘောပင် ဖြစ်နေချေပြီ။

ဤသည်က လက်ရှိလူ့လောကထဲမှ အထင်ရှားဆုံးနှင့်အဖြစ်တတ်ဆုံးသာဓကတစ်ခုကို တင်ပြရခြင်းပင်။ မိဘနှင့်ပတ်သက်ပြီး သားသမီးများတွင်တင်နေသောအပြစ်များ ဆေးချပါဆိုလျှင် ပင်လယ်သမုဒ္ဒရာရေပင် ကုန်သွားမည်။ အပြစ်များကတော့ ကျေဖို့ဝေးသည်ဟု ဆိုရမည်။ သိသိသာသာနှင့် မသိမသာဆိုသောအပြစ်မျိုးများချည်း မဟုတ်လား။

သို့သော် ကျွန်တော်တို့အားလုံးသည် အပြစ်များကျေအောင်တော့ မကြိုးစားခဲ့ကြ။ ကျူးလွန်ပြီးရင်းသာ ကျူးလွန်ခဲ့ကြ၏။ ကျွန်တော်တို့ မိဘများကတော့ မူလရှိနေသောအပြစ်များ တကယ်ကျေကြောင်း ကျွန်တော်မှတ်သားဖူးခဲ့သည်။

ကျန်ဘာသာဝင်များတော့ မသိပေ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များတွင် သီတင်းကျွတ်လ၌ မိဘ၊ ဆရာသမားများကို ကန်တော့သည့် အစဉ်အလာရှိသည်။ ရှိသမျှအပြစ်ကို ဝန်ချတောင်းပန်ပြီး ကန်တော့ခြင်းမျိုးပင်။ အဓိကကတော့ ကျွန်တော်တို့မြတ်စွာဘုရား နတ်ပြည်မှ တရားဖြင့် မယ်တော်ကိုကျေးဇူးဆပ်ပြီးပြန်ကြွလာချိန်ဖြစ်၍ ထိုအထိမ်းအမှတ်ဖြင့် လူ့ပြည်မှာလည်း ပူဇော်ကန်တော့ကြခြင်းဟုဆိုသော်ရပါသည်။

သို့သော် သည်နေ့ ဗုဒ္ဓဘာသာဝင်များထဲတွင် နှစ်စဉ်နှစ်တိုင်း မိဘကို သီတင်းကျွတ်တွင် ဝန်ချတောင်းပန်ကန်တော့သည့်လူငယ်များ နည်းပါးလာပါပြီ။ စစ်မှန်သော၊ ဘာသာတရားကိုင်းရှိုင်းသော အသိုင်းအဝိုင်းတွင် ရှိသူများနှင့် မိမိဘာသာ အသိစိတ်ဝင်လာသောလူငယ်များသာ မိဘကိုကန်တော့ကြပါသည်။

မိဘကို သက်ရှိထင်ရှားရှိစဉ်က မကန်တော့ခဲ့လျှင် သေမှ ဓာတ်ပုံသာကြည့်၍ ကန်တော့နိုင်မည်မဟုတ်လား။ လောကကြီးမှာ အစားထိုး၍မရသည်မှာ မိဘနှင့်အချိန်ပင်။ သက်ရှိဘုရား မိဘများကို အမှုမဲ့အမှတ်မဲ့နေခဲ့ကြ၊ ဥပေက္ခာပြုလျစ်လျူရှုခဲ့ကြပြီး မိဘများကွယ်လွန်မှ နောင်တရ၊ တမ်းတကြေကွဲနေလို့ကတော့ အချည်းနှီးသာပင်။ ယခု ကျွန်တော်တို့တွင် သက်ရှိထင်ရှားမိဘများ ရှိနေသူအများကြီးပင်။

"အဖေတို့၊ အမေတို့အပေါ် ကျွန်တော်၊ ကျွန်မတို့ပြုမူခဲ့သောအပြစ်တွေ ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"ဆိုလျှင် မိဘများက"ဘာအပြစ်မှ မရှိပါဘူး။ ရှိခဲ့ရင်လဲ ခွင့်လွှတ်ပါတယ်"ဆိုလာစဉ် ကြားရ၍ ခံစားရသောအရသာကို မိဘကိုကန်တော့ရန်မေ့နေသောလူငယ်များ ခံစားကြည့်စေချင်ပါသည်။

မိဘကို လက်အုပ်ချီ၊ ရှေ့မှာထားကန်တော့ရသည်ကိုပင် ရှက်သည်ဆိုလျှင်တော့ အမှန်အတိုင်းပြောရလျှင် သားသမီးဟုပင်ဆိုစရာမရှိတော့ချေ။ တွေးကြည့်ပါ။ မိဘများ၏ ကျေးဇူးတရား၊ ကျွန်တော်တို့ကျူးလွန်ခဲ့သောအပြစ်များ၊ ဘယ်အရာကသာသနည်းဆိုသည်ကို ကျွန်တော်ပင်လျှင် အပြစ်များစွာလုပ်ခဲ့မိ၍ သီတင်းကျွတ်လျှင် ညီအစ်ကိုများစုကာ သက်ရှိထင်ရှားရှိနေသေးသော မိဘနှစ်ပါးကို အပြစ်မှခွင့်လွှတ်မှုကို နှစ်စဉ်ရယူသည်။ ထို့ပြင် အပြစ်များထပ်မလုပ်မိစေရန်လည်း ဆင်ခြင်ပြီးနေခဲ့မိပါပြီ။ တောင်းပန်လိုက်၊ အပြစ်ကျူးလွန်လိုက်ဆိုလျှင်လည်း ဘာမှထူးခြားမည်မဟုတ်။ တောင်းပန်ခြင်းကပင် နောက်တစ်ခါ စော်ကားရန် ခွင့်တောင်းသလိုဖြစ်နေပါလိမ့်မည်။

ယခု သီတင်းကျွတ်တော့မည်။ သီတင်းကျွတ်လျှင် မင်္ဂလာဆောင်မည်၊ လျှောက်လည်မည် စသည်ဖြင့်သာ တွေးသောလူငယ်များ များကြသည်။ အိမ်မှာရှိသော သို့မဟုတ် အဝေးမှာရှိသော မိဘနှစ်ပါးကို လက်အုပ်ချီ ရှိခိုးဦးချရန်တော့ တွေးမိရန်နည်းပါသည်။

စဉ်းစားကြပါ။ ကျွန်တော်တို့မှာ ကိုးကွယ်စရာများရှိပါသည်။ ထိုကိုးကွယ်စရာများထဲက သက်ရှိထင်ရှားအနီးဆုံးဘုရားများကို ကျွန်တော်တို့ မေ့ထားခဲ့ကြဖူးသည်။ ထိုဘုရားများကို ကန်တော့ခြင်းသည် ကျွန်တော်တို့ဘဝ အေးမြခြင်း၏ အခြေခံတရားဖြစ်သည်။ ထိုဘုရားများကို ကျေးဇူးများလျက် အပြစ်များလုပ်ခဲ့ကြပြီးပြီ။ အပြစ်များဝန်ချတောင်းပန်ရန် လက်အုပ်ချီရှိခိုးရန်ကျတော့မေ့ထားဦးမှာလား။ ဘာပစ္စည်း၊ ဘာပကာသနမှမပါလည်း ကန်တော့၍ရနေသည်ပင်။

သားသမီးတိုင်းမမေ့ကြပါနှင့်။ မိဘဆိုသည်မှာ သင်တို့၊ ကျွန်တော်တို့၏ **"သက်ရှိဘုရား"**ဆိုသည်ကို နှလုံးသွင်းထားကြစေချင်ပါသည်။

# 66,000 bags of Ayeya Padetha variety paddy sent to Yangon market in July



Bags of Ayeya Padetha variety paddy being loaded onto a truck.

**Kyonpyaw September 13**

Daw Myint Maw, the owner of rice and paddy trader in Pyonpyaw of Ayeyawady Region said that local businesspersons supplied 66,000 bags of Ayeya Padetha paddy variety to Yangon market in Jult.

In June this year, Kyonpyaw Township was able to supply only about 50,000 baskets of Ayeya Padetha paddy to the Yangon market. However, in July, about 66,000 baskets were delivered and sold.

"In the past month alone, up to 66,000 baskets of Ayeya Padetha paddy were exported and sold. Most of the farm produce from this area is mainly supplied to the Yangon market. Although Ayeya Padetha is classified as a coarse rice variety, it is widely preferred by people of all social groups because it tastes good. Demand from Yangon buyers has been strong, which boosted sales. At present, rice prices are still rising, and we have not faced any difficulties in transporting and selling the paddy," said Daw Myint Maw.

The paddy strain exported from Kyonpyaw Township to the Yangon market last month is fetching up to K1,554,000 per 100 baskets and that the exported paddy is of good quality.

Kyaw Kyaw Lin

# Indaw Township exceeds planned acreage for vegetable crops during this year's monsoon season

**Indaw September 13**

In Indaw Township, Katha District, Sagaing Region, the cultivation of vegetable crops during this year's monsoon season has exceeded the planned acreage, according to records from the Indaw Township Agriculture Department.

For the 2025-2026 monsoon crop season, Indaw Township planned to cultivate 4,025 acres of vegetable crops. Planting began in May this year, and as of today, 4,165 acres have been completed, surpassing the target.

"This year, in Indaw Township, we planned to plant over 4,000 acres of vegetable crops during the monsoon season. So far, more than 4,100 acres have been planted, exceeding the planned acreage. The crops include mustard greens, chili peppers, spices, potatoes, cauliflower, eggplants, and cabbage. We are providing technical guidance to farmers to cultivate all these vegetables using the GAP (Good Agricultural Practices) system, ensuring minimal chemical residues and compliance with health standards," said U Thein Khaing, head of the Indaw Township Agriculture Department.

This year, the Indaw Township Agriculture Department is supporting vegetable farmers by providing training on GAP techniques, ensuring that the vegetables produced meet health standards, and encouraging expanded cultivation.

Every year, Indaw Township cultivates a variety of seasonal vegetable crops, which contribute to successful harvests and household income. The Township Agriculture Department is also providing education to farmers on proper cultivation techniques, pest control, and the use of natural fertilizers and pesticides.

206

# Myinmu Township completes planting of 11,155 acres of green gram during this year's monsoon season

**Myinmu September 13**

In Myinmu Township, Sagaing District, Sagaing Region, 11,155 acres of green gram have been planted during this year's monsoon crop season, according to records from the Sagaing District Agriculture Department.

For the 2025-2026 monsoon crop season, Myinmu Township planned to cultivate 16,609 acres of green gram. Planting began in May this year, and as of today, 11,155 acres have been completed.

"This year, in Myinmu Township, we planned to plant over 16,000 acres of green gram during the monsoon season. So far, more than 11,000 acres have been planted. We are working to meet the planned acreage target. There are efforts to expand green gram cultivation, provide education on using high-quality, pure seeds, and ensure good yields," said Daw Thida Lwin, head of the Sagaing District Agriculture Department.

This year, the Myinmu Township Agriculture Department is providing farmers with education on using high-quality, pure seeds suited to the region, proper cultivation techniques, pest control, systematic use of fertilizers, and methods to achieve high yields.

To ensure good yield and quality for various bean crops during this monsoon season, the department is collaborating with farmers to provide high-quality seeds, inputs, and post-harvest technology.

206

# Egypt, Saudi, UAE, U.S. push for 3-month humanitarian pause in Sudan war

**Cairo September 13**

Foreign ministers of Egypt, Saudi Arabia, the United Arab Emirates, and the United States on Saturday called for a three-month humanitarian truce in Sudan to be followed by a permanent ceasefire, Egypt's Foreign Ministry said on Saturday.

The joint statement said the pause should allow the swift delivery of aid across Sudan and pave the way for a permanent ceasefire and a nine-month transition to a civilian-led government.

The ministers warned that the war between the Sudanese Armed Forces (SAF) and the Rapid Support Forces (RSF) has created the world's worst humanitarian crisis and poses serious risks to regional stability.

They urged all sides to allow safe humanitarian access, protect civilians, and halt indiscriminate attacks. The four pledged to press both SAF and RSF toward a negotiated settlement.

Sudan has been in conflict since April 2023, with tens of thousands killed.

Xinhua

# World Insights: Charlie Kirk's assassination highlights era of political violence in U.S.

**Washington September 13**

The assassination of Charlie Kirk, an ally of U.S. President Donald Trump, highlights the current trend of political violence in the United States.

"Charlie Kirk's killing is just the latest in a recent string of violent politics," Christopher Galdieri, a political science professor at Saint Anselm College in the northeastern state of New Hampshire, told Xinhua.

"We have deeply polarized politics, with many Americans viewing the other party not as wrong but as an existential threat," Galdieri said.

Kirk, the high-profile 31-year-old conservative commentator and activist, was shot dead on Wednesday by a sniper while speaking to a large crowd at a university in the U.S. state of Utah.

Kirk was the co-founder of the conservative nonprofit organization Turning Point USA, which was dedicated to building a grassroots conservative youth network across high schools and universities in the United States.

Kirk was a close ally of Trump and one of the most influential online personalities among supporters of Trump's "Make America Great Again (MAGA)" movement. He spoke at the Republican National Convention in 2016, 2020 and 2024.

After the incident, Trump said all Americans and the media must "confront the fact that violence and murder are the tragic consequences of demonizing those with whom you disagree."

Online, few engage in serious discussions about gun violence; instead, the debate has descended into blame games. Some accuse the "radical left" of suppressing free speech and resorting to violence against those seeking peaceful debate, while others fault conservatives for fueling hatred and staying silent when Democratic leaders were attacked.

Xinhua

# Kangyidaunt Township ships many bags of Aungnaingtoe paddy to Yangon market in July


A stockpile of bags of Aungnaingtoe paddy.

**Kangyidaunt September 13**

Local businesspersons from Kangyidaunt Township of Ayeyawady Region sold a large number of bags of Aungnaingtoe paddy to Yangon market in July, said Daw Thiri, the owner of rice and paddy trading depot in Kangyidaunt Township.

In June this year, Kangyidaunt Township was able to supply only around 65,000 baskets of Aungnaingtoe variety paddy to the Yangon market. However, during the period from July 1 to 31, about 75,000 baskets were delivered and sold. It is reported that this variety of paddy is currently fetching up to K1.55 million per 100 baskets.

"In the past month, a large quantity of Aungnaingtoe paddy variety was exported and sold. Most of the farm produce from this side is mainly supplied to the Yangon market. Although Aungnaingtoe is classified under the coarse rice group, it is a type that many people like because it tastes good. There is also high demand from buyers in the Yangon market this month," said Daw Thiri.

With 75,000 baskets of Aungnaingtoe paddy strain being sent to the Yangon market last month from Kangyidaunt Township, it is learned that farmers, traders, cargo workers, and vehicle rental operators are all gaining employment opportunities.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 120,000 acres of various crops planted in Pwintbyu Township

**Pwintbyu September 13**

The Township Agriculture Department stated that local farmers planted various crops on 124,854 acres of lands in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 140,345 acres of monsoon crops were planned for cultivation this year. Planting began in May, and as of today, 124,854 acres have already been cultivated, including 61,204 acres of paddy, 2,296 acres of sweet corn, 291 acres of millet, 6,409 acres of green gram, 6,611 acres of pigeon pea, 1,143 acres of lablab bean, 112 acres of other beans, 30,452 acres of oil crops, 4,565 acres of long-staple cotton, 8 acres of sugarcane, 222 acres of toddy palms, 52 acres of areca, 552 acres of chilli, 4,395 acres of other vegetables, 257 acres of wild almond, 5,444 acres of cattle feed crops, 147 acres of general crops, 636 acres of non-consumable crops, and 58 acres of Jatropha curcas.

"Out of the 140,345 acres planned for this year's monsoon cultivation in Pwintbyu Township, 124,854 acres have already been planted. To meet the target crop acreage, achieve good yields, and encourage farmers to grow quality varieties, the Department of Agriculture is working together with local farmers. Relevant departments are also providing necessary support to ensure smooth farming operations," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

In order to carry out monsoon crop cultivation without difficulties, the Township Agriculture Department has been providing technical assistance to local farmers on soil improvement, proper seed selection, cultivation using GAP methods, pest and disease prevention, and systematic use of fertilizers and irrigation.

"If farmers can grow seasonal crops with good yields and quality, it will ensure food security for the township and allow surplus produce to be sold, generating additional income and improving socio-economic development. Therefore, efforts should be made to expand crop cultivation," Daw Moe Moe Wai added.

Ye Win Naing

# Kalay Township to grow more than 9,000 acres of vegetables in coming cold season

**Kalay September 13**

Local authorities earmarked cultivation of 9,121 acres of vegetables in coming cold season in Kalay Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 winter crop season, a plan has been set to cultivate 9,121 acres of vegetables in Kalay Township. Planting will begin in October this year and continue until December.

Daw Mar Aue, Head of the Kalay Township Department of Agriculture, said: "This winter crop season, more than 9,000 acres of vegetables are planned for cultivation in Kalay Township. The crops include mustard, chilli, coriander, potato, cabbage, eggplant, Chinese cabbage, and cauliflower. Farmers are being provided with technical guidance to cultivate all vegetables under the GAP system. They will also be trained to minimize chemical residues and grow crops in a way that is safe for health."

It is reported that this year, the Kalay Township Department of Agriculture will conduct training courses for vegetable farmers on GAP cultivation methods, provide technical support to ensure harvested crops are safe and healthy, and encourage farmers to expand their vegetable cultivation.

In Kalay Township, vegetables are cultivated seasonally every year. These crops have been thriving successfully, generating household income for farmers. The Department of Agriculture will continue to provide awareness to farmers on correct cultivation methods, pest prevention, and the use of natural fertilizers, natural pesticides, and bio-pesticides.

206

# Cultivation of more than 6,000 acres of groundnut finishes

**Sagaing September 13**

Local farmers grew 6,145 acres of groundnut as monsoon crops in Sagaing Township of Sagaing Region this year, according to Sagaing Township Agriculture Department.

During the 2025-2026 monsoon cropping season, 9,427 acres of groundnut are planned for cultivation in Sagaing Township. Cultivation began in May this year, and so far 6,145 acres have already been planted, according to reports.

"This year, more than 9,000 acres of groundnut are planned for cultivation in Sagaing Township during the monsoon season. As of today, over 6,000 acres have been cultivated, and efforts are underway to meet the target acreage. As an oil crop, groundnut is performing successfully, and groundnut cultivation has been improving year by year," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

It is learned that in Sagaing Township, one and a half baskets of seed are used per acre for groundnut cultivation. The cost per acre, including seed, labor, fertilizer, and pesticide expenses, is over K200,000, while yields exceed 50 baskets per acre.

This year, to ensure successful groundnut cultivation in Sagaing Township, staff from the Township Agriculture Department are conducting field inspections, keeping records, and carrying out pest and weed control measures in the fields.

206


A groundnut plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဆွစ်ဇာလန်နိုင်ငံ Destinus ကုမ္ပဏီက Hornet ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခဲ့




ဆွစ်ဇာလန်နိုင်ငံ Destinus ကုမ္ပဏီက လန်ဒန်မြို့တွင် ကျင်းပခဲ့သော DSEI 2025 ပြပွဲတွင် Hornet ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Destinus ကုမ္ပဏီက အဆိုပါ တိုက်ခိုက်ရေးဒရုန်းကို မတူညီသော ခြိမ်းခြောက်မှုများကို ဟန့်တားတိုက်ခိုက်နိုင်သည့် စနစ်အဖြစ်ဖော်ပြခဲ့ပြီး အဓိကအားဖြင့် ဒရုန်းတန်ပြန်တိုက်ခိုက်ရေးအတွက် ရည်ရွယ်ကြောင်းနှင့် လိုအပ်လျှင် အခြားတာတိုပစ်မှတ်များကိုလည်း တိုက်ခိုက်နိုင်ကြောင်း ထုတ်ဖော်ပြောကြားထားသည်။

Destinus ကုမ္ပဏီထုတ် Hornet ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ၎င်းတို့လိုချင်သည့် စစ်ဆင်ရေးဆိုင်ရာ၊ နည်းဗျူဟာပိုင်းဆိုင်ရာ စွမ်းရည်များကိုပေးစွမ်းနိုင်ကြောင်း သိရသည်။

Hornet ဒရုန်းသည် အသေးစားကြားဖြတ်တိုက်ခိုက်ရေးဒရုန်း အမျိုးအစားတွင်ပါဝင်ပြီး အကွာအဝေး ၃၅ ကီလိုမီတာအောက်ထိ ပျံသန်းနိုင်ကာ Payload အလေးချိန် ၁ ဒသမ ၅ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်သည်။ အဆိုပါ အလေးချိန်သည် ပေါက်ကွဲအားပြင်း Blast-Fragmentation ထိပ်ဖူး သို့မဟုတ် အခြားအထူးပြုလုပ်ထားသော ဖောက်ခွဲရေးခဲယမ်းများအတွက် လုံလောက်သောခံနိုင်ဝန်ဖြစ်သည်။ ဒရုန်းကိုယ်ထည်မှာ ဆလင်ဒါပုံသဏ္ဌာန်၊ ကိုယ်ထည်မှ ထွက်ပေါ်လာပုံရှိသည့် ကွေးထားသောတောင်ပံများနှင့် နောက်မြီးတို့ ပါဝင်သည်။ ဒရုန်းထိပ်ဦးပိုင်းတွင် ပစ်မှတ်အာရုံခံကိရိယာ တပ်ဆင်ပေးထားသည်။

Destinus ကုမ္ပဏီအချက်အလက်များအရ Hornet ဒရုန်းသည် ပစ်မှတ်ကို အလိုအလျောက် ရှာဖွေထောက်လှမ်းနိုင်ပြီး ရေဒါစနစ်မျိုးစုံနှင့် ချိတ်ဆက်နိုင်ခြင်းကြောင့် ပြင်ပမှလမ်းညွှန်ထိန်းကျောင်းမှု ရယူပျံသန်းနိုင်သည်။ နောက်ဆုံး ပစ်မှတ်နှင့် နီးကပ်လာချိန်တွင် ၎င်း၏ အလိုအလျောက်ပစ်မှတ်ထိန်းချုပ်ရေးစနစ်ကို ပြောင်းလဲအသုံးပြုနိုင်သည်။ ဒရုန်း၏ ဘေးတွင် ပြသထားသော T150 Turbo-jet အင်ဂျင်သည် ကုမ္ပဏီအသုံးပြုသည့် အင်ဂျင်အမျိုးအစားကို သိသာစေသည်။ အဆိုပါအင်ဂျင်သည် အသေးစား Turbo-jet အင်ဂျင်ဖြစ်ပြီး အလျင်နှုန်းမြင့်မားစွာ ပျံသန်း မောင်းနှင်နိုင်စေမည်ဖြစ်သည်။ Hornet တိုက်ခိုက်ရေးဒရုန်းတွင် ထိုအင်ဂျင်ကို အတိအကျသုံးထားကြောင်း ဖော်ပြထားခြင်းမရှိသော်လည်း ဒီဇိုင်းပုံစံမှာ ပန်ကာ နှင့်မောင်းနှင်သော ဒရုန်းထက် အလျင်နှုန်းမြင့်မားသော အသေခံတိုက်ခိုက်ရေးဒရုန်းမျိုးနှင့် ပိုမိုသင့်လျော်စွာ အသုံးပြုနိုင်မည်ကို တွေ့ရှိရသည်။

Destinus ကုမ္ပဏီက Hornet ဒရုန်းကို တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အဖြစ်ဖော်ပြထားပြီး စနစ်တစ်ခုစီတွင် ဒရုန်းရှာဖွေထောက်လှမ်းရေး ရေဒါနှင့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းတို့ ပေါင်းစပ်ပါဝင်သည်။ ဤသည်မှာ ဒရုန်းပစ်လွှတ်စင်အများအပြားနှင့် ရေဒါတစ်ခုတို့ ပေါင်းစပ်ပြီး ဒရုန်းရန် တိုက်ဖျက်ရေးအတွက် ပူးပေါင်းကာကွယ်ရေးနယ်ပယ်များ ဖန်တီးပေးနိုင်ခြင်းကို ရည်ညွှန်းနေသည်။ Hor-net တိုက်ခိုက်ရေးဒရုန်းသည် အသေးစားဒရုန်းများ ဖုံးကြဲတိုက်ခိုက်ခြင်း သို့မဟုတ် Jamming မပြုလုပ်နိုင်ချိန်တွင် ကြားဖြတ်တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။

ဒရုန်းကို လေလုံစွာထည့်သွင်းမှုနှင့် ခေါက်နိုင်သော မျက်နှာပြင်များကို ကုမ္ပဏီက မီးမောင်းထိုးပြထားသည်။ ထိုအချက်က သိုလှောင်ထိန်းသိမ်းရလွယ်ကူရန်၊ သယ်ယူပို့ဆောင်ရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရန်အတွက် လက်တွေ့ကျစေသည်။ Hornet ဒရုန်းကို အသုံးပြုရန် မလိုအပ်သေးလျှင် အလုံပိတ်သေတ္တာထဲတွင် ထားရှိနိုင်ပြီး အသုံးပြုပြီးသားဒရုန်း ပြွန်များကိုလည်း လျင်မြန်စွာ လဲလှယ် တပ်ဆင်နိုင်ကြောင်း သိရသည်။

**DSEI 2025: Swiss company Des-tinus conceives Hornet interceptor system to defeat swarms and low cost drones ကိုဘာသာပြန်ဆိုထားပါသည်။**

## SSG တိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်ရန် Trypillian ကုမ္ပဏီက ကန်ဒေါ်လာ ၅ သန်း ရင်းနှီးမြှုပ်နှံခဲ့

ဗြိတိန်-ယူကရိန်း နှစ်နိုင်ငံဖက်စပ် စွန့်ဦးတီထွင်ကုမ္ပဏီတစ်ခုဖြစ်သော Try-pillian ကုမ္ပဏီသည် တာဝေးပျံသန်းနိုင်သော SSG တိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၅ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီး Mykhailo Fedorov က ဤတိုက်ခိုက်ရေးဒရုန်းစီမံကိန်းနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံနေမှုကို ကြေညာခဲ့ခြင်းဖြစ်သည်။

SSG တိုက်ခိုက်ရေးဒရုန်းသည် ဂြိုဟ်တုလမ်းညွှန်စနစ်မလိုဘဲ လည်ပတ်နိုင်ပြီး ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ထိုးဖောက်ဝင်ရောက်ကာ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

ထို့ပြင် စစ်မှုထမ်းဟောင်းများနှင့် စစ်ရေးကျွမ်းကျင်သူများပူးပေါင်း၍ ယခင်နှစ်က တည်ထောင်ခဲ့သော ဤနှစ်နိုင်ငံဖက်စပ် ကာကွယ်ရေးကုမ္ပဏီသည် မကြာသေးမီက ယူကရိန်းနိုင်ငံ၏ Diia City အစီအစဉ်တွင် ပါဝင်ခဲ့သည်ဟုလည်း သိရသည်။

Diia City ဆိုသည်မှာ ယူကရိန်းအစိုးရ၏ ပံ့ပိုးမှုဖြင့် လုပ်ငန်းများအတွက် အခွန်မူဝါဒများနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ တင်ပြခြင်းတို့ကို လွယ်ကူစေရန် ရည်ရွယ်ထားသည့် ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ဖြစ်သည်။ Trypillian ကုမ္ပဏီသည် Diia City အဖွဲ့ဝင်ဖြစ်ခြင်းကြောင့် ၎င်းတို့၏ လျှို့ဝှက်အချက်အလက်များကို ထိန်းသိမ်းနိုင်ရန်နှင့် အဓိကအားဖြင့် ဝန်ထမ်းများ ပြိုင်ဘက်ကုမ္ပဏီများသို့ ဝင်ရောက်ခြင်းမှ တားဆီးနိုင်ရန်အတွက် ဥပဒေရေးရာ သဘောတူညီချက်များကို အသုံးပြုနိုင်ပြီး ၎င်းတို့၏နည်းပညာနှင့် ရေရှည်မဟာဗျူဟာကို လုံခြုံအောင် ကာကွယ်ထားနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဝန်ကြီး Fedorov က "Trypillian ကို Diia City မှ ကြိုဆိုပါတယ်။ ကာကွယ်ရေးနည်းပညာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အကောင်းဆုံးအခြေအနေတွေ ဖန်တီးပေးဖို့ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။



ယူကရိန်းသည် ရုရှားကိုရင်ဆိုင်ရာတွင် ၎င်း၏စွမ်းရည်များကို အဆင့်မြှင့်တင်ရန်အတွက် ယူကရိန်းရှိ စွန့်ဦးတီထွင်လုပ်ငန်းများနှင့် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်များကို ချိတ်ဆက်ပေးခြင်းဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဆန်း သစ်သော ကာကွယ်ရေးနည်းပညာများကို အသုံးပြုနိုင်ရန် ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်လျက်ရှိသည်။

ပြီးခဲ့သည့် ဇူလိုင်လက ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနသည် ဂျာမနီကာကွယ်ရေး အေဂျင်စီနှင့် ပူးပေါင်း၍ AI စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အထောက်အကူပြုမည့် အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ကြသည်။ ၎င်းအစီအစဉ်သည် တပ်မတော်အတွက် အရေးပေါ်လိုအပ်ချက်များနှင့် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် နည်းပညာများ တီထွင်ရန်အတွက် နည်းပညာရှင်များ၊ စစ်ရေးကျွမ်းကျင်သူများနှင့် လမ်းညွှန်/အကြံပေးဆရာများကို စုစည်းပေးထားကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကလည်း ယူကရိန်း၊ အမေရိကန် ကုမ္ပဏီအဖွဲ့အစည်းများနှင့် နည်းပညာကျွမ်းကျင်သူများက စစ်ဘက်ဆိုင်ရာ ဆန်းသစ်တီထွင်မှုနည်းပညာဖြေရှင်းချက်များ အစီအစဉ်ကို စတင်ခဲ့ကြောင်း သိရသည်။

**British-Ukrainian Startup Se-cures $5M to Develop Autonomous Strike Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၈၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၈၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲကြီး ၄၈၈၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း ပဲကြီး ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ဆောင်ရွက်ပေးမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲကြီးစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်က ကွမ်းသီးအနုဝယ်ယူမှု အားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ်လထဲမှာ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့အားများခဲ့တာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၆၀၀၀ ထိ ဈေးပေါက်နေပါတယ်။ လက်ရှိ ကွမ်းသီးအနုတွေအရောင်းအဝယ်ဖြစ်နေတော့ ကွမ်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းခြံများသို့ သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အင်းကုန်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သန်း ၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ၂၀၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ်သန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**




# ဒိုက်ဦးမြို့နယ် ရှမ်းကျွန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းပြီးစီးမှု စစ်ဆေး



**ဒိုက်ဦး စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ရှမ်းကျွန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရှမ်းကျွန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရှမ်းကျွန်းကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၁၂၃၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၆၀ ဖြင့် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇူလိုင် ၁၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရှမ်းကျွန်းကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

**ချိုလေး**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# တောင်သူများပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများရွေးချယ်ရေးအခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၃

တောင်သူများ ပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများ ရွေးချယ်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနစိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ တောင်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်သည့် ရေအနည်းလိုရေငတ်ဒဏ်ခံစပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် လိုအပ်မည်ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စမ်းသပ်စိုက်ပျိုးထားသော ယာစပါးမျိုး လေးမျိုးကို ယနေ့တက်ရောက်လာသော တောင်သူများကိုယ်တိုင် ရွေးချယ်သွားကြရန်ဖြစ်ကြောင်း၊ တောင်သူအကြိုက်ဆုံးမျိုးကို လာမည့်စိုက်ပျိုးရာသီ အချိန်မီဖြန့်ဝေရန် ဌာနပိုင်ခြံများတွင် မျိုးပွား ထုတ်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခင်ယာစပါးစိုက်ဖူးသူ တောင်သူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာအကြံပြု ဆွေးနွေးသွားကြရန် ဖိတ်ခေါ်ပါကြောင်း။

ယခုကဲ့သို့ မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်ချက်သည် ဒေသဝမ်းစာဖူလုံရေးအတွက်သာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်းအပါအဝင် သဘာဝဘေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးကိုလည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေငတ်ခံစပါးမျိုးများကို မိတ်ဆက်ရှင်းလင်းပြီး ယာစပါးစိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ တက်ရောက်လာကြသူ တောင်သူ ဦးရေ ၉၀ တို့က စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနစိုက်ကွင်း၌ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားသည့် ရေငတ်ခံစပါးမျိုး လေးမျိုးကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီပညာရှင်များက စပါးမျိုး တစ်မျိုးချင်း၏ မျိုးဗီဇလက္ခဏာများ၊ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးထားရှိမှုနှင့် လက်ရှိစိုက်ပျိုးမြေ၏ အစိုဓာတ်အခြေအနေများကို အသေးစိတ်ရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးတောင်သူများသည် စပါးမျိုး တစ်မျိုးချင်းမှ ထွက်ရှိသောဆန်အား ချက်ထားသည့် ထမင်းများကို လက်တွေ့မြည်းစမ်းကြပြီး နှစ်သက်ရာစပါးမျိုးကို မဲပေးရွေးချယ်ခဲ့ကြသည်။

ရေငတ်ခံစပါး စိုက်ပျိုးခြင်းသည် ရေလိုအပ်ချက်နည်းပြီး မိုးခေါင်ဒဏ်၊ အပူဒဏ်ခံနိုင်ရည်ရှိသဖြင့် မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်ခြင်း၊ သက်တမ်းတိုခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ပြီး မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှုနည်းပါးမှုကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုကို နည်းပါးစေခြင်း စသည့် အားသာချက်များရှိနေသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင် စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ ကွင်းဆင်းမျိုးရွေးချယ်ရန် စိုက်ပျိုးထားသော ယာစပါးမျိုးစိုက်ခင်းများကို ဆည်ရေမသွင်းဘဲ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ပညာရှင်များ၏ ကွင်းဆင်းလေ့လာချက်အရ ရေနံချောင်း၊ ချောက်မြို့နယ်တို့တွင် သဘာဝအတိုင်းရရှိသည့် မိုးရေဖြင့် စိုက်ပျိုးနိုင်သော စပါးမျိုးများဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အမှတ်(၁)ဓာတ်အားပေးစက် စမ်းသပ်မောင်းနှင်လည်ပတ်နေမှုနှင့် အမှတ်(၂)ဓာတ်အားပေးစက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရာဂိမုန်တိုင်းကြောင့် ရေဝင်နစ်မြုပ်ခဲ့သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်နှစ်လုံးအနက် အမှတ်(၁)ဓာတ်အားပေးစက် ပြန်လည်ပြုပြင်ပြီး စမ်းသပ်မောင်းနှင်လည်ပတ်နေမှုနှင့် အမှတ်(၂)ဓာတ်အားပေးစက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ၌ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စက်ရုံအဆောက်အအုံအတွင်း အမှတ်(၁) ဓာတ်အားပေးစက် ပြန်လည်ပြုပြင်ပြီး စမ်းသပ်မောင်းနှင်လည်ပတ်နေမှုနှင့် အမှတ်(၂) ဓာတ်အားပေးစက်၏ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံခြားသားပညာရှင်များနှင့်တွဲဖက်၍ ဓာတ်အားပေးစက်များ ပြုပြင်ခြင်းလုပ်ငန်းများနှင့် ဓာတ်အားထုတ်လုပ်မောင်းနှင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေရသော်လည်း မိမိတို့ဝန်ထမ်းများဖြင့်ဆောင်ရွက်ရန် လိုအပ်လာပါက ပြုပြင်ထိန်းသိမ်း မောင်းနှင်နိုင်ရန်အတွက် ယခုအချိန်ကတည်းက ကျွမ်းကျင်မှုရှိစေရေး နည်းပညာဆိုင်ရာ အတွေ့အကြုံများရယူ၍ လေ့လာဆည်းပူးထားရန် လိုအပ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တမံအတွင်း ရေဝင်ရောက်မှု၊ နုန်းမြေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တမံကြံ့ခိုင်မှုအခြေအနေအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားရန်နှင့် တမံလုံခြုံရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက် မဂ္ဂါဝပ် ၇၀ နှစ်လုံးဖြင့် စုစုပေါင်းမဂ္ဂါဝပ် ၁၄၀ ကို ကေဗွီ ၂၃၀ အထက် ပေါင်းလောင်း-နန်ချိုဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိရာ ရာဂိမုန်တိုင်း အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ထူးကဲစွာရေဝင်ရောက်မှုကြောင့် ဓာတ်အားပေးစက်ရုံအဆောက်အအုံအတွင်း ဓာတ်အားပေးစက်အစိတ်အပိုင်းများ တပ်ဆင်ထားသည့် စက်ရုံမြေအောက်ထပ်များအားလုံး ရေဝင်နစ်မြုပ်ခဲ့သည့်အတွက် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများ ရပ်နားခဲ့ရပြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အမှတ်(၁) ဓာတ်အားပေးစက် မဂ္ဂါဝပ် ၇၀ ကို ပြန်လည်ပြုပြင်ပြီးဖြစ်သဖြင့် စမ်းသပ်မောင်းနှင်လည်ပတ်လျက်ရှိပြီး အမှတ်(၂) ဓာတ်အားပေးစက် မဂ္ဂါဝပ် ၇၀ ကိုလည်း အမြန်ဆုံးစမ်းသပ်မောင်းနှင် လည်ပတ်ပြီး ဓာတ်အားထုတ်လုပ်နိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပဲပုပ်စိုက်ပျိုးရာ၌ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံမြေပဲစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အထွက်တိုးမြေပဲမျိုးများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံမြေပဲ စိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ မြေပဲမျိုးများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးဝကျေးရွာရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမအသင်းသားတောင်သူများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် သမဝါယမအသင်းများ၏ ဆီထွက်သီးနှံ စိုက်ပျိုးမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းသား တောင်သူများစိုက်ပျိုးသည့် သီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်း ရရှိမှသာ မိသားစုဝင်ငွေတိုးပွားလာပြီး




လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ သီးနှံပေါ်ပါက ယခုမြေပဲမျိုးတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများကို အပြေအကျေပြန်ဆပ်ရန်လိုအပ်ကြောင်း၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍လည်း မိမိတို့ဝန်ကြီးဌာနတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း)၊ သမဝါယမကောလိပ်(ဖောင်ကြီးနှင့် မန္တလေး)၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်) တို့ဖြင့် သမဝါယမပညာရပ်များကို သင်ကြားပို့ချလျက်ရှိရာ စိတ်ပါဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ချိတ်ဆက်တက်ရောက်နိုင်ကြောင်း၊ ကျောင်းဆင်းများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည်းကူး၊ မှော်ဘီ၊ သုံးခွ၊ ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာမှ သမဝါယမအသင်း ရှစ်သင်း၏ ဆီထွက်သီးနှံ စိုက်ဧက ၁၀၀၀ အတွက် အထွက်တိုး မြေပဲမျိုးများပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များနှင့် လယ်ယာသုံး စက်ကိရိယာဝယ်ယူနိုင်ရေး တင်ပြချက်အပေါ် သမဝါယမဦးစီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာသုံးစက်ကိရိယာရောင်းချသည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မြန်မာ့လက်မှုအနုပညာစင်တာ(MHC) သို့သွားရောက်၍ ဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံခြားခရီးသွား ဧည့်သည်များလာရောက်ဝယ်ယူနိုင်ရေး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှေးဦးပြုစုခြင်းနည်းစနစ်များကို အများပြည်သူလက်လှမ်းမီ သိရှိသင်ယူနိုင်စေရန်အတွက် ကြိုးစားဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "ဥတုဖောက်ပြန်သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်" ''FIRST AID AND CLIMATE CHANGE'' ဖြစ်ပါကြောင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင်ကြုံတွေ့လာနိုင်သော ထိခိုက်ဒဏ်ရာရရှိမှုများကို ရှေးဦးပြုစုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ် ဖော်ကျူးထားခြင်းဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်းသည် ဆေးရုံမရောက်မီအသက်ကယ်ကုသခြင်း (Pre Hospital Care)၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်း(First Aid) ဖြင့် ကူညီပြုစုပေးပြီး ဆေးရုံကိုပို့ဆောင်ရာတွင် ဆေးရုံ၏ (Post Hospital Care)ကို များစွာအထောက်အကူဖြစ်ကြောင်း၊ လူနာများအတွက် ဒဏ်ရာအခြေအနေ ပိုမိုမဆိုးစေရန်နှင့် အသက်ရှင်သန်စေရန်လည်း အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို First Responder အဖြစ် ဆောင်ရွက်ပေးရုံသာမကဘဲ နိုင်ငံအတွင်းတွင် လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီခြင်း၊ စေတနာသွေးလှူရှင် လုပ်ငန်းများနှင့် အရေးပေါ် လူနာတင်ယာဉ်လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ၊ မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်း ကြိုတင်ပြင်ဆင် တုံ့ပြန်ခြင်းလုပ်ငန်းများ အပြင်ဖြစ်ပွားခဲ့သော မန္တလေးလျှင်ကြီးတွင် ထိခိုက်ခံစားခဲ့ရသော ပြည်သူလူထုအတွက် ရှေးဦးပြုစုခြင်းအပါအဝင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကူညီဆောင်ရွက်နေသည်ကို တွေ့မြင်ရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းအဖွဲ့များပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများကို နိုင်ငံတကာကပေးသော အကူအညီ အထောက်အပံ့များ ကူညီပံ့ပိုးရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမှန်တကယ် လိုအပ်နေသည့် ပြည်သူလူထုလက်ထဲသို့ အချိန်မီရောက်ရှိစေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး စီမံခန့်ခွဲကြီးကြပ်ပေးရန် အလေးအနက်ထား ပြောကြားလိုကြောင်း။

ကြက်ခြေနီ မောင်မယ်များအနေဖြင့် မိမိတို့ပိုင်နိုင်စွာ တတ်ကျွမ်းထားသော ရှေးဦးပြုစုခြင်းနည်းစနစ်များကို အများပြည်သူလက်လှမ်းမီ သိရှိသင်ယူနိုင်စေရန်အတွက် ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခါသမယတွင် အသင်းအဆင့်ဆင့် တာဝန်ရှိသူများ ကြက်ခြေနီစေတနာလုပ်အားရှင်များအားလုံး ယခုထက်ပိုမိုပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးပြု လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Mr. Xavier Macquerh တို့က နှုတ်ခွန်းဆက်စကားပြောကြားကာ ရှေးဦးပြုစုခြင်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုကို ချီးမြှင့်ပေးအပ်ပြီး ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်ပြခန်းငယ်နှင့် ရွေ့လျားရေသန့်စက်၊ Roam Water Filter တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# တွဲလက်ညီညီ ပန်းတိုင်ဆီ

နွေကုံကျော်(မြို့လှ)





**“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေး စစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်”** ဟူသည့် သတင်းခေါင်းစီးကို စက်တင်ဘာလ ၄ ရက်ထုတ်မြဝတီသတင်းစာနှင့် အခြားသောနိုင်ငံပိုင်သတင်းစာများတွင် ဝေဝေဆာဆာတွေ့မြင်ခဲ့ရသည်။ ယခုစစ်ရေးပြအခမ်းအနားနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO SUMMIT 2025 Plus) အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr.Xi Jinping ၏ဖိတ်ကြားချက်အရ နိုင်ငံတော်ယာယီသမ္မတနှင့်အတူ အဖွဲ့ဝင်များလိုက်ပါလျက် သွားရောက်ခဲ့ခြင်းဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပေသည်။

ယခုရက်ပိုင်းအတွင်း နိုင်ငံတော်အကြီးအကဲ၏ တရုတ်နိုင်ငံခရီးစဉ်ကို ဝမ်းသာအားရဖွယ်တွေ့ရှိရသည်နှင့်တစ်ပြိုင်နက် တရုတ်နိုင်ငံသို့ မရောက်ဖူးသော်ငြား တရုတ်နှင့်ပတ်သက်သည့် အမှတ်တရအချက်နှစ်ချက် ကျွန်တော့်ခေါင်းထဲ ချက်ချင်းရောက်လာခဲ့သည်။ ပထမတစ်ချက်မှာ ၂၀၁၀ ပြည့်နှစ်ကာလကဖြစ်၏။

**“ငါ တရုတ်တွေရဲ့ ကြိုးစားအားထုတ်မှုကို သိပ်အားကျတယ်၊ လေးလည်းလေးစားတယ်၊ ဒီမှာကြည့်လေ..မိတ်အင်ကိသားအိ”** ဟု ပြောလည်းပြော သူမအင်္ကျီကော်လာမှ အမှတ်တံဆိပ်ကို ပြသူကား ကျွန်တော်တို့အတန်းပိုင်ဆရာမ အာရှိမဘနာ အားလ်မာ။

ထိုစဉ်က ကျွန်တော်တို့ ရုရှား၌ပညာသင်ယူနေချိန်ဖြစ်သည်။ ရုရှားလို တရုတ်ကို “ကိသားအိ”ဟုခေါ်ကြသည်။ စာသင်ရက်တစ်ရက်တွင်ဆရာမက ဘာကိုစိတ်ထဲစွဲလာသည်မသိ၊ တရုတ်နိုင်ငံအကြောင်း ရုတ်တရက်ပြောလာသည်။ သူမပြောသည်မှာ သံတိုတစ်ချောင်း၊ အင်္ကျီတစ်ထည်မှစ၍ ပစ္စည်းဟူသမျှ တရုတ်နိုင်ငံနှင့်မလွတ်ကင်းကြောင်း၊ သူတို့အားလုံးထုတ်လုပ်နိုင်ကြောင်း အားကျစွာပြောခဲ့သည်။ ရုရှားနိုင်ငံတွင်ပင် “ကိသားအိဂေ့ါရာ့” အမည်ဖြင့် တရုတ်မြေအောက်ဘူတာ တစ်ခုရှိပါသေးသည်။ ဤကားတရုတ်နိုင်ငံနှင့်ပတ်သက်၍ ပထမဆုံးမှတ်မှတ်ထင်ထင်ရှိခဲ့မှု။

နောက်တစ်ချက်သည်ကား စာရေးဆရာ Felix Greene ရေးပြီး မြမြဝင်း ဘာသာပြန်သည့် **“တရုတ်ပြည်အတွင်းရေးနှင့် သူတို့အကြောင်း တစေ့တစောင်း”** ဟူသည့် စာအုပ်တစ်အုပ်ပါ မှတ်တမ်းမှတ်ရာများမှ အချက်အလက်တချို့။ စာအုပ်ရေးခဲ့သည့်သက်တမ်းကြာမြင့်ခဲ့ပြီဆိုသော်ငြား ယနေ့ထက်တိုင် တရုတ်နိုင်ငံ တရုတ်လူမျိုးတို့၏ပုံရိပ်ကို ထင်ဟပ်နေဆဲ။ မူရင်းစာရေးဆရာ၏တင်ပြချက်ကို ဘာသာပြန်သူက ပိုင်ပိုင်နိုင်နိုင် ပြန်ဆိုနိုင်မှုကြောင့် မှတ်မှတ်ထင်ထင်အမှတ်တရရှိနေခဲ့ခြင်းဖြစ်သည်။ အဆိုပါစာအုပ်တစ်နေရာတွင် အစိုးရဧည့်ခံပွဲအကြောင်း ရေးသားထားသည့် အခန်းတစ်ခန်းပါ၏။ ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများထဲတွင် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီလည်းပါဝင်ခဲ့သည်။ ထိုစဉ်က ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် တွေ့ဆုံနှုတ်ဆက်ကြပြီးနောက် ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီက ပြောကြားရာတွင် **“ကျွန်တော်ဆက်ပြောချင်တာက တရုတ်ပြည်အကြောင်းပါပဲ။ ယခင်တရုတ်ပြည်အနေနဲ့ ပြင်ပရန်သူတွေရဲ့ ကျူးကျော်ဖိနှိပ်မှုကို နှစ်ပေါင်းများစွာ ခံစားခဲ့ရတယ်။ ဒီလိုပြင်ပကျူးကျော်သူတွေလို့ပြောတဲ့အခါ ကျွန်တော်တို့အင်္ဂလိပ်တွေလည်းပါချင်ပါမှာပဲ။ ကျွန်တော်တို့ အပြစ်လုံးဝမပါဘူးလို့ မဆိုပါဘူး။ ပြင်ပကျူးကျော်မှုအပြင် တရုတ်ပြည်ဟာ ပြည်တွင်းဖက်ဒရယ်အုပ်ချုပ်ရေးရဲ့ ဖိနှိပ်မှုကိုလည်းခံခဲ့ရတယ်။ ဒီလို နိုင်ထက်စီးနင်းပြုချင်ကြတဲ့ ကေရာဇ်တွေ၊ စစ်ဘုရင်တွေ၊ မြေပိုင်ရှင်တွေနဲ့ နိုင်ငံခြားသားမကောင်းဆိုးဝါးတွေကို ဝန်ကြီးချုပ်တို့ကွန်မြူနစ်တပ်တွေက ချေဖျက်မောင်းထုတ်နိုင်ခဲ့တယ်။ ဒီဘုရင်ဆိုးတွေ၊ စနစ်ဆိုးတွေ အားလုံးမျိုးပြုတ်ကုန်ပြီးနောက် တရုတ်ပြည်သစ်ကို တည်ထောင်နိုင်တယ်။ တရုတ်ပြည်သစ်ဟာ ခေါင်းဆောင်သစ်လက်အောက်မှာ ကိုယ့်နည်း ကိုယ့်ဟန် ကိုယ့်အကြံနဲ့ ခရီးပန်းတိုင်ကိုလွတ်လပ်စွာလျှောက်လှမ်းနိုင်ခဲ့တယ်။ ဘယ်ပြင်ပပယောဂမှ ပါဝင်နှောင့်ယှက်ခြင်းမရှိတော့ဘူး၊ ကျွန်တော်တွေ့မြင်ခဲ့သလောက်ဆိုရင်ခေတ်သစ်တရုတ်ပြည်ကိုခေတ်ဟောင်းတရုတ်ပြည်ထက် ပိုပြီးသဘောကျမိတယ်။ တရုတ်ပြည်သတင်းနဲ့ ပတ်သက်လို့ဖြင့် အနောက်တိုင်းတွေမှာ အယူအဆအကြီးအကျယ် လွဲမှားနေတာတွေ့ရတယ်။ ကျွန်တော့်အနေနဲ့ တရုတ်ပြည်သူတွေ ပျော်ပျော်ရွှင်ရွှင်တက်တက်ကြွကြွရှိကြတာတွေ့ရတယ်။ ဒါပေမဲ့ အနောက်တိုင်းသားတွေကတော့ တရုတ်ပြည်သူတွေဟာ သိပ်စိတ်ဓာတ်ကျဆင်းနေကြပြီး ပျော်ရွှင်မှုမရှိကြဘူးလို့ထင်နေကြတယ်။”**

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က တရုတ်နိုင်ငံအပေါ် နိုင်ငံခြားသားတစ်ဦးသို့တည်းမဟုတ် ကမ္ဘာ့ကျော်စစ်ဗိုလ်ချုပ်ကြီးတစ်ဦး၏အမြင်နှင့် ပြောကြားချက်များသည် ယနေ့ကာလတိုင်အောင် ကျွန်တော့်အတွက် မှတ်သားစရာများအဖြစ် ဦးနှောက်ထဲ စွဲမြဲနေခဲ့သည်။ အဆိုပါစာအုပ်တွင် ပေကျင်းမြို့နှင့်ပတ်သက်၍ ဗဟုသုတများရရှိစေခဲ့သည်။ ယခုကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အခမ်းအနားကိုလည်း ပေကျင်းမြို့ရှိ သမိုင်းဝင်နေရာတစ်ခုဖြစ်သော Tian’anmen ရင်ပြင်တွင် ကျင်းပခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်ကာလ ကွန်မြူနစ်တပ်များ ပေကျင်းမြို့ဆီ ချီတက်ခဲ့စဉ်က လူဦးရေ တစ်သန်းခွဲကျော်သာရှိခဲ့သောမြို့သည် မျက်မှောက်ကာလနှင့်နှိုင်းဆသော် များစွာတိုးတက်ခြားနားခဲ့ပြီဖြစ်သည်။

မှတ်တမ်းများအရ ပေကျင်းမြို့သည် အလွန်ရှေးကျသော မြို့ဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကျော်ကပင် ပေကျင်းမြို့တွင် လူများနေထိုင်ခဲ့ကြောင်း၊ ၁၂ ရာစုဝန်းကျင်အတွင်း ပေကျင်းမြို့အား ချောင်းတုမြို့ဟု ခေါ်ဆိုခဲ့ကြောင်း၊ ထိုစဉ်က ချောင်းတုမြို့မှာ ကုန်စည်ရောင်းဝယ်ဖောက်ကားရေးအတွက် ဗဟိုအချက်အချာနေရာဖြစ်ကြောင်း၊ မြောက်ပိုင်းမှကျူးကျော်ဝင်ရောက်လာသည့် ခြေသလုံးအိမ်တိုင်လူမျိုးစုများအား တွန်းလှန်ရန်အတွက် စစ်တပ်ရုံးစိုက်ရာ မြို့ဖြစ်ခဲ့ကြောင်း၊ မြောက်ပိုင်းသဲကန္တာရဘက်မှ ဂျင်ဂျစ်ခန်ရုတ်တရက်စတင်ဝင်ရောက်တိုက်ခိုက်ပြီး ချောင်းတုမြို့ကို သိမ်းပိုက်ခဲ့ကြောင်း၊ ထို့နောက် နှစ်ပေါင်း ၁၀၀ ခန့်အကြာတွင် ဂျင်ဂျစ်ခန်၏မြေး ကူဗလိုင်ခန်က တရုတ်ပြည်တစ်ပြည်လုံးကိုသိမ်းပိုက်ခဲ့ကြောင်း၊ ကူဗလိုင်ခန်က ချောင်းတုမြို့အား ပြန်လည်တည်ဆောက်၍ အမည်သစ် “တာတု” ဟု ပေးခဲ့ကြောင်း၊ ခမ်းနားကြီးကျယ်သည့်မြို့ဟု အဓိပ္ပာယ်ရကြောင်း၊ မင်းခေတ်ကာလရောက်ချိန်၌ “ပီပင်” မြောက်ပိုင်းငြိမ်းချမ်းရေးဟု အဓိပ္ပာယ်ရသည့်မြို့ဟု မှည့်ခေါ်ခဲ့ကြောင်း၊ တစ်ဖန် ၁၄၂၀ ပြည့်နှစ်ရောက်ချိန်တွင် “မြောက်ပိုင်းမြို့တော်” “ပေကျင်း” ဟုခေါ်ဆိုခဲ့ရာမှ ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ချိန်တွင် ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့်ယဉ်ကျေးမှုများဆိုင်ရာ ဗဟိုအချက်အချာကျသည့်နှင့်အညီ နိုင်ငံ၏မြို့တော်ဖြစ်လာခဲ့ကြောင်း တို့ကို ပေကျင်းသမိုင်း တစ်စိတ်တစ်ဒေသအဖြစ်မှတ်သားသိရှိရသည်၊ ထို့ပြင်ပေကျင်းမြို့သည်ကုန်းကြောင်း၊လေကြောင်းသယ်ယူပို့ဆောင်ရေး အဆင်ပြေသောကြောင့် တရုတ်ပြည်၏ လမ်းပန်းဆက်သွယ်ရေးဆုံရပ်အဖြစ်လည်းတည်ရှိနေသည်။

ခရီးစဉ်အတွင်း သတ်မှတ်ရက်စွဲများအလိုက် နိုင်ငံတော်အကြီးအကဲအနေဖြင့် အဖွဲ့ဝင်များနှင့်အတူ တစ်မြို့ပြီးတစ်မြို့ကူးသန်းနေရာမှ စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တီယန်ကျင်းဘူတာမှပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ထွက်ခွာလာခဲ့ကြသည်။ ဘူတာလျှောက်လမ်းတစ်လျှောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့အားအလံလေးများဝှေ့ယမ်းနှုတ်ဆက်နေကြသော တရုတ်ပြည်သူတို့၏ ဟန်ပန်သည် နှစ်နိုင်ငံရှိရင်းစွဲရင်းနှီးချစ်ကြည်မှု ခိုင်မာမှုရှိကြောင်းပုံရိပ်ကို ထင်ဟပ်စေခဲ့သည်။ တစ်ဆက်တည်းမှာပဲ ကျွန်တော့်အတွေးက စာရေးဆရာ Felix Greene ရေးသည့် စာအုပ်နိဒါန်းမှ တရုတ်ပြည်သူတို့အပေါ်ထားရှိသည့် သဘောထားနှင့်ပတ်သက်၍ **“တရုတ်ပြည်မှာ ခရီးလှည့်လည်ရင်း တရုတ်ပြည်သူတွေရဲ့သဘောထားကြီးမှု၊ ရက်ရောမှု၊ စာနာမှုနဲ့ရိုးပင်းကူညီမှုတွေကြောင့် ကျွန်တော်တို့ရဲ့ဒေါသထွက်လိုစိတ်၊ သူတစ်ပါးကို လွှမ်းမိုးလိုစိတ်၊ ဖျက်ဆီးလိုစိတ်နဲ့ သူတစ်ပါးကို ထိပါးလိုစိတ်တွေ ပပျောက်ကင်းစင်ခဲ့ရတယ်”** ဟူသော ခံစားချက်ကို ရုတ်တရက်သတိရလိုက်မိပါသေးသည်။

နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ ပေကျင်းမြို့ Southern Station ဘူတာသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် နိုင်ငံတော်ဧည့်ဂေဟာသို့ဆက်လက်ထွက်ခွာခဲ့ကြလေသည်။ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့်တွေ့ဆုံကာ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်အထောက်အကူပြုလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်ကို တွေ့ရှိရ၏။

ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ပေကျင်းမြို့၏

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

အထင်ကရနေရာတစ်ခုဖြစ်သော လင်ကွမ်းဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ခဲ့ပြီး ညနေ ၅ နာရီတွင်မြန်မာသံရုံးသို့သွားရောက်၍ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကိုတွေ့ဆုံအားပေးမှုများဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသည်။ ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်နှင့် လူမျိုးအကျိုးအတွက် ဆောင်ရွက်လျက်ရှိသည့်ပကတိအခြေအနေမှန်များကို ရှင်းလင်းမှာကြားခဲ့ပါသေးသည်။ ဤသည်မှာ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ပခရီးစဉ်များသွားရောက်တိုင်း ဆောင်ရွက်လေ့ရှိသည့် အရာတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် ရေမြေရပ်ခြားမှ မြန်မာများအတွက် စိတ်ဓာတ်ခွန်အား အားဆေးကို တိုက်ကျွေးခြင်းဟုပင်ဆိုနိုင်သည်။ တိုင်းတစ်ပါးတွင် မြန်မာအချင်းချင်းဆုံပါက အားရဝမ်းသာဖြစ်ကြသည်။ စိတ်ဓာတ်ခွန်အားများတက်ကြွကြသည်။ နိုင်ငံတော်အကြီးအကဲတစ်ယောက်က တွေ့ဆုံအားပေးခြင်းဖြစ်သည့်အတွက် ပို၍ပင်အားအင်များဖြစ်ထွန်းကြရပေသည်။

စက်တင်ဘာလ ၃ ရက်၊ ၂၀၂၅ ခုနှစ်။ ပေကျင်းမြို့။

တရုတ်နိုင်ငံအတွက် ထူးခြားလေးနက်မှုများပြည့်နှက်နေသည့် နေ့တစ်နေ့။ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် နာမည်ကျော် Tian' anmen ရင်ပြင်၌ စစ်ရေးပြအခမ်းအနားကြီးကျင်းပသည်ကို မြင်ရသည့်အခိုက် ယခုနှစ် မေလက ရုရှားနိုင်ငံတွင်ကျင်းပခဲ့သည့် နှစ် ၈၀ ပြည့် မဟာမျိုးချစ်အောင်ပွဲကြီးကို အမှတ်ရလိုက်မိပါသေးသည်။ ယခုစစ်ရေးပြအခမ်းအနားကို **"တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းအထိမ်းအမှတ်"** ဟု ခေါ်ဆို၍ ကျင်းပသည်။ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်ကျင်းပခဲ့သည်။ အတိတ်တွင် ကြုံတွေ့ခဲ့ရသည့် ခါးသီးဖြစ်စဉ်များ တစ်ကျော့ပြန်မလာနိုင်စေရန် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်ကာကွယ်ရေးစွမ်းအားများ တောင့်တင်းပြည့်ဝနေဖို့လိုသည်။ လူအင်အား၊ လက်နက်အင်အား၊ နည်းပညာအင်အား၊ လူသားအရင်းအမြစ်အင်အား ဘက်စုံထောင့်စုံ တောင့်တင်းခိုင်မာနေဖို့လိုသည်။ မိမိတို့က စစ်မက်များကိုမလိုလားသော်လည်း မမျှော်မှန်းနိုင်သည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရမည်မှာ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေရသည့် အစိုးရတစ်နည်းဆိုသော်စစ်ရေး သို့မဟုတ် ကာကွယ်ရေးအမြင် ပြည့်ဝသည့် ခေါင်းဆောင်များ၏ တာဝန်ပင်ဖြစ်ချေသည်။

ပြီးဆုံးခဲ့ပြီဖြစ်သော ကမ္ဘာ့စစ်ပွဲကြီး နှစ်ခုကိုဆင်ခြင်လျက် မည်သည့်နိုင်ငံမျှ စစ်ပွဲအသစ်များမလိုလားကြပေ။ သို့သော်ငြား "မပြေးသော် ကန်ရာရှိ" ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သောကြောင့် ကာကွယ်ရေးစွမ်းအားကို မြှင့်တင်နေကြရပြန်သည်။ ရုရှား၊ တရုတ်အစရှိသော မိတ်ဆွေကောင်းနိုင်ငံများ၏ သမိုင်းနှင့် ယှဉ်လျက် ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း အတုယူစရာများကို ယူကြရပေမည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ဖိတ်ကြားခံရသော ခရီးစဉ်များမှတစ်ဆင့် မမောပန်းနိုင်ဖွယ် တိုင်းပြည်အကျိုးတွေးတောကြံဆပုံဖော်ပေးမှုများကို မြင်တွေ့ရသည်မှာ ပြည်သူထဲက ပြည်သူတစ်ဦးအနေဖြင့် ဝမ်းသာကြည်နူးမဆုံးနိုင်ပါပေ။



ထိုနေ့က စစ်ရေးပြအခမ်းအနားကြီးမစတင်မီ နိုင်ငံတော်အကြီးအကဲအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာမေနီးယားနိုင်ငံ အစရှိသောဒေသတွင်း၊ ဒေသပြင်နိုင်ငံများအပြင် အခြားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရသည့်အချိန်အပိုင်းအခြားအတွင်း ဆွေးနွေးမှုပြုနိုင်ခဲ့ပါသေးသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံများကိုလေ့လာကြည့်ရာတွင် သက်ဆိုင်ရာနိုင်ငံများအလိုက် လတ်တလောကာလများတွင်ပြည်တွင်းရေး အခက်အခဲများရှိနေကြသည်ကို သတိပြုမိသည်။ "လူတစ်ခု ပူမှုဆယ်ကုဋေ" ဟူသည့် မြန်မာဆိုရိုးရှိသည်နှင့်အညီ လူသားတို့နှင့်ဖွဲ့စည်းအပ်သော နိုင်ငံတိုင်းတွင်လည်း မတူညီသော အခက်အခဲ၊ အကျပ်အတည်းများ ရှိကြစမြဲဖြစ်သည်။ မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းအဖြေရှာလျှင်ပြဿနာဟူသမျှ ပြေငြိမ်းရသည်သာ။ နိုင်ငံတစ်နိုင်ငံချင်းသည်လည်း ထိုအတိုင်းသာဖြစ်သည်ဟု ယူဆမိသည်။ ယခုကဲ့သို့ မျက်နှာစုံညီတွေ့ဆုံခွင့်ရသော အခိုက်အတန့်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံများအလိုက် အပြုသဘောဆောင်သည့် တိုးတက်မှုရလဒ်များ မလွဲမသွေရရှိမည်မှာ အသေအချာပင်ဖြစ်ပေသည်။

စက်တင်ဘာလ ၃ ရက်ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ဝင်များသည် Tebian Electric Apparatus(TBEA) ကုမ္ပဏီသို့သွားရောက်လေ့လာကြသည်ကို တွေ့ရှိရသည်။ အဆိုပါကုမ္ပဏီရုံးခန်းအတွင်း ခင်းကျင်းပြသထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာ့တစ်ဝန်းစွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းပြကြ၏။ TBEA ကုမ္ပဏီနှင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ကြခြင်းဖြင့် နှစ်နိုင်ငံအကျိုးစီးပွားကို ပို၍မြှင့်တင်နိုင်စေမည်မှာ မလွဲကေန်ပင်ဖြစ်ပေသည်။

ခရီးစဉ်ကာလအတွင်း နိုင်ငံတော်အကြီးအကဲသည် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို အတည်ပြုနိုင်ခဲ့ကြောင်းတွေ့ရှိရသည့်အပြင် အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံ၍လည်း ကမ္ဘာ့အရပ်ရပ်တွင် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏လက်ရှိပြည်တွင်းရေးအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ကမ္ဘာသိပြောကြားနိုင်ခဲ့ပြီး အားလုံးကလည်း ထောက်ခံမှုပြုခဲ့ကြသည်ကိုတွေ့ရှိရသဖြင့်အတိုင်းထက်အလွန် အောင်မြင်မှုရှိစေသော ခရီးစဉ်ကောင်းတစ်ခုဟုဆိုလျှင် လွန်အံ့မထင်။

တရုတ်နိုင်ငံ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် နိုင်ငံတော်အကြီးအကဲဖြေကြားခဲ့သည့်အထဲမှ စာရေးသူသတိပြုမိသည့် အချက်လေးချက်သည် အထက်တွင် တင်ပြခဲ့သည့် ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၊ စာရေးဆရာ Felix Greene တို့၏ သဘောထားနှင့်တူညီနေသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်အကြီးအကဲ၏ ပြောကြားချက်တစ်နေရာတွင် **" ပထမဦးဆုံးအနေနဲ့ တရုတ်တပ်မတော်ရဲ့ စနစ်တကျလေ့ကျင့်ထားမှုကိုလည်း အကောင်းဆုံးဖြစ်တာကို ကျွန်တော်တွေ့ပါတယ်။ နောက် တရုတ်ပြည်သူများရဲ့ စည်းကမ်းအပြည့်အဝရှိမှုကိုလည်း ကျွန်တော်တွေ့ရှိပါတယ်။ နောက် တတိယအနေနဲ့ကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းပကားမြင့်မားတယ်ဆိုတာကို ဒီမှာတွေ့ရပါတယ်။ နောက်တစ်ခါ ကမ္ဘာကြီးကို တရုတ်နိုင်ငံအနေနဲ့ အကာအကွယ်ပေးနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ ဒီမှာတွေ့ပါတယ်"** ဟူသော ပြောကြားချက်များသည် တရုတ်နိုင်ငံ၏ ပကတိသရုပ်သကန်များပင်ဖြစ်သည်ကို တွေ့ရှိရပေသည်။

အနှစ်ချုပ်ဆိုရပါက ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ နိုင်ငံတော်အကြီးအကဲ၏ ရှစ်ရက်ကြာ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ အီလက်ထရောနစ်၊ လျှပ်စစ်ဓာတ်အား၊ အင်ဂျင်နီယာနည်းပညာနှင့် AI နည်းပညာကဏ္ဍ အစရှိသည့်နယ်ပယ်အားလုံး လူသားအရင်းအမြစ်နှင့်ပညာကိုပေါင်းစပ်လျက် အောင်မြင်ဖြစ်ထွန်းနေသည်ကိုတွေ့ရှိရသည့်အတွက် မိမိတို့နိုင်ငံသည်လည်း ယနေ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချမှတ်ထားသည့် ဆောင်ပုဒ်များဖြစ်သည့် **" နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသည့် အချက်များနှင့်အညီ ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွ ခွန်အားနှစ်ဆဖြင့် ဆောင်ရွက်ချိန်တန်ပြီဟု စာရေးသူအနေဖြင့် တိုက်တွန်းလိုသည်။ တရုတ်နိုင်ငံအကြောင်းရေးသားထားသော စာအုပ်စာစောင်များနှင့် တရုတ်ပြည်လွတ်မြောက်ရေးကာလအကြောင်းရိုက်ကူးထားသော ဇာတ်ကားများကိုကြည့်ခြင်းအားဖြင့် တရုတ်ပြည်သူတို့၏ တက်ညီလက်ညီရှိမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယထက်သန်မှု၊ အပင်ပန်းဆင်းရဲခံမှု၊ စံနမူနာကောင်းပြမှု၊ သတ္တိရှိမှု စသည်တို့ကို မြင်တွေ့ခဲ့ရသည်။ မိမိတို့တွေသည်လည်း နယ်ချဲ့ဖက်ဆစ်ကို တွန်းလှန်ခဲ့ကြပြီး လွတ်လပ်ရေးအတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ သတ္တိသွေးပြသခဲ့ကြသည့် လူမျိုးများဖြစ်ကြသည်။ အတိတ်သံသရာတွင်ဝဲလည်အချိန်ကုန်ခြင်းမပြုဘဲ သင်ခန်းစာအဖြစ် ဆင်ခြင်သုံးသပ်ကာ ယနေ့ကာလပြောင်းလဲတိုးတက်နေသော အိမ်နီးချင်းနိုင်ငံများအပြင် ကမ္ဘာကြည့်ရှုမြင်လျက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ တွဲလက်ညီညီဝိုင်းဝန်းအကောင်အထည်ဖော်ကြမည်ဆိုလျှင်ဖြင့် အနာဂတ်ရွှေပြည်တော်ခရီးသည် အလှမ်းမဝေးပါတော့ပြီ။ ။

# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် ရတနာကောသဘုရားရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၂၂၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြေ)

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို အဝတ်အထည်များ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် ရေဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများက ပုသိမ်တပ်နယ်အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြေ)

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သွေးအလှူရှင်တစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်စဉ်။



**နေပြည်တော် စက်တင်ဘာ ၁၃**

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများပေးအပ်သည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၆၁ ဦး သွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖြေ)

# မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မြစ်ကြီးနားမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျောင်းရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အတန်းလိုက် ပထမဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦးနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖြေ)




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ထူးချွန်ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များနှင့် https://bit.ly/47Md8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး



**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် ပညာသင်ကြားနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် ပြောကြားပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသူများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် အမရပူရမြို့နယ် တောင်သမန်အင်းသို့ ရောက်ရှိပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများအား မှာကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မျိုးကျော်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**❍ မြန်မာနေရှင်နယ်လိဂ်မှ**

ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရတနာပုံအက်ဖ်စီအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၉ မိနစ်တွင် ထက်ထွန်းအောင်၊ ၂၅ မိနစ်တွင် ပြည်မိုး၊ ၇၃ မိနစ်နှင့် ၇၉ မိနစ်တို့တွင် စိုးမင်းဦးတို့က အသီးသီး သွင်းယူနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၈မိနစ်တွင် မင်းမော်ဦး၊ ၆၄ မိနစ်တွင် စောမျိုးဇော်တို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများနှင့် စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အပါအဝင် မြို့နယ် ၂၁ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကိုစုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် မိုင်းပန်မြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၊ လဲချားမြို့နယ်ရှိ နောင်ခန်းရေကန်သာရေကန်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၇၇၀၃၈၅ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck နှစ်စီး၊ Toe 12 Wheel Truck တစ်စီး၊ Isuzu Giga Truck တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ၁၁ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၉၀၊ လုပ်ငန်းသုံးပစ္စည်း ၆၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၅၆၁၅၇၇ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Super Mandalar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Tractor Head သုံးစီး၊ Mitsubishi Fuso Tractor Head နှစ်စီး၊ Man Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခုနစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ ထီးပိုးကလို့ကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၆၀၇၁၁၅ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၉၃၉၀၇၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၀၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၇၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်မှ ၆ ရက်ထိ ပုသိမ်ကြီးမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၉၉ တန်၊ သစ်မာ ၁ ဒသမ ၆၇၉ တန်၊ အခြားသစ် ၁၃ ဒသမ ၈၂၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၄၅၂၀၈ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၄၈၂၆၅၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Dutro Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ နှင့် ရတနာပုံ တံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၃၃၄၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Light Truck နှစ်စီး၊ Toyota Dyna Truck တစ်စီး၊ Sojen Pickup Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၂၂၆၈၇၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်နှင့် ၉ ရက်တို့တွင် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းအမျိုး ၇၀၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၃၅၅၆၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Cara-van နှစ်စီး၊ Nissan Atlas Truck တစ်စီး၊ Toyota Light Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ကိုးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၃၅၅၆၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် တွံတေးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၄၄၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၀၉၁ ကို သစ်တောဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် သာကေတမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၇၀၉၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် သုည ဒသမ ၉၄၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၄၀ ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဟင်္သာတမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၈၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၅ ရက်တွင် ဥတ္တရခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၇၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်တွင် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ar Mahn Thit Light Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ဘားအံမြို့ သံလွင်တံတား စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၃၂၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shwe Kyair Light Truck တစ်စီး၊ Aung Soe Tint AST-01 Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၄၆၀၆၀ ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၉၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၉၇၃၃၉ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၈၈၄၃၉၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၄၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၉၆၁၁၂၃၂ ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



သက်လွင်အောင်(ခ)မျိုးအောင်
Cover Club ဆိုင်ပိုင်ရှင်



ဇင်စုရ(ခ)မစိုး
Cover Club ဆိုင်မန်နေဂျာ




Cover Club ဆိုင်ချိပ်ပိတ်ထားရှိမှုမှတ်တမ်းဓာတ်ပုံ။

**☆ ကျောဖုံးမှအဆက်**

ဆိုင်မန်နေဂျာ ဇင်စုရ ၃၁ နှစ်တို့ကို ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၆ လမ်းနှင့် ၃၆ x ၅၃ လမ်းထောင့်ရှိ Cover Clubဆိုင်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါဖြစ်စဉ်မှ DJ တီးခတ်သူ DJ Violet (ခ) ခင်ထွေးထွေးမွန်ထံမှ DJ တီးခတ်ရာတွင် အသုံးပြုသည့် Memory Stick ခြောက်ခု သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် Cover Club ဆိုင်အတွင်းမှ DJ စက်နှင့် ဆက်စပ်ပစ္စည်းများကို သက်သေများနှင့်အတူ သိမ်းဆည်းကာ Cover Club ဆိုင်အား ချိပ်ပိတ်ထိန်းသိမ်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဗုဒ္ဓဘာသာကို အကြည်ညိုပျက်စေရန် ပြုလုပ်ခဲ့မှုကြောင့် ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပွားစေသည့် DJ Violet (ခ) ခင်ထွေးထွေးမွန်၊ DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို(ခ) မင်းထိုက်၊ Dice(ခ)ဉာဏ်လင်းထက်၊ ဆိုင်ပိုင်ရှင် သက်လွင်အောင်(ခ)မျိုးအောင်၊ ဆိုင်မန်နေဂျာ ဇင်စုရတို့ကို မဟာအောင်မြေမြို့နယ် အမှတ်(၉)မြို့မရဲစခန်းက (ပ)၂၁၄/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## EU က ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဥပဒေအသစ်ကို အတည်ပြုရန် နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း ထုတ်ပြန်



**ဘရပ်ဆဲလ် စက်တင်ဘာ ၁၃**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂ(EU)သည် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေး ဥပဒေအသစ်များ ရေးဆွဲထားပြီး ဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းရေးအတွက် နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

EU အနေဖြင့် ဥပဒေသစ်များကို လာမည့်ရက်သတ္တပတ်အတွင်း ပြဋ္ဌာန်းသွားရန် စီစဉ်ထားသော်လည်း အဖွဲ့ဝင်နိုင်ငံများအနက် ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံအစရှိသည့် အင်အားကြီးနိုင်ငံများက ပြန်လည်စိစစ်သွားရန်အတွက် တိုက်တွန်းမှုများ ပြုလုပ်လာသည့်အတွက် ဥပဒေအသစ်ကို ပြဋ္ဌာန်းသွားရန် နှောင့်နှေးကြန့်ကြာမှုများ ရှိနေကြောင်း၊ ဥပဒေအသစ်တွင် EU အဖွဲ့ဝင်နိုင်ငံများကြား ၂၀၄၀ ပြည့်နှစ်အရောက်တွင် ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သော ကာဗွန် ထုတ်လွှတ်မှုပမာဏထက် ၉၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်အောင်ဆောင်ရွက်သွားမည့် အစီအစဉ်များပါဝင်နေကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ယင်းရည်မှန်းချက်ကို မူလအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း EU က အတည်ပြုခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုထိန်းချုပ်ရေးဥပဒေအသစ်ကို စက်တင်ဘာ ၁၈ ရက်မှာ ပြဋ္ဌာန်းဖို့စီစဉ်ခဲ့ပေမဲ့လဲ အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုတွေ ရှိနေပါတယ်။ စက်တင်ဘာ ၁၂ ရက်မှာ ဥပဒေသစ်ပြဋ္ဌာန်းရေးနဲ့ပတ်သက်ပြီး အစည်းအဝေးပြုလုပ်မဲ့ အစီအစဉ်ကိုတောင် ဖျက်သိမ်းခဲ့ရပါတယ်"ဟု EU မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## ရာသီဥတုဖောက်ပြန်မှုကြောင့် အခက်တွေ့နေသော မွေးမြူရေးလုပ်ငန်းရှင်များကို ကူညီရန် ကန်ဒေါ်လာ တစ်ဘီလီယံခန့်သုံးစွဲမည်ဟု USDA က ထုတ်ပြန်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အခက်တွေ့နေပြီး မွေးမြူရေးလုပ်ငန်းရှင်များအတွက် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန(USDA) က အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ထိ သုံးစွဲကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် နိုင်ငံတစ်ဝန်း မွေးမြူရေးလုပ်ငန်းများ အရှုံးပေါ်ခဲ့ပြီး အသေးစားမွေးမြူရေးလုပ်ငန်းရှင်တချို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာရေးအခက်အခဲများ ရှိနေသည့်အတွက် လုပ်ငန်းများ ပြန်လည်စတင်နိုင်ခြင်း မရှိသေးကြောင်း၊ ၎င်းအတွက် အသားထုတ်လုပ်မှုကဏ္ဍမှ ထုတ်လုပ်မှုနှုန်း ကျဆင်းလာခြင်းကြောင့် လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်၍ လည်ပတ်နိုင်ရေးအတွက် USDA က ကူညီပေးရန် စီစဉ်လာခြင်းဖြစ်သည်။

"သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဦးဆောင်မှုအောက်ကနေ USDA အနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေ၊ မွေးမြူရေးလုပ်ငန်းရှင်တွေဘက်ကနေ အပြည့်အဝရပ်တည်သွားမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် လုပ်ငန်းတွေ ထိခိုက်နစ်နာမှုတွေရှိနေခဲ့တယ်။ လုပ်ငန်းတွေ ပုံမှန်အတိုင်းပြန်လည်ပတ်နိုင်ဖို့ လုပ်ငန်းရှင်တွေကို ကူညီထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်"ဟု အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန(USDA)၏ အတွင်းရေးမှူးဖြစ်သူ ဘရော့ရိုလင်းက ပြောကြားခဲ့သည်။

အကူအညီရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် လုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများကို စာရွက်စာတမ်း သက်သေများနှင့်တကွ တင်ပြရမည်ဖြစ်ပြီး စာရွက်စာတမ်းများကို စိစစ်ပြီးလိုအပ်သလိုကူညီထောက်ပံ့ပေးမည်ဖြစ်ပြီး နိုင်ငံအတွင်း အသားထုတ်လုပ်နိုင်မှုနှုန်း ပြန်လည် မြင့်မားလာစေရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း USDA က အတည်ပြုခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံလူ ၁၈ ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေ

**ဂျကာတာ စက်တင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် စက်တင်ဘာ ၁၁ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိရာ ယနေ့ထိ ဒေသခံလူ ၁၈ ဦးထက် မနည်းသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးနေကြောင်း National Search and Rescue Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရသည့် လူနေအိမ်ခြေ ၂၀၂ အိမ်ထက် မနည်းရှိနေပြီး ရေဘေးဒဏ်သင့်ပြည်သူပေါင်း ၆၀၀ ကျော်ထိရှိနေကြောင်း၊ မိုးရေချိန် ၂၄၅ ဒသမ ၅ မီလီမီတာထိ မြင့်တက်ခဲ့ပြီး တူခက်ဘဒန်းမြစ်ရေလျှံတက်ကာ ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသူများတွင် ကမ္ဘာ့လှည့်ခရီးသည်များလည်း ပါဝင်နေပြီး National Search and Rescue Agency မှ ကယ်ဆယ်ရေးဝန်ထမ်းများက အင်အားသုံးကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဘာလီကျွန်းရေကြီး ရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အတွက်ကြောင့် စက်တင်ဘာ ၁၂ ရက် က နေစတင်ပြီး ရေကြီးရေလျှံမှုကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ အန္တရာယ်များတဲ့ ဇုန်အတွင်းမှာနေထိုင်တဲ့ ပြည်သူတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ ဘာလီကျွန်းဟာ ပြည်တွင်း၊ ပြည်ပခရီးသည်တွေ အများဆုံး လာရောက်လည်ပတ်တဲ့ဒေသဖြစ်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးက အရေးကြီးပါတယ်။ ရေကြီးရေလျှံမှုကြောင့် လမ်းပိုင်းပျက်စီးမှုတွေ များပြားခဲ့တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးတွေ အခက်အခဲရှိနေပါတယ်"ဟု National Search and Rescue Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ဂျပန်နိုင်ငံ ကန်တိုနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံ ကန်တိုနယ်မြေတွင် စက်တင်ဘာ ၁၁ ရက်မှ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် အခြေခံအဆောက်အအုံနှင့် လူနေအိမ်ပေါင်း ၆၂၄၀ ထိရှိနေကြောင်း၊ မိုးရေချိန်မြင့်မားစွာရွာသွန်းခဲ့ခြင်းကြောင့် တိုကျိုမြို့တွင်လည်း လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ တိုကျိုမြို့တွင် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် အခြေခံအဆောက်အအုံနှင့် လူနေအိမ်ပေါင်း ၄၂၃၀ ထိရှိနေကြောင်း သိရသည်။

"စက်တင်ဘာ ၁၁ ရက်ကစတင်ပြီးတော့ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၁၀၀ ကနေ မီလီမီတာ ၁၃၀ ကြားရှိပါတယ်။ မိုးရေချိန် ဆက်လက် မြင့်တက်လာနိုင်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ မြစ်ရေလျှံတက်လာနိုင်တဲ့အတွက်ကြောင့် မြစ်ရေပမာဏတက်မှုအခြေအနေကို စောင့်ကြည့်နေပါတယ်"ဟု Japan Meteo-rological Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ကနေဒါနိုင်ငံ မိုးခေါင်သည့်ဒေသများ၌ စက်တင်ဘာလတွင် မိုးရွာသွန်းလာ

**အော့တဝါ စက်တင်ဘာ ၁၃**

ကနေဒါနိုင်ငံတွင် ဩဂုတ်လအတွင်း မိုးခေါင်မှုပြဿနာဖြင့်ရင်ဆိုင်ခဲ့ရသည့် ဒေသအမြောက်အမြား ရှိသော်လည်း စက်တင်ဘာလတွင် မိုးရွာသွန်းလာပြီဖြစ်သဖြင့် မိုးခေါင်မှုပြဿနာများ လျော့နည်းလာကြောင်း Agriculture & Agri-Food Canada က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုင်ငံတစ်ဝန်း မိုးခေါင်မှုအခြေအနေကို အချိန်ပြည့်စောင့်ကြည့်နေပြီး ကာလအလိုက် National Drought Monitor Map များဖြင့် မိုးခေါင်မှုဖြစ်ပွားနေသောနေရာများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း စက်တင်ဘာ ၁၂ ရက်က နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီး National Drought Monitor Map ထုတ်ပြန်ခဲ့ရာ ဩဂုတ်လအတွင်း မိုးခေါင်မှုဖြင့် ရင်ဆိုင်ခဲ့ရသော ဒေသတချို့တွင် မိုးရွာသွန်းမှုများ ရှိလာကြောင်း သိရသည်။

"ကနေဒါအနောက်ဘက်ပိုင်း၊ မြောက်ဘက်ပိုင်းနဲ့ တောင်ဘက်ပိုင်းဒေသတွေမှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဩဂုတ်လအတွင်းမှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတဲ့ဒေသအမြောက်အမြား ရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ စက်တင်ဘာလအတွင်းမှာတော့ မိုးရွာသွန်းမှုတွေရှိလာခဲ့ပြီးတော့ စိုထိုင်းစတွေလဲ မြင့်တက်လာတယ်။ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ဒေသတွေ လျော့နည်းလာပါတယ်။ မြောက်ဘက်ပိုင်း ဒေသတွေမှာတော့ ခြောက်သွေ့မှုနှုန်းမြင့်မားနေဆဲပါ။ မိုးခေါင်မှုပြဿနာတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ အထူးသဖြင့် ဗြိတိသျှကိုလံဘီယာပြည်နယ်မှာ မိုးခေါင်မှုနှုန်းက မြင့်မားနေဆဲ ဖြစ်ပါတယ်"ဟု Agriculture & Agri-Food Canada မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# အချိန်တန်ရေပြန်တက်ပါလိမ့်

## မောင်ခြိမ့်



(၁)

ခြေတစ်လှမ်းနှင့်တစ်လှမ်းကို အတော်အားယူ၍ လှမ်းနေရသည်။ လတာပြင်နွံထုကြီးက နင်းလိုက်တိုင်း ကျွံ၍ ကျွံ၍၊ နစ်၍၊ နစ်၍ ဒူးဆစ်ထိ ရောက်အောင် ထူထပ်လှတော့၏။

နစ်ဝင်နေသောခြေထောက်ကို အားစိုက်၍ ဆွဲထုတ်လိုက် နောက်တစ်လှမ်း လှမ်းလိုက်ရနှင့် မဆုံးနိုင်တော့သည့် ခရီးရှည်ကြီးကို စိတ်မပါတော့ဘဲ လတာပြင်ညိုညိုကြီးပေါ်မှာပင် ဖင်ထိုင်ချ၍ နားနေချင်စိတ်များ ပေါ်ပေါက်လာ၏။

ပြီးတော့လည်း လူချည်းသက်သက်၊ လွတ်လွတ်လပ်လပ် လျှောက်လှမ်းနေရသည်မဟုတ်၊ လက်တစ်ဖက်က “လင်းဘက်”ပိုက်၏ ထီးရိုးဝါးလက်တံကိုလည်း နွံပြင်ပေါ်မှာ တရွတ်တိုက်၍ ဆွဲယူနေရသေး၏။ ထိုအခါ လူကမတ်မတ်ရပ်၍ လျှောက်လို့မရ။ ဗျိုင်းအောက်ကြီးတွေလို ခါးကို ကုန်း၍ ရုန်းနေဆွဲနေရသည်ဖြစ်ရာ ပင်ပန်းလှတော့သည်။

ပိုက်အလျားက တစ်ဆယ့်နှစ်တောင်၊ ပိုက်ဝ တစ်ဆယ့်ခြောက်တောင်နှင့် "လှေထင်"ဟုခေါ်သည့် အနံက တစ်ဆယ့်နှစ်တောင်ရှိသော လင်းဘက်ပိုက်ဖြစ်သည်။ ပိုက်အနံလှေတင်ဘက်သည် ကန့်လန့်လိုက်ပါလာသော လှေနံဘေးမှာ ကပ်ချည်ထားပြီး ပိုက်၏ထိပ်ဝကို ရေပြင်အောက်ရှိနွံပြင်ကို ထိသည်ဆိုရုံကလေးရှပ်၍ ဆွဲယူနေရခြင်းဖြစ်၏။ သို့မှသာ သောင်ကမ်းရေစပ်တွင် မြူးထူးအစာစားနေကြသည့် ငါးတွေ၊ ပုစွန်တွေ ပိုက်ထဲတွင်ပါလာပေလိမ့်မည်။

ထိုလင်းဘတ်ပိုက်ကလေးနှင့်ဖမ်းလျှင် ရလာနိုင်သောငါးများမှာ ငါးပတ်ပေါက်ကလေးများ၊ ငါးသံချိတ်များ၊ ငါးခွံကြမ်းများ၊ ယင်ပေါင်စာများ၊ ငါးခုံးမများ၊ ငါးဖယ်၊ ငါးဖယ်အောင်းများ၊ ငါးဖောင်ရိုး၊ ငါးစင်းလုံး၊ ပုစွန်တွေသာများ၏။

ပိုက်၏တစ်ဖက်တစ်ချက်တွင် လူတစ်ယောက်စီ ဆွဲယူနေရသည်ဖြစ်၍ ကမ်းစပ်သောင်ပြင်ပေါ်က လူသာ ပင်ပန်းလှသည်မဟုတ်၊ ရေလယ်ဘက်က နေ၍ ပိုက်လက်တံတစ်ဖက်ကို ဆွဲ၍ဆွဲ၍ လူတစ်ရပ်ခန့် လူတစ်ရပ်သာသာ ရေထဲမှာရုန်းနေရသော ရေလယ်သမားကလည်း မသက်သာလှ။ ရေထဲတွင် နှာခေါင်းကလေးပေါ်ရုံမော့၍မော့၍ အင်နှင့်အားနှင့် ဆွဲယူနေရသည်သာ။

မြစ်တို့၏တစ်ဖက်တစ်ချက်မှာ အနားသတ်ထားကြသည့် ညိုဝါဝါသောင်ကမ်းစပ်တွေသည် အမြဲတမ်း ခပ်ပြေပြေဆင်ခြေလျှောတွေ ဖြစ်နေကြသည်ကားမဟုတ်။ အချို့နေရာများတွင် ရေစွယ်ရေစီးတွေက အရှိန်ပြင်းပြင်းနှင့် ဖွဲ့ယူတိုက်စားထားလေသဖြင့် ကမ်းပါးပြတ်ကြီးတွေ ဖြစ်နေတတ်သေး၏။

ထိုအခါမျိုးတွင် ရေလယ်သမားမောပြီ ..။ လူ့အရပ်နှင့် ခြေဖျားထောက်၍ပင်မမီသဖြင့် လက်တစ်ဖက်ကပိုက်တံကိုဆွဲရင်း ကျန်လက်တစ်ဖက်နှင့် ခြေနှစ်ဖက်ကရေထဲတွင် လူးကာလွန့်ကာယက်၍ မတ်ရပ်ကြီး ရေကူး၍လိုက်ရလေသည်။

ရေထဲတွင် ချွေးထွက်၊ ချွေးပြန်သည်ဟု ပြောလျှင် သူတို့ဘဝကို မသိသူများက ရယ်ကြပါလိမ့်မည်။ တကယ်တမ်းကျတော့ မရယ်နိုင်ကြ၊ သောင်စပ်မှာ တငံ့ငံ့တကိုင်းကိုင်းနှင့် ပိုက်ကိုဆွဲယူသွားနေသူက သောင်စပ်နွံပြင်ပေါ်မှာ တစ်ပေါက်ပေါက်ချွေးစက်တွေ စီး၍ကျ၏။ ရေလယ်က လူကတော့ နဖူးမှစီး၍ကျသည့် ချွေးစက်တွေ မြစ်ရေမှာ ပျော်ဝင်သွားခဲ့ပြီ။

ရေလယ်ဘက်မှပိုက်ဆွဲလာသော ကိုညိုက ရေကိုငုံ၍ ကမ်းစပ်ဘက်ဆီ "ဖူး"ခနဲထွေးထုတ်လိုက်သည်။ ထိုအခါ ကမ်းရှိ ဦးဖိုးမှီက ခြေစုံရပ်၍ စောင့်နေလိုက်တော့သည်။

ပါးစပ်မှရေကို ကမ်းစပ်ဆီမှုတ်ထုတ်ပြလိုက်သည်မှာ အကြောင်းမဲ့မဟုတ်။ "ကမ်းနားဘက်က လူတွေရပ်တော့ ပိုက်ဝိုင်း၍ ဖော်တော့မယ်"ဟု အချက်ပေးလိုက်ခြင်းသာ ဖြစ်၏။

ကမ်းစပ်က ဦးဖိုးမှီသည် ကိုညို ကမ်းဆီသို့ ပိုက်ဝိုင်းအလာကိုစောင့်ရင်း ညောင်းညာနေသည့် ခါးကို ဘယ်ညာလှည့်ပြီး ဂျွတ်ဂျွတ်မြည်အောင် ချိုးလိုက်သည်။ ရေလယ်ဘက်က ပိုက်လက်သည် တဖြည်းဖြည်း ဝေ့၍ဝိုက်၍ ကမ်းစပ်ဆီရောက်လာပြီး သောင်စပ်ကိုမေးတင်ကာ ပိုက်ကိုဆွဲဖော်လိုက်ကြသည်။

ခြေလှမ်းနှစ်ရာလောက်တွင်တစ်ခါ ပိုက်ဖော်လေ့ရှိကြ၏။ ထို့ထက်ပို၍ဝေးဝေးမဆွဲနိုင်၊ မြစ်ရေထဲတွင် မျောပါလာကြသည့် ဒိုက်ဖတ်များ၊ ရေမှော်များ ပိုက်တွင်လာကပ်ပြီး တဖြည်းဖြည်းလေးလာတတ်သဖြင့် အခြေအနေကိုလိုက်၍ တစ်ခါတစ်ခါမှာတော့ ခြေလှမ်းတစ်ရာလောက်နှင့် ဖော်လိုက်ရသည့် အခါတွေလည်းရှိ၏။

လက်သန်းတစ်ပြူခန့်သာရှိသည့် တစ်မတ်ကွက်ပိုက်သားကို နှစ်ယောက်သား အပေးအယူညီညီနှင့် ဆွဲဖော်လိုက်သည့်အခါ ပိုက်အိုးထဲမှာ စုစုပေါင်း တစ်ပိဿာကျော်ကျော်ခန့် ငါးတွေ၊ ပုစွန်တွေ ခုန်ပေါက်ရင်း ပါလာခဲ့ကြပြီ။

(၂)

"အသက်ကြီးလာလို့လားတော့ မသိဘူး၊ ခါးတော်တော်ညောင်းပဲ့ကွာ၊ ပိုက်တစ်ခါဖော်ဖို့ကို မနည်းအားခဲပြီး လျှောက်နေရတယ်ဟေ့၊ ဆေးလိပ်ကလေး တစ်ဖွာနှစ်ဖွာလောက် ဖွာလိုက်အုံးမကွာ" ဟုပြောပြီး နားရွက်ကြားထဲညှပ်ထားသည့် ဆေးပေါ့လိပ်တိုကိုထုတ်၍ လှေလယ်ခေါင်တွင် ထွန်းထားသည့် ဒီဇယ်မီးခွက်မှာညှိ၍ အားရပါးရ ရှိုက်နေတော့သည်။

မြစ်ညာဘက်ဆီမှ ဗဝန်းသမားတစ်ယောက် ဟစ်လိုက်သော ကွက်စိပ်ထဲက မင်းသားငိုချင်းချသံကို ခပ်သဲ့သဲ့ကြားနေရသည်။ ကမ်းစပ်နှင့်မလှမ်းမကမ်း ဥယျာဉ်ခြံကြီးတစ်ခုအတွင်းမှ ဇီးကွက်အော်သံက ည၏တေးဂီတသံတစ်ခုအဖြစ် ဖြည့်စွက်ပေးလျက်ရှိသည်။

စောစောကတင် တဖျန်းဖျန်းရွာချနေသောမိုးပင် ဘယ်အချိန်က စဲသွားသည်မသိ၊ ကိုယ့်အာရုံနှင့်ကိုယ်မို့ သတိမထားမိလိုက်။ လခြမ်းကွေးကွေးကလေးက အဆုပ်လိုက်အခဲလိုက် တိမ်စိုင်တိမ်လိပ်တွေကြားမှာ မဝံ့မရဲကလေး သာလျက်ရှိ၏။

"ပိုက်သိမ်းရတော့မှာပါ အဘရဲ့၊ နောက်ထပ် ပိုက်တစ်လား နှစ်လားလောက်ဆွဲပြီးရင်တော့ ရေတက်တော့မှာပါ" ကိုညိုကပြောရင်း နောက်ထပ်တစ်လားဆွဲရန် ပိုက်လက်တစ်ဖက်ကို ရေလယ်ဘက်သို့ဆွဲယူထွက်သွားသည်။

သောက်လက်စဆေးပေါ့လိပ်ကို အသာမီးသတ်ပြီး နားရွက်ကြားမှာ ပြန်၍ညှပ်သည်။ မြစ်ညာဘက်ဆီ လှမ်းကြည့်လိုက်တော့ ဗဝန်းလှေ၊ ကွန်လှေတွေဆီက မီးရောင်တွေ ကွက်ကျား ကွက်ကျား လှမ်းမြင်ရသည်။ ကမ်းစပ်ရှိ လမုပင်တွေ၊ ခရာချုံတွေ၊ ကိုင်းပင်တွေက ညအမှောင်အောက်မှာ အိပ်ပျော်နေကြသည်။

သောင်ပြင်ရေစပ်မှာတော့ ငါးဖျံကလေးတွေ တွင်းထဲကထွက်လာလိုက် ပြန်ဝင်သွားလိုက်နှင့် ဆော့ကစားနေကြသည်။ ငါးဖျံကလေးတွေ ဒါလောက် မြူးနေပုံထောက်၍ မကြာခင် ရေပြန်တက်ပေလိမ့်မည်။ ရေတက်ရေကျကို ငါးဖျံတွေက သိကြသည်မဟုတ်လား။

ယခုတစ်ကြိမ်သည် သူတို့၏နောက်ဆုံးပိုက်ချက်ဖြစ်သည်။ မြစ်မကြီး၏ ကွေ့ထဲတွင်ဖြစ်၍ ကမ်းစပ်မညီမညာဖြစ်၍ ရေလယ်ဘက်မှ ကိုညိုသည် တစ်ချိန်လုံးရေကူး၍ ပိုက်ကိုရုန်းနေရသဖြင့် မောနေပြီ။ ရေကလည်း အောက်ဘက်သို့ မစီးတော့ဘဲ အီနေလေပြီ။ ထို့ကြောင့် ခြေလှမ်းတစ်ရာပင်မပြည့်မီမှာ ကမ်းသို့ကပ်၍ ပိုက်ဝိုင်းရန် အချက်ပေးလိုက်သည်။

သူတို့ပိုက်ဝိုင်းလိုက်သည့် ကမ်းစပ်တွင် ကဇန်းချုံကြီးတစ်ချုံက လူကြီးနှစ်ဖက်စာခန့် အရွက်ဖားကြီးများဖြင့် ရေစပ်ဆီတိုးထွက်နေတာ တွေ့ရသည်။

"ဖြည်းဖြည်း .. ဖြည်းဖြည်းဝိုင်းကွ ညို။ ဒီလိုချုံကြီးတွေမှာ ငါးရံ့ကြီးတွေ ခိုတတ်တယ်ကွ" ပြောပြီး သူကိုယ်တိုင်လည်း သတိကြီးစွာထား၍ အသာချော့ကာချော့ကာ ပိုက်ကိုဆွဲ၍ ဝိုင်းလိုက်သည်။

ကဇန်းပင်ချုံကြီးသည် အရွက်တွေ၊ အမြစ်တွေကလည်းရှုပ်၊ မျောပါလာသော ဒိုက်ပုံကြီးတစ်ပုံကလည်း ကပ်၍တွယ်ညိနေသေးရာ၊ ငါးကြီးတွေ ခိုကပ်ရန် နေရာကောင်းဖြစ်နေပေတော့၏။

နှစ်ပိဿာ၊ သုံးပိဿာခန့်ရှိသော ငါးရံ့ကြီးတွေဆိုလျှင် သည်လိုလင်းဘက်ပိုက်ကလေးနှင့်ဖမ်းရန် လွယ်သည်မဟုတ်၊ ပုစွန်နှင့် ငါးနုပ်ငါးဖွဲ ဖမ်းရန်လောက်သာ အသုံးဝင်သည့် သည်လိုပိုက်လောက်တော့ တစ်ခါ၊ နှစ်ခါလောက်အားနှင့် ဖိ၍ရုန်းလျှင် ပိုက်ကွဲသွားလိမ့်မည်။ ထို့ကြောင့် ဦးဖိုးမှီက သတိပေးနေခြင်းဖြစ်သည်။

သူတို့နှစ်ယောက်သား သတိကြီးစွာထား၍ ကဇန်းချုံကိုဝိုင်းပြီး အပင်၏အရွက်ကို ဆွဲကာလှုပ်ကာ ခြောက်ထုတ်လိုက်သည်။ ဝုန်းခနဲ ရေပွက်သံနှင့်အတူ ငါးကြီးတစ်ကောင်၏လှုပ်ရှားမှုကို ရိပ်ခနဲ တွေ့လိုက်ရပြီး မြောက်ခနဲ ခုန်တက်လိုက်တာ တွေ့ရ၏။

"သတိထားဟေ့ ငါးရံ့ကွ၊ နောက်ဆုံးပိတ် အိတ်နဲ့ လွယ်ပေါ့ကွာ"ဟုပြောပြီး နောက်ထပ်တစ်ခါ ချုံကို ဆွဲလှုပ်သည်။ ပိုက်လန့်နေသော ငါးရံ့က အစွမ်းရှိ သမျှခုန်ထွက်လေရာ အပေါ်မှအုပ်မိုးထားသော ကဇန်းချုံနှင့် တိုက်မိပြီး သောင်စပ်သို့ ပြန်ကျလေသည်။

ထိုအခါ အသက်အရွယ်နှင့်မလိုက်အောင် လျင်မြန်လှသည့် ဦးဖိုးမှီက ဖျတ်ခနဲခုန်အုပ်ကာ လက်နှစ်ဖက်ဖြင့် ဖိဖိပါအောင်ဆုပ်ပြီး ကုပ်ချိုးလိုက်တော့၏။

လှေဝမ်းထဲသို့ ပစ်ထည့်လိုက်ချိန်မှာတော့ ကုပ်ကျိုးနေသော ငါးရံ့ကြီးမလှုပ်နိုင်တော့၊ ငြိမ်သက်နေပြီ။ သို့သော် ငါးရံ့လိုငါးမျိုးက အသက်ပြင်းလှ၍ ချက်ချင်းတော့မသေသေး။ အိမ်ပြန်ရောက်သည်ထိ အသက်ရှင်လတ်ဆတ်နေဦးမည်။ ကုပ်ချိုးခံထားရ၍သာ မလှုပ်ရှားနိုင်တော့ခြင်းဖြစ်သည်။

ဦးဖိုးမှီသည် လှေဦးမှနေ၍ လှေကိုအားပါပါ ကျုံး၍ လှော်နေသည်။ အိမ်ကိုမြန်မြန်ပြန်ရောက်ချင်နေပြီ။ တစ်ရေစစ်၊ တစ်ရေကျလုံးလုံး မနားတမ်း ပိုက်ဆွဲခဲ့ရသဖြင့် နှစ်ပေါင်းများစွာ ခိုင်းလာခဲ့သည့် ခန္ဓာကိုယ်ကြီး ပင်ပန်းနွမ်းနယ်နေပြီ။ နာကျင်ကိုက်ခဲနေပြီ။ အိပ်ရေးပျက် ဖန်တွတ်တွတ် မျက်စိအစုံက အနားယူရန်တောင်းဆိုနေပါပြီ။

ဆက်လက်ဖော်ပြပါမည်။

# မော်လိုက်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၆၇၉ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၆၇၉ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၆၇၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၂၆၇၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဩဂုတ်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၇၄၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ဒေသကထွက်တဲ့ ပင်လယ်ငါးကွမ်းရှပ်ခြောက်ကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ပိဿာချိန် ၈၂၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့အားကောင်းနေတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ပင်လယ်ငါးခြောက်တွေက နွေဘက်က လုပ်ထားတဲ့ပင်လယ်ငါးခြောက်တွေ ဖြစ်ပါတယ်။ ပင်လယ်ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်" ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြသည်။



ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ငါးခြောက်လုပ်ငန်းနှင့်ဆက်စပ်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဇေယျာသီရိမြို့နယ် ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်အေးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ၌ ပထမအကြိမ် စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၀၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချောင်းဖျားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၉၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၂၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၈၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နော်လူး

# ကြိုးစားပါစို့

\- အောင်မြင်ရေး မှန်းဆရည်
လှမ်းကြမည် အားမာန်ဝင့်၊
ဖွဲ့ လုံ့လ ဝီရိယ
ရှိမှဂုဏ်တင့်။

\- ဉာဏ်ပညာ အဆင့်မြှင့်
ဗဟုသုတဖြင့် ဆင်ခြင်ကာ
စွမ်းနိုင်ပေရာ၊
နိုးကြားလို့ ကြိုးစားပါ
ရိုးသားစွာ ဘဝရေး၊
နည်းလမ်းတွေ စနစ်တကျ
ထားရှိကြလေး။

\- စည်းကမ်းမှု လိုက်နာပေး
မှားမှန်တွေး ဝေခွဲနေ၊
ကြိုးစားသူ ဘဝလမ်း
အလှပန်းဝေ၊
ရည်မှန်းချက် ပန်းတိုင်အခြေ
လှမ်းနိုင်စေ တရွေ့ရွေ့၊
စိတ်ဖြူစင် မြတ်အသိဖြင့်
တတ်သိပျော်မွေ့။

\- မေတ္တာမှု ပြစ်ကင်း၍
ချစ်ခြင်းပြည့် ပြုံးချိုသာ၊
မနာလို မာနဝေး
ကူညီပေးကာ၊
လူလူချင်း ကြင်နာစွာ
အစဉ်လာ ကောင်းစေဖို့၊
များအကျိုး သယ်ပိုးသွား
ကြိုးစားပါစို့။ ။

ကိုရွှေတောသား(ဆင်ကူး)

# လင်းခေးမြို့နယ် တင်ပွတ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**လင်းခေး စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်ပွတ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက တင်ပွတ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

တင်ပွတ်ကျေးရွာ၌ အနက်ပေ ၃၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၈၈ သန်းအသုံးပြု၍ စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အေးသူ

# ဂုဏ်ယူဖွယ်ကောင်းသည့် နိုင်ငံ့တာဝန်

ဘုန်းမောင်ဝင်း(ဖျာပုံ)

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူအားလုံး၏ မွေးရာပါတာဝန်တစ်ရပ်ဖြစ်သည်။ မိမိနေထိုင်သည့်နိုင်ငံကို မိမိတို့ကာကွယ်ရမည်မှာ လူသားတစ်ယောက်မဖြစ်မနေထမ်းဆောင်ရမည့်တာဝန်လည်းဖြစ်သည်။ ကမ္ဘာပေါ်တွင်နိုင်ငံပေါင်းများစွာရှိသည့်အနက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အလေးအနက်မထားသည့် နိုင်ငံဟူ၍ရှိနိုင်မည်မဟုတ်ပေ။ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကိစ္စရပ်များကို အထူးအလေးအနက်ထားဆောင်ရွက်နေကြသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများသည်ပင် နိုင်ငံတော်ကာကွယ်ရေးအသုံးစရိတ်ပိုမိုသုံးစွဲခွင့်ကို သက်ဆိုင်ရာလွှတ်တော်များက တိုးမြှင့်ဆောင်ရွက်ခွင့်ပြုလျက်ရှိသည်ကို နိုင်ငံတကာသတင်းများတွင် မကြာခဏတွေ့မြင်ရသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခြင်းဟူသော နာကြည်းဖွယ်ဖြစ်ရပ်ဆိုးကို ကြုံတွေ့ခဲ့ရသောနိုင်ငံဖြစ်သည်။ ထို့ပြင် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည်မှာ လူမျိုးတစ်မျိုးတည်းနေထိုင်သည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်သည့်နိုင်ငံဖြစ်သည်။ ထို့အတူ အိမ်နီးချင်းနိုင်ငံများတွင် နိုင်ငံကြီးနှစ်နိုင်ငံနှင့်ကပ်လျက်တည်ရှိသကဲ့သို့ နိုင်ငံသေးငယ်ပြီး လူဦးရေပေါက်ဖွားနှုန်းအလွန်မြင့်မားသည့်နိုင်ငံနှင့်လည်း ကပ်လျက်တည်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏အချုပ်အခြာအာဏာတည်မြဲနေစေရန် အထူးပင် အစဉ်သတိမပြတ်ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတိုးတက်ကြီးပွားမည့်အရေးကိစ္စကို မလိုလားသည့် ပြည်ပနိုင်ငံတချို့ကလည်း မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ပင်မှုအမျိုးမျိုးဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုနှောင့်နှေးအောင် လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် လက်ရှိအခြေအနေတွင် နိုင်ငံတော်အကြီးအကဲက ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေးကို အလေးအနက်ထားဆောင်ရွက်စေလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍပေါင်းစုံတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းနေရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူပေါ်ထွက်လာသည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများရှိနေသည်။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေးအတွက် လက်နက်ကိုင်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံပျက်စီးရေးအတွက် လက်နက်ကိုင်ဆောင်နေခြင်းဖြစ်သည်။

အကြမ်းဖက် သောင်းကျန်းသူတို့အနေဖြင့် တံတားတစ်စင်း၊ လမ်းတစ်လမ်းမျှဖောက်လုပ်ပေးခဲ့ဖူးခြင်းမရှိသော်လည်း ဖျက်ဆီးမှုတွင် စံချိန်တင်သည်ဟုပြောနိုင်လောက်အောင် လုပ်ရပ်များက သက်သေခံလျက်ရှိသည်။ နိုင်ငံတော်၏စီးပွားရေးသည် ရှေ့သို့မြင့်တက်နေရမည့်အစား အကြမ်းဖက်သောင်းကျန်းသူတို့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့်အရာမှန်သမျှပြန်လည်တည်ဆောက်နေရခြင်းနှင့် အချိန်ကုန်၊ ငွေကုန်ဖြစ်နေသည်။ ပြည်တွင်း၊ ပြည်ပအဖျက်ရန်များကင်းစင်ရေးအတွက် နိုင်ငံတော်တွင် ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာနေရန် အထူးပင်လိုအပ်သည်။ အဆိုပါလိုအပ်ချက်သည် ခေတ်ကာလ (နှစ်အပိုင်းအခြား) တစ်ခုအတွက်သာမဟုတ်ဘဲ စဉ်ဆက်မပြတ်လုပ်ဆောင်နေကြရမည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးစွာတည်ထောင်ခဲ့ကြသူများဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသက်ရှိထင်ရှားရှိစဉ်ကပင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံကာကွယ်ရေးနှင့်ပတ်သက်၍ အရွယ်ရောက်သူမှန်သမျှ မဖြစ်မနေစစ်မှုထမ်းကြရန် မီးမောင်းထိုးပြပေးခဲ့သည်။

ယနေ့တိုင်ရုပ်မြင်သံကြားများ၊ အခမ်းအနားများတွင် သီဆိုလျက်ရှိသည့် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဟူသော သီချင်းစာသားများသည် အလွန်ပင်လေးနက်လှသည်။ ခေတ်အဆက်ဆက် လူငယ်တို့ထမ်းဆောင်ရမည့် ဂုဏ်ယူဖွယ်ကောင်းသည့်နိုင်ငံ့တာဝန်သည် တပ်မတော်အင်အားရှိအောင် လုပ်ဆောင်ရေးပင်ဖြစ်သည်။

တပ်မတော်အင်အားရှိရေးအတွက် လူအား၊ ငွေအားနှင့်ကူညီကြရန် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက နှိုးဆော်ထားသည်။ အဆိုပါနှိုးဆော်ချက်သည် နိုင်ငံနှင့်ပြည်သူများဘဝ တည်ငြိမ်အေးချမ်းရေးမှသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေရေးအတွက်ဖြစ်သည်။ ရှေးကမိဘဘိုးဘွားတို့ နိုင်ငံတော်ကာကွယ်ရေးကို အလေးထားခဲ့သကဲ့သို့ ယနေ့ကာလတွင်လည်း နိုင်ငံတော်ကာကွယ်ရေးသတိရှိနေရမည်ဖြစ်သည်။

> ❖ နိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးပြီး လူငယ်လူရွယ်များကို စစ်ပညာသင်ကြားပို့ချပေးထားသည့်အတွက် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားတိုင်း စစ်သင်တန်းတက်ရောက်ပြီးသူများဖြစ်လာပေလိမ့်မည်။ ထိုအခါ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက်လည်းကောင်း အားကိုးအားထားပြုနိုင်သူများ ဖြစ်လာပေလိမ့်မည်။ တပ်မတော်သားဆိုသည်မှာ သီးခြားမွေးဖွားလာကြသူမဟုတ်ဘဲ ပြည်သူတို့၏သားသမီးများသာဖြစ်သည်။❖

ပြည်သူတစ်ရပ်လုံးပါဝင်သော နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံများစွာက အလေးထားလုပ်ဆောင်လာကြပြီဖြစ်ပေရာ မြန်မာနိုင်ငံသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၄၀ တွင် "တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်"ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အတည်ပြုကျင့်သုံးခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်ချက်နှင့်ကိုက်ညီသူတိုင်း ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းလျက်ရှိသည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သင်တန်းဆင်းပွဲအခမ်းအနားများကို စက်တင်ဘာ ၁၂ ရက်နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက်နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက်ဆိုလျှင် လူငယ်တို့မှာတက်ကြွရှင်လန်းနေသည်။ မိမိတို့ပတ်ဝန်းကျင်တွင် သူငယ်ချင်းအပေါင်းအသင်းရှိသည်ထက် ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် အသိမိတ်ဆွေအသစ်များပိုမိုတိုးပွားသည်။ ရဲဘော်ရဲဘက်များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြရသည်ကိုဂုဏ်ယူကြသည်။ ပြည်သူ့စစ်မှုထမ်းလူငယ်များကို ပြည်သူတို့က သောင်းသောင်းဖြဖြကြိုဆိုကြသည်။ ထို့အတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများကလည်း နွေးထွေးစွာဆက်ဆံကြသည်။ သူတို့ကို လိုအပ်ချက်မရှိအောင် ပံ့ပိုးကူညီကြသည်။

သာမန်အရပ်သားဘဝတွင် လူအမျိုးမျိုး စိတ်အထွေထွေနှင့်ဖြစ်ကြသော်လည်း တပ်မတော်၏အရိပ်သို့ ရောက်သည့်အခါ အားလုံးသည် တစ်စိတ်တစ်ဝမ်းတည်းတူညီသွားကြသည်။ သစ္စာလေးချက်ကို ညီညာစွာရွတ်ဆိုနေရခြင်းပင်လျှင် နိုင်ငံတော်နှင့်နိုင်ငံသားတို့အပေါ် တန်ဖိုးထားသည့်စိတ်များအလိုလိုပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ သစ္စာလေးချက်၏လေးနက်မှုသည် စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်သည့် စိတ်ဓာတ်ကောင်းများဖြစ်ထွန်းသွားသည်။ စစ်သည်တော်ဟောင်းတစ်ဦးက"ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ။ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောက်ျားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကိုသင်ကြားပေးတဲ့ကျောင်းကြီးပေါ့"ဆိုသည်နှင့်အညီ ပြည်သူ့စစ်မှုထမ်းလူငယ်များကို အမှန်တကယ်ယောကျ်ားမြတ်များဖြစ်အောင် သင်တန်းကျောင်းများက ပြုပြင်ပေးလိုက်ပြီဖြစ်သည်။

မိဘများအတွက်သားသမီးကောင်း၊ နိုင်ငံတော်အတွက် တပ်မတော်သားကောင်းများအဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဂုဏ်ယူစွာထမ်းဆောင်ကြသည်။ ရဲဝံ့သည့်သတ္တိနှင့် အသွေးအသားပေးလှူရဲသော၊ တရားသောစစ်ဆင်နွှဲသော တပ်မတော်သားဆိုသည်မှာမွန်မြတ်၍ ဂုဏ်ယူဖွယ်ကောင်းသော နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများအပါအဝင် တပ်မတော်သားတို့သည် စိတ်ဓာတ်ကောင်း၍ စည်းကမ်းရှိကြသူများဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအပေါ်သစ္စာစောင့်သိသူများဖြစ်သည်။ အချင်းချင်းရဲဘော်ရဲဘက်စိတ်ဖြင့် စည်းလုံးညီညွတ်မှုရှိကြသည်။ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ်ပြည့်စုံကြသည်။

တပ်မတော်သားတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏သစ္စာကို စောင့်သိကြရသည်။ ကျဆုံးလေပြီးသော တပ်မတော်သားတို့၏သစ္စာကိုလည်းစောင့်သိရသည်။ တပ်မတော်တွင် စစ်ပညာစတင်သင်ယူကြသည်နှင့် ပထမဆုံးသောသင်ခန်းစာမှာ "သတိ၊ သက်သာ၊ အေးစေ"ဖြစ်သည်။ အဆိုပါသင်ခန်းစာ၏ရည်ရွယ်ချက်မှာ အမိန့်နာခံတတ်စေရန်နှင့် စစ်စည်းကမ်းကောင်းမွန်စေရန်ဖြစ်သည်။ တပ်မတော်သားတို့သည် အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရသည်။ ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြ၍လည်း နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

နိုင်ငံတော်တွင်ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးပြီး လူငယ်လူရွယ်များကို စစ်ပညာသင်ကြားပို့ချပေးထားသည့်အတွက် အနာဂတ်ကာလတွင်မြန်မာနိုင်ငံသားတိုင်း စစ်သင်တန်းတက်ရောက်ပြီးသူများဖြစ်လာပေလိမ့်မည်။ ထိုအခါ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက်လည်းကောင်း အားကိုးအားထားပြုနိုင်သူများဖြစ်လာပေလိမ့်မည်။ တပ်မတော်သားဆိုသည်မှာ သီးခြားမွေးဖွားလာကြသူမဟုတ်ဘဲ ပြည်သူတို့၏သားသမီးများသာဖြစ်သည်။ ထို့အတူ တစ်နေရာစီမှလာရောက်ကြပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြရခြင်းဖြစ်သည့်အတွက် အားလုံးတွင်တူညီသည်မှာ ရဲဘော်စိတ်ရှိကြခြင်းဖြစ်သည်။

"ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသောမေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်၏"ဟူ၍ ဖွင့်ဆိုထားသည့်အတိုင်း ရဲဘော်စိတ်သည် ညီအစ်ကိုအရင်းပမာချစ်ခင်မြတ်နိုးသည့်စိတ်ထားဖြစ်သည်။ ထိုရဲဘော်စိတ်သည် နိုင်ငံတော်ကာကွယ်ရေးတွင် စိတ်ဓာတ်ပိုင်းဆိုင်ရာအမြင့်မားဆုံးဖြစ်သည်။ အချင်းချင်းရိုင်းပင်းကူညီလိုသည့်စိတ်ဓာတ်ဖြင့် ရန်သူနှင့်ရင်ဆိုင်ရာတွင် ကျည်တစ်တောင့် လူတစ်ယောက်ကျန်သည်ထိ တိုက်ရဲသည်။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဟူသောစိတ်ဖြင့် စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်ကြသည်။ တညီတညွတ်တည်းစုပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်းစိတ်ဓာတ်ခိုင်မာအားကောင်းလာသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် အားကိုးအားထားပြုရမည့် ပြည်သူ့စစ်မှုထမ်းများအဖြစ်တွေ့မြင်ရသည့်အခါ အနာဂတ်နိုင်ငံတော်အတွက်စိတ်အေးရသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်သည် သီးခြားသင်ယူရသည့် စိတ်ဓာတ်မျိုးမဟုတ်ဘဲ တာဝန်ထမ်းဆောင်ရင်း မိမိတို့၏ရင်ထဲတွင်ဖြစ်ပေါ်လာသည့်စိတ်ဓာတ်ကောင်းဖြစ်သည်။ လူငယ်တို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်လာကြပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတို့၏စိတ်ဓာတ်ကောင်းမွန်မှုနှင့်အောင်မြင်မှုသည် တပ်မတော်၏အောင်မြင်မှုဖြစ်သည်။ တပ်မတော်၏အောင်မြင်မှုများသည် နိုင်ငံတော်၏အောင်မြင်မှုများဖြစ်သည်။ တပ်မတော်သည် အမြဲတမ်းအောင်မြင်နေရမည်။ ပြည်သူ့စစ်မှုထမ်းများသည်လည်း တပ်မတော်၏အောင်မြင်မှုကိုရယူပေးနိုင်သူများဖြစ်အောင် ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရခြင်းမှာ"**ဂုဏ်ယူဖွယ်ကောင်းသည့်နိုင်ငံ့တာဝန်**"ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။

# ဥတုဖောက်ပြန်သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်

မောင်စိန်အိ(နဘဲမြေ)

နှစ်စဉ် စက်တင်ဘာလဒုတိယပတ်(စနေနေ့)သည် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဖြစ်သည်။ ယခုနှစ် စက်တင်ဘာ ၁၃ ရက်သည် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဖြစ်သည်။ ယခုနှစ်အတွက်ဆောင်ပုဒ်သည် "ဥတုဖောက်ပြန် သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်" "First Aid and Climate Change" ဖြစ်သည်။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့သည် အသက်အန္တရာယ်ကယ်ဆယ်ရာတွင် ရှေးဦးပြုစုခြင်း၏ အရေးပါသော အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ သိရှိနားလည်စေရန်ပင်ဖြစ်သည်။

ရှေးဦးပြုစုခြင်းနည်းလမ်းကို သင်ယူထားခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ အပါအဝင် အရေးပေါ်အခြေအနေများတွင် လူသားတို့၏ တန်ဖိုးရှိသောအသက်တို့ကို ကယ်တင်နိုင်စေမည်ဖြစ်သည်။ လူနာတစ်ဦးကို တွေ့ရှိချိန်၌ ဆေးရုံ၊ ဆေးပေးခန်းသို့ ချက်ချင်း သို့မဟုတ် အချိန်ပိုင်းအတွင်း မပို့ဆောင်နိုင်ပါက လူနာ၏ အသက်အန္တရာယ်ကို အတတ်နိုင်ဆုံးနည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက် ကယ်တင်ခြင်းပင်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မွန်မြတ်သောပရဟိတလုပ်ငန်းပင်ဖြစ်သည်။

**ရှေးဦးပြုစုခြင်းအစ**

၁၈၅၉ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် ဟင်နရီဒူးနန့် (Henri Dunant)သည် စီးပွားရေးကိစ္စဖြင့် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံကိုတွေ့ဆုံရန် အီတလီသို့သွားရောက်စဉ် ဆိုဖာရီနို(Solferino) မြို့ကလေးသို့ရောက်ရှိခဲ့သည်။ ထိုစဉ်က ၎င်းမြို့ကလေးတွင် ပြင်သစ်တပ်များနှင့် ဩစတြီးယားတပ်များကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ တစ်နေ့တည်း၌ပင် နှစ်ဖက်စလုံးမှသေကျေ၊ ဒဏ်ရာရရှိသူ စစ်သား ၄၀၀၀၀ ကျော်ရှိခဲ့သည်။ မည်သည့်အဖွဲ့အစည်းကမျှ ဒဏ်ရာရလူနာများကို ဆေးဝါးစောင့်ရှောက်မှုမပေးဘဲ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့စွာ ပစ်ထားခဲ့ကြသည်။

ဟင်နရီဒူးနန့်သည် ထိုမြင်ကွင်းကိုတွေ့ရှိပြီးနောက် တုန်လှုပ်ချောက်ချားခဲ့သည်။ ၎င်း၏မူလစီးပွားရေးကိစ္စကိုစွန့်လွှတ်ပြီး စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများကို ဆေးဝါးစောင့်ရှောက်မှုပေးခဲ့သည်။ ဒေသခံများကိုလည်း ဒဏ်ရာရရှိသူများကို ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ ဆေးဝါးစောင့်ရှောက်မှုပေးရန် စည်းရုံးဆောင်ရွက်ခဲ့သည်။ ဒူးနန့်သည် ဆွစ်ဇာလန်သို့ရောက်ရှိပြီးနောက် ၁၈၆၂ ခုနှစ်တွင် တိုက်ပွဲအတွေ့အကြုံကို"ဆိုဖာရီနိုအောက်မေ့ဖွယ်" (A Memory of Solferino) အမည်ဖြင့် စာအုပ်ထုတ်ခဲ့သည်။

ထိုစာအုပ်ကို ဥရောပတစ်ဝန်းရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် စစ်ဘက်ခေါင်းဆောင်များထံ ပေးပို့ခဲ့သည်။ ၎င်းသည် စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများကို ဆေးဝါးစောင့်ရှောက်မှုပေးမည့် နိုင်ငံအဆင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး တိုက်တွန်းနှိုးဆော်ခဲ့သည်။ ထို့ပြင် စစ်မြေပြင်တွင် ဒဏ်ရာရရှိကြသည့် စစ်သားများကို ဆေးဝါးစောင့်ရှောက်မှုပေးကြမည့် စေတနာရှင် ဆေးတပ်သားများနှင့် စစ်မြေပြင်ဆေးရုံများကို အကာအကွယ်ပေးမည့်နိုင်ငံတကာ စာချုပ်၊ စာတမ်းများ ချုပ်ဆိုထားရေးကိုလည်း နိုင်ငံတကာသို့ တောင်းဆိုခဲ့သည်။ ဟင်နရီဒူးနန့်၏ကြိုးပမ်းမှုကြောင့် ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ကိုစတင်ဖွဲ့စည်းနိုင်ခဲ့သည်။

**ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဖခင်ကြီးဖြစ်သည့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့သော ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ၁၉၀၁ ခုနှစ်တွင် ပထမဆုံး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုကို လက်ခံရရှိခဲ့သည်။ ထို့အတူ ၎င်းကိုဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏မွေးနေ့ဖြစ်သော မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းကြီးက ရှေးဦးပြုစုခြင်း အသိပညာများမြှင့်တင်ရန် ရည်ရွယ်၍ ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ်စနေနေ့တိုင်းတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို သတ်မှတ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အဆိုပါအထိမ်းအမှတ် အခမ်းအနားကို ၂၀၀၃ ခုနှစ်မှသာ စတင်ကျင်းပနိုင်ခဲ့ရာ ယခုနှစ်တွင် (၂၃)ကြိမ်မြောက်သို့ ရောက်ရှိပြီဖြစ်ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင်စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အဖွဲ့ခွဲတစ်ခုအဖြစ်သာစတင်ခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဗမာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေပြဋ္ဌာန်းနိုင်ခဲ့သည်။ ၎င်းဥပဒေကို ခေတ်အဆက်ဆက် ခေတ်စနစ်နှင့်လျော်ညီစွာ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်ဩဂုတ်လတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကိုအတည်ပြုပြဋ္ဌာန်းပြီး ကြက်ခြေနီလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။

**ရှေးဦးပြုစုခြင်းဆိုသည်မှာ**

ယခုနှစ် စက်တင်ဘာ ၁၃ ရက်သည် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဖြစ်သည်။ ရှေးဦးပြုစုစောင့်ရှောက်ကူညီမှုနှင့်ကြက်ခြေနီတို့သည် အစဉ်အမြဲဒွန်တွဲနေသည်။ ရှေးဦးပြုစုခြင်းသည် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ပင်မလုပ်ငန်းဖြစ်သကဲ့သို့ ကြက်ခြေနီအသင်းများ၏ အမြဲတေ သို့မဟုတ် ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာရှိကြက်ခြေနီအသင်းများအားလုံးဆောင်ရွက်ကြသည့် စီမံချက်များ၊ စီမံကိန်းများ၏ ကနဦးလုပ်ငန်းစဉ်ဖြစ်သည်။

ရှေးဦးပြုစုခြင်း အတတ်ပညာဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သူများကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများထံသို့ မရောက်ရှိမီထိခိုက်ဒဏ်ရာများ ပိုမိုမပြင်းထန်စေရေး၊ အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရေးအတွက် ရှေးဦးပြုစုခြင်းပြုလုပ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများသက်သာရာရရှိစေရန် ရှေးဦးဆောင်ရွက်သော အတတ်ပညာဖြစ်သည်။ ကြက်ခြေနီဆိုသည်မှာ ဒုက္ခတွေ့ကြုံနေသူများ၊ ဒဏ်ရာရလူနာများကို စေတနာ့ဝန်ထမ်းများအဖြစ် ပြုစုစောင့်ရှောက်ပေးသူများဖြစ်သည်။ ရှေးဦးပြုစုအတတ်ပညာများကို တတ်မြောက်ထားလျှင် လူသားချင်း စာနာထောက်ထားမှုစံနမူနာဖြင့် အသက်အန္တရာယ်ကိုကာကွယ်ပေးနိုင်သည့်အပြင် ကိုယ်ခန္ဓာမသန်စွမ်းဖြစ်မှုများကိုလည်း ကာကွယ်ပေးနိုင်သည်။

> ❖ ရှေးဦးပြုစုခြင်းအတတ်ပညာဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သူများကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများထံသို့မရောက်ရှိမီ ထိခိုက်ဒဏ်ရာများ ပိုမိုမပြင်းထန်စေရေး၊ အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရေးအတွက် ရှေးဦးပြုစုခြင်းပြုလုပ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများသက်သာရာရရှိစေရန် ရှေးဦးဆောင်ရွက်သော အတတ်ပညာဖြစ်သည်။ ကြက်ခြေနီဆိုသည်မှာ ဒုက္ခတွေ့ကြုံနေသူများ၊ ဒဏ်ရာရလူနာများကို စေတနာ့ဝန်ထမ်းများအဖြစ် ပြုစုစောင့်ရှောက်ပေးသူများဖြစ်သည်။❖

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးရုံသာမက နိုင်ငံအတွင်း လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခြင်း၊ သွေးလှူရှင်လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**ရှေးဦးပြုစုခြင်းဝန်ဆောင်မှုလုပ်ငန်းများ**

မြန်မာနိုင်ငံတွင် အစပိုင်း၌ ရှေးဦးပြုစုခြင်းသင်တန်းများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက်သာဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ပြည်သူလူထုအတွက် ရှေးဦးပြုစုခြင်းသင်တန်းများကိုပါ ဖွင့်လှစ်လာခဲ့သည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းရှိ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ၊ ကျောင်းဆရာ၊ ဆရာမများ၊ ရပ်ရွာစေတနာ့လုပ်အားရှင်များနှင့် ရပ်ရွာလူထုအတွင်း ရှေးဦးပြုစုခြင်းနည်းစနစ်များကို သိရှိစေရန်နှင့် အရေးပေါ်အခြေအနေများ၊ ပဋိပက္ခများနှင့် နေ့စဉ်လူမှုဘဝတွင် ဘေးဒုက္ခကျရောက်နေသူများကို ရှေးဦးပြုစုပေးနိုင်ရန်နှင့် လိုအပ်ပါက ဆေးရုံဆေးခန်းများသို့ ညွှန်းပို့ပေးနိုင်ရန်အတွက် ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများဖြစ်သည့် ရှေးဦးပြုစုခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းရေး၊ လူထုအခြေပြုရှေးဦးပြုစုခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းနှင့် ရေပြင်အသက်ကယ်ခြင်း၊ အိမ်တွင်းမတော်တဆဖြစ်ပွားမှု ကာကွယ်ခြင်းနှင့် လမ်းအန္တရာယ် မတော်တဆဖြစ်ပွားမှုကာကွယ်ခြင်း စသည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ကာ ရှေးဦးပြုစုခြင်း အသိပညာများ ဖြန့်ဝေပေးလျက်ရှိသည်။

**ဥတုဖောက်ပြန်သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်**

ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည် ရှေးဦးပြုစုခြင်းအတတ်ပညာရပ်များကို ရပ်ရွာလူထုအတွင်း ပြန့်ပွားစေခြင်းနှင့် မတော်တဆထိခိုက်မှုများကြောင့် ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုခြင်း ပညာရပ်များဖြင့် ရှေးဦးပြုစုစောင့်ရှောက်ခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်၊ ပဋိပက္ခဘေးအန္တရာယ်များနှင့် အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများတွင် လူအများဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကျရောက်ချိန်များတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဆိုရလျှင် ကြက်ခြေနီတပ်ဖွဲ့ဝင် စေတနာ့လုပ်အားရှင်များသည် ရှေးဦးပြုစုပေးခြင်းကဲ့သို့သော လူမှုကရုဏာလုပ်ငန်းများကို ရပ်ရွာလူထုအကျိုးအတွက် အခြေခံမူများနှင့်အညီ ဆောင်ရွက်ပေးနေသည့်အပြင် ရှေးဦးပြုစုခြင်းပညာရပ်ကို တစ်အိမ်တစ်ယောက် တတ်မြောက်ရမည်ဆိုသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အန္တိမရည်မှန်းချက်နှင့်အညီ ရှေးဦးပြုစုခြင်းသင်တန်းများကို ရပ်ရွာလူထုအတွင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အမှန်တော့ ရှေးဦးပြုစုခြင်းသည် ကြက်ခြေနီအသင်း၏ အဓိကမဏ္ဍိုင် အနှစ်သာရဖြစ်သည်နှင့်အညီ မျက်မှောက်ကာလ အရေးပေါ်ကြုံတွေ့နေသော အခြေအနေများ၌ သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့အပြင် အားကစားကဏ္ဍတွင်ပါ ထိခိုက်ဒဏ်ရာအနာတရဖြစ်ကြသူများ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနာကျင်မှုများနှင့် ကြုံတွေ့နေရသူများကို ကရုဏာ၊ မေတ္တာ၊ စာနာစိတ်ထားများဖြင့် ကူညီဖေးမဆောင်ရွက်ပေးလျက်ရှိသည်။

စင်စစ်အားဖြင့် စေတနာရှင်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ တာဝန်များတွင် ရှေးဦးသူနာပြုစုခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံစားနေရသူများကို ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ဒုက္ခသည်များကိုကူညီခြင်း၊ မိသားစုများနှင့်ခွဲခွာနေရသူများကို ပြန်လည်ပေါင်းစည်းနိုင်အောင်ကူညီခြင်း၊ စစ်ပွဲကာလတွင် ဒဏ်ရာရရှိသူများကိုကူညီခြင်း၊ စစ်သုံ့ပန်းများကို ကူညီစောင့်ရှောက်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ပြည်သူများကို ကာကွယ်စောင့်ရှောက်ကူညီခြင်း စသည်ဖြင့်များပြားလှသော ပရဟိတလုပ်ငန်းများပါဝင်လျက်ရှိကြောင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

**(၁) ကမ္ဘာ့ရှေးဦးပြုစုခြင်းအစ ဆိုဖာရီနိုက-သီဟစည်သူ။**
**(၂) https://worldfirstaidday.org/**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## သူတစ်ပါးအသက်သတ်ခြင်းက ကိုယ်လည်းအသက်တို

ကလေးတို့ရေ ဒီတစ်ပတ်ဦးဦးပြောပြချင်တဲ့ပုံပြင်လေးကတော့ သူတစ်ပါးအသက်သတ်ခြင်းက ကိုယ်လည်း အသက်တိုဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းက ရွာသာဆိုတဲ့ ရွာလေးတစ်ရွာမှာ မောင်သုညဆိုတဲ့ လူငယ်ကလေးတစ်ယောက်ရှိသတဲ့ကွယ်။ မောင်သုညဟာ အဖေ၊ အမေ၊ အစ်မတို့နဲ့အတူတူ နေထိုင်ကြတာမို့ အလွန်ပဲပျော်စရာကောင်းတာပေါ့ကွယ်။ မောင်သုညရဲ့မိဘနှစ်ပါးက မရှိဆင်းရဲရှာတော့ နေ့စဉ်ရက်ဆက် တောထဲသွားပြီး ထင်းခုတ်ရတာပေါ့ကွယ်။ ရလာတဲ့ထင်းကို မြို့တက်ရောင်းချစားသောက်ပြီး ဘဝကိုအေးအေးချမ်းချမ်းပဲ နေတာပေါ့ကွယ်။ မောင်သုညကလေးဟာ မိသားစုထဲမှာ အငယ်ဆုံး၊ အထွေးဆုံးသားလေးမို့ သူ့ရဲ့မိဘတွေက တောထဲတောင်ထဲသွားတဲ့အခါမခေါ်ဘူးတဲ့ကွယ်။ အစ်မဖြစ်သူ မယ်ခင်ကို အိမ်အလုပ်တွေ ဝိုင်းကူညီလုပ်ကိုင်ပေးဖို့ အိမ်မှာပဲထားခဲ့တာပေါ့ကွယ်။ သူ့ရဲ့မိဘတွေက နေ့စဉ်နေ့တိုင်းလိုပဲ ထင်းခုတ်က အပြန်လမ်းမှာတွေ့သမျှ သစ်သီးဝလံ၊ အရွက်တွေကို ခူးပြီးပြန်လာသတဲ့ကွယ်။ မောင်သုညတို့မိသားစုဟာ အတော်လေးဆင်းရဲရှာတော့ အသား၊ ငါးတွေလဲ ဝယ်မစားနိုင်ရှာဘူးပေါ့ကွယ်။ အစ်မမယ်ခင်ကလဲ မိဘတွေ ပင်ပင်ပန်းပန်း ခူးလာတဲ့ ဟင်းသီးဟင်းရွက်တွေကို တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ချက်ကျွေးတာပေါ့ကွယ်။ မိဘနဲ့အစ်မက ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်စားနိုင်ပေမဲ့ မောင်သုညကလေးဟာ သူ့အိမ်မှာချက်တဲ့ဟင်းတွေကို တို့တောင်မကြည့်ဘူးပေါ့ကွယ်။ မိဘတွေကလဲ တောထဲကအပြန်မောပန်းရတာမို့ သမီးဖြစ်သူ ချက်ကျွေးသမျှဟာ သူတို့အတွက် တကယ့်ကို အရသာရှိတဲ့ ဟင်းကောင်းတစ်ခွက်မို့ ခံတွင်းတွေ့နေတာပေါ့ကွယ်။ မောင်သုညကလေးဟာ ဘယ်အခါမှ မိဘတွေနဲ့ ထမင်းလက်ဆုံမစားဘူးတဲ့။

အိပ်ရာကပဲ မထသလို၊ ဗိုက်ကပဲမဆာသလိုနဲ့ အကြောင်းပြပြီး ငြင်းနေတာပေါ့ကွယ်။ အမှန်တော့ သူ့အိမ်မှာချက်တဲ့ဟင်းကို မစားနိုင်လို့ဆိုတာ မိဘတွေက မသိရှာဘူးပေါ့ကွယ်။ သူ့ရဲ့မိဘတွေက မနက်မိုးလင်းတာနဲ့ ဓားဆွဲပြီး ထင်းခွေသွားကြတယ်။ ညနေမိုးချုပ်မှပြန်လာကြတယ်။ မောင်သုညကလေးဟာလဲ မိဘတွေထင်းခွေသွားတာနဲ့ သူလဲလွယ်အိတ်ထဲ လောက်စာလုံးတွေအပြည့်ထည့်၊ လေးခွတစ်လက်နဲ့ ရွာအနီးတောစပ်ထဲသွားပြီး မုဆိုးအလုပ်လုပ်တော့တာပေါ့ကွယ်။ မြင်သမျှ၊ တွေ့သမျှသားကောင်တွေကို ပစ်ခတ်၊ သတ်ဖြတ် စားသောက်တာပေါ့ကွယ်။ အစ်မဖြစ်သူက သတ္တဝါလေးတွေ မသတ်ဖို့၊ သနားညှာတာဖို့ အတန်တန်ပြောဆို၊ ဆုံးမ၊ နားချပေမဲ့ မောင်သုညကလေးဟာ အစ်မဖြစ်သူစကားကို ဘယ်အခါမှ နားမထောင်ဘဲ "သတ္တဝါဆိုတာ လူချွတ်မှကျွတ်တာ။ ငရဲလဲမကြောက်ဘူး။ အစ်မချက်တဲ့ဟင်းတွေက တစ်ခါလာလဲ ဘူးရွက်၊ ဖရုံရွက်နဲ့ ဗိုက်ထဲမှာအမှိုက် ရှုပ်တာပဲအဖတ်တင်တယ်။ ခံတွင်းမတွေ့ဘူး။ စားလဲမစားနိုင်ဘူး"လို့ ပြောတာပေါ့ကွယ်။



အစ်မဖြစ်သူကလဲ "မောင်လေးရယ် ရွာဦးကျောင်းဆရာတော်က အမြဲ ဟောတဲ့တရားတော်ကို မောင်လေးလဲ ကြားဖူး၊ နာဖူးပါတယ်ကွယ်။ သူတစ်ပါးအသက်ကိုသတ်တာက ကိုယ့်မှာအသက်တိုတယ်တဲ့"လို့ ပြောတာပေါ့ကွယ်။

"သူတစ်ပါးအသက်ကမှ ခံတွင်းမြိန်တာ၊ အားရှိတာ။ ကျုပ်ကိုဘုရားတွေ၊ တရားတွေလာမဟောနဲ့ ကျုပ်မကြိုက်ဘူး။ ကျုပ် အခုလိုလုပ်နေတာတွေ အဖေနဲ့အမေကို သွားမပြောနဲ့နော်။ အဖေနဲ့အမေ ဆူရင် ကျုပ်ဒီမှာမနေတော့ဘူး။ အားလုံးနဲ့ဝေးရာကို ပြေးမှာ"လို့ မောင်သုညကလေးက အစ်မဖြစ်သူကို အဲဒီလိုခြိမ်းခြောက်တာမို့ အစ်မဖြစ်သူခမျာလဲ မောင်လေးက ငယ်သေးတဲ့အရွယ် လောကကြီးအကြောင်း၊ လူတွေရဲ့အကြောင်း ဘာမှမသိရှာတော့ တကယ်လို့ အိမ်ကထွက်သွားရင် တစ်နယ်တစ်ကျေးမှာ ဒုက္ခရောက်မှာစိုးတာနဲ့ မိဘတွေကို မပြောရှာဘူးတဲ့ကွယ်။ အစ်မဖြစ်သူခမျာ သွားလဲဒီစိတ်၊ စားလဲဒီစိတ်နဲ့ ဖြစ်နေတာပေါ့ကွယ်။

ဒီလိုနဲ့ ရက်၊ လ၊ နှစ်တွေ ကြာလာတာပေါ့ကွယ်။ အစ်မဖြစ်သူ ဘယ်လိုပဲတားတား မောင်သုညကလေးဟာ နားမထောင်ခဲ့ဘူးပေါ့ကွယ်။ ဒီလိုနဲ့ မိုးတွေတအားရွာနေတဲ့ညတစ်ညမှာမောင်သုညကလေးဟာ တုတ်တစ်ချောင်းနဲ့ ဖားထွက်ရိုက်ဖို့လုပ်နေတုန်း အစ်မဖြစ်သူသိပြီး "မသွားပါနဲ့ မောင်လေးရယ်။ မိုးသံကြားရင် ဖားကမနေနိုင်သလို ဖားသံကြားရင်လဲ မြွေကမနေနိုင်ဘူး။ ဖားဘာလို့အော် မြွေကိုက်လို့အော်တဲ့။ မောင်လေးက ဖားရဖို့ပဲမြင်တာ။ မြွေရဲ့အန္တရာယ်ကိုမမြင်ဘူး။ မောင်လေးစားချင်ရင် အစ်မကိုယ်တိုင် မနက်ကျဝယ်ချက်ကျွေးမယ်"

"မစားဘူးဗျာ ကျုပ်ကိုယ်တိုင် ဒီတုတ်နဲ့ရိုက်ပြီးမှ မြိန်ရေရှက်ရေစားချင်တာ ဖယ်ဗျာ"

မောင်သုညကလေးဟာ အစ်မဖြစ်သူကိုတွန်းဖယ်ပြီး ထွက်သွားတာပေါ့ကွယ်။ အဲဒီအခါကျမှ အစ်မဖြစ်သူဟာ သူ့ရဲ့မိဘတွေကိုနှိုးပြီး ချက်ချင်းပဲ မောင်သုညကလေးနောက်ကို လိုက်ကြတာပေါ့ကွယ်။ လေပြင်းကလဲတိုက်၊ မိုးကလဲရွာနေတော့ သစ်ကိုင်းသစ်ရွက်တွေကလဲ လမ်းပေါ်မှာပိတ်ဆို့နေတာကို ရှောင်ဖယ်ရှင်းတာနဲ့ ခရီးကမတွင်ဘူးပေါ့ကွယ်။ အမေနဲ့အစ်မက မိုးသံ၊ လေသံကြားမှာ တကြော်ကြော်ခေါ်ပေမဲ့ မောင်သုညကလေးရဲ့ ပြန်ထူးသံမကြားရတာမို့ ပိုပြီးစိတ်ပူကြတာပေါ့ကွယ်။

ဒီလိုနဲ့ မိုးတိတ်သွားမှ မောင်သုညကလေးကို ပြန်တွေ့တာပေါ့ကွယ်။ ပြန်တွေ့ပေမဲ့ မောင်သုညကလေးကို အသက်ရှင်လျက်မဟုတ်ဘဲ သေနေတာတွေ့ရတာပေါ့ကွယ်။ မောင်သုညကလေးရဲ့ကိုယ်မှာ အဆိပ်တွေပြာနှမ်းနေသတဲ့။ အဆိပ်ရှိတဲ့ မြွေတစ်ကောင်ရဲ့ရန်မူကိုက်ခဲတာကိုခံရပြီး သေနေခဲ့တာပေါ့ကွယ်။ အစ်မစကားကို နားထောင်ခဲ့မယ်ဆိုရင် အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့မှာ မဟုတ်ဘူးပေါ့ကွယ်။ သူပြုခဲ့တဲ့အကုသိုလ်အကျိုးဆက်က သူ့ကိုပြန်ပြီးအကျိုးပေးတဲ့သဘောပေါ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရေ။ ကလေးတို့လဲ ဒီပုံပြင်လေးကိုနားထောင်ပြီး သူတစ်ပါးအသက်ကိုသတ်ရင် ကိုယ်လဲအသက်တိုမယ်။ ကိုယ်ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်က နောက်ဘဝထိမကူးဘဲ အရိပ်ပမာ ချက်ချင်းလက်ငင်းအကျိုးပေးတာမို့ ကလေးတို့တစ်တွေလဲ သတ္တဝါတွေအပေါ် သတ်ဖြတ်၊ ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ကြပါလို့ တိုက်တွန်းရင်း ပုံပြင်လေးကို အဆုံးသတ်ပါတယ်ကွယ်။

**မောင်နိုင်လင်း(ရိုးရွာ)**

## တန်ဖိုးရှိနော် တို့ကျောင်းတော်

À ပညာရင်နို့ သောက်ဖို့ကွယ်
ကျောင်းသို့ လှမ်းချီရွယ်၊
သင်ကြားလွယ်ယူ အသိများ
သေချာလိုက်မှတ်သား။



À စာကြိုးစားလို့ ကျောင်းတက်မှာ
ရည်ရွယ်ချက်ထားကာ၊
မပျင်းဖြစ်ပါ နေ့စဉ်ရက်
ဉာဏ်လည်း သိပ်ထက်မြက်။

À မခက်ခဲလှ ပညာဖွေ
အခမဲ့ ယူစေ၊
တန်ဖိုးတွေလည်း တကယ်ရှိ
တိုးတက်နေပါ၏။ ။

**ဆောင်းနေရောင်(အဖျောက်)**

## အုန်းမောင်းသံ

À ရွာဦးကျောင်းက အုန်းမောင်းသံ
တုံတုံ တုံတုံညံ။



À မိုးသောက်ယံမှာ ကြားရမြဲ
နေ့စဉ်နေ့တိုင်းပဲ။

À ရပ်ထဲရွာထဲ အိမ်တိုင်းတွင်
နိုးထ ဆွမ်းတော်ပြင်။

À လှူဖွယ်စုံလင် အသင့်ထား
လောင်းလှူ သံဃာများ။

À ကုသိုလ်ပွားများ မေတ္တာဝေ
သာခု ကျက်သရေ။

À ဘာသာအမွေ ယဉ်ကျေးမှု
ဓလေ့ကောင်း တစ်ခု
ထိန်းသိမ်း တို့ပြုစု။ ။

**ကန်မြဲ ချစ်မင်းဝေ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၃-၉-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၄၀၇။ | ဦးစိုးရည်နှင့်ဇနီး ဒေါ်ဖြူဖြူအေး၊ (သား)ကိုသောင်းဇံ၊ (သမီး)မဆုပြည့်သာမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၄၀၈။ | ဦးမိုးနိုင်ဦးနှင့်ဇနီး ဒေါ်လှကြည်၊ (သမီး)မမေဇင်ဦး၊ မဆုရည်မွန်၊ (သား)မောင်အံ့မွန်ဟိန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၄၀၉။ | ဦးအေးဝင်းနှင့်ဇနီး ဒေါ်လှလှမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၄၁၀။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေ၊ (သမီး)မအေးအေးဟန်၊ မခင်ချိုရီ၊ မခိုင်ခင်ရီမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၄၁၁။ | ဦးဇော်အေးမောင်နှင့်ဇနီး ဒေါ်လှမြင့်သန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၂။ | ဦးခင်စိန်နှင့်ဇနီး ဒေါ်ငွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၃။ | ကိုမင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၄။ | ဦးသန်းဌေးနှင့်ဇနီး ဒေါ်ချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၅။ | ဦးသက်လွင်နှင့်ဇနီး ဒေါ်သော်ဇင်မျိုးလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၆။ | ဦးကျော်ဇေယျတင်နှင့်ဇနီး ဒေါ်ခင်မျိုးမျိုးထွဋ်၊ (သမီး)မခင်ဇေဇေထွဋ်၊ မခင်ဇေယျထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၇။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုသူရိန်လင်းနှင့်ဇနီး မစုလဲ့ကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၈။ | ဦးကျော်မင်းဦးနှင့်ဇနီး ဒေါ်ယုသီဂီအေး၊ (သမီး)မမိုးမြင့်ရွှေရည်ကျော်၊ မယွန်းလေပြေဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၁၉။ | ဦးဖြိုးကိုကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၀။ | ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်အေးငွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၁။ | ဦးရွှေမြနှင့်ဇနီး ဒေါ်တင်တင်သောင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၂။ | ဒေါ်ဥမ္မာကျော်လင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၃။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၄။ | ဦးလှမင်းနှင့်ဇနီး ဒေါ်မော်မော်နိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၅။ | ဒေါက်တာနန်းခိုင်ခိုင်ကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၆။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်သန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၇။ | ဦးလှိုင်ဝင်းနှင့်ဇနီး ဒေါ်စန်းသီတာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၈။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်တင်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၂၉။ | ဦးသန်းဆွေနှင့်ဇနီး ဒေါ်ချိုချိုခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၀။ | ဦးကျော်နိုင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၁။ | ဦးထိန်လင်းနှင့်ဇနီးဒေါ်လှသိန်း၊ (သား)မောင်သိန်းလင်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၂။ | ကိုယဉ်မင်းထိုက်နှင့်ဇနီး မဇင်မာလင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၃။ | ကွယ်လွန်သူ ဦးညွန့်သိန်းနှင့် (သား)ကိုမိုးဇော်သိန်းတို့အား ရည်စူး၍ ဒေါ်လှရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၄။ | ကွယ်လွန်သူ ဦးခင်မောင်တင်အားရည်စူး၍ ဒေါ်နုနုရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၅။ | ကွယ်လွန်သူဖခင်ဦးအောင်ခိုင်နှင့် မိခင်ဒေါ်မေကြည် တို့အားရည်စူး၍ (သမီး)ဒေါ်အေးအေးမြင့်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၆။ | ကွယ်လွန်သူဒေါ်ကျော့ကျော့ဝင်း(ခ)အမိုးကြီးအား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၃၇။ | ဦးချစ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၃၈။ | ကိုမျိုးမင်းထက်နှင့်ဇနီး မမိုးမိုးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၃၉။ | ဒေါ်ခင်ဖြူဝင်း၊ (သား)မောင်စိုင်းဟိဏ်းသုတဆွေ၊ မောင်သီဟဆွေ၊ မောင်ဥက္ကာဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၀။ | ဦးသာမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၁။ | ဦးအောင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၂။ | ဦးဌေးအောင်ထွန်းနှင့်ဇနီး ဒေါ်စန်းစန်းနွဲ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၃။ | ဦးစိုးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၄။ | ကိုစောအောင်နှင့် မောင်နှမများတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၅။ | ဦးကျင်ဝမ်နှင့်ဇနီး ဒေါ်အေးမို့မိသားစုကေင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၆။ | ဦးဘသီနှင့်ဇနီး ဒေါ်မြင့်သန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၇။ | ဒေါ်ရွှေဝါငုံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၈။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ပြုံးအားရည်စူး၍ ကိုနေလင်းထွန်းနှင့်ဇနီး မပပဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၄၉။ | ကွယ်လွန်သူဦးတင်မျိုးထွဋ်အားရည်စူး၍ ဒေါ်ခင်စန္ဒာထိုက်၊ (သား)မောင်မင်းမော်ထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၀။ | ကွယ်လွန်သူ ဦးစန်းလွင်အားရည်စူး၍ ဒေါ်စန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၁။ | ကွယ်လွန်သူမိခင်ကြီးဒေါ်စိန်တင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၂။ | ကွယ်လွန်သူဦးမြင့်ဝေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၃။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်အေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၄။ | ကွယ်လွန်သူဦးစိန်နိုင်အားရည်စူး၍ ကိုအောင်နိုင်ဌေး နှင့်ဇနီး မနှင်းသဇင်ခိုင် (သား)မောင်မင်းမြတ်ဘုန်းခန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၅။ | ကွယ်လွန်သူဦးစိုးမြင့်အားရည်စူး၍ ဦးဟန်မေဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၆။ | ကွယ်လွန်သူဦးစန်းထွန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၇။ | ကွယ်လွန်သူဒေါ်မိုးမိုးဝေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၈။ | ကွယ်လွန်သူဒေါ်ခင်မြအေးအားရည်စူး၍ ဦးစိုင်းဝဏ္ဏနှင့်ဇနီး ဒေါ်အေးချမ်းမေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၅၉။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်အေးအေးမာ၊ (သမီး)မသန္တာစိုး၊ (သား)မောင်မင်းကိုကို မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၆၀။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမောင်မောင်လွင် နှင့်ဇနီး ဒေါ်အေးအေးမော်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများရှိ အောက်ဖော်ပြပါ အတည်ဆိုင်ခန်းလွတ်များအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **မန်းသီရိဈေး (၅' x ၅') အတည်ဆိုင်ခန်း(၈)ခန်း**
(၃၄၊ ၆၂၊ ၁၂၉၊ ၁၃၀၊ ၁၃၆၊ ၂၁၀၊ ၂၅၅၊ ၂၆၅)

( ခ ) **သီရိမာလာဈေး၊ ငါးရုံ (၆' x ၆')ပေ အတည်ဆိုင်ခန်း(၁၅)ခန်း**
(၄၊ ၅၊ ၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၆၊ ၂၇၊ ၂၈)

( ဂ ) **ညောင်ပင်ဈေး (၅' x ၈') အတည်ဆိုင်ခန်း(၁၆)ခန်း**
ရုံ-၁/ (၇၊ ၈၊ ၄၀၊ ၄၆)၊ ရုံ-၂/ (၆၀၊ ၇၉၊ ၈၂၊ ၈၃၊ ၈၆)၊ ရုံ-၃/ (၄၂၊ ၅၄၊ ၆၈၊ ၈၁၊ ၈၆)၊ ရုံ-၄/ (၆၉၊ ၉၃)

(ဃ) **ဈေးချို ပထမထပ် (၈' x ၈') အတည်ဆိုင်ခန်း(၁)ခန်း**
ဆိုင်အမှတ် F-ရုံ(၅၅)

( င ) **ရတနာပုံဈေးမြေညီထပ် အတည်ဆိုင်ခန်း(၆)ခန်း**
(၆' x ၁၂') O-ရုံ(၄၆)၊ (၆' x ၆') N-ရုံ (၁၉၊ ၁၁၁၊ ၁၁၂၊ ၁၁၉)၊ (၆' x ၆') U-ရုံ (၇၇)

( စ ) **ဈေးချိုဧရိယာ၊ (၇)ရုံ အုပ်စု၊** (၅' x ၅') ကြက်ဆိုင်(၁)ခန်း

(ဆ) **ဈေးချိုဧရိယာ၊ ရွှေကွဲ့ကော်ရုံပထမထပ်(၁၀' x ၁၀')(၂)ခန်း၊**
ဆိုင်အမှတ်(၄၀၄၊ ၄၁၂)

( ဇ ) **ဈေးချိုဧရိယာ၊ ၈၆လမ်း(၂၈ x ၂၉)လမ်းကြား၊(၅' x ၆')(၂)ခန်း၊**
ဆိုင်အမှတ် (၃၀၈၊ ၃၂၆)

( ဈ ) **ဈေးချိုဧရိယာ၊ ကိုင်းတန်းဈေး မြေညီထပ် (၈' x ၁၀')(၁၀)ခန်း၊**
(က)ရုံ ဆိုင်အမှတ် (၁၃၊ ၁၄၊ ၂၅၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅)၊ ပထမထပ် (၈' x ၁၀')၊ (က)ရုံ (၅၀)၊ တိုးချဲ့(၁၁၊၁၉)

(ည) **စိန်ပန်းဈေး အတည်ဆိုင်ခန်း(၂၃)ခန်း**
ဈေးအရှေ့ဘက်ခြမ်း(၇' x ၈')၊ (၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)
ဈေးတောင်ဘက်ခြမ်း(၆' x ၈') (၂၊ ၆၊ ၇၊ ၈၊ ၁၀၊ ၁၁၊ ၁၅၊ ၁၆)

( ဋ ) **မြနန္ဒာဈေး (၆' x ၆') အတည်ဆိုင်ခန်း(၉)ခန်း**
E (၃၀၊ ၄၇၊ ၄၈၊ ၄၉၊ ၆၆၊ ၆၇၊ ၆၉၊ ၈၀၊ ၈၁)

( ဌ ) **မြရည်နန္ဒာဈေး (၈' x ၁၀') အတည်ဆိုင်ခန်း(၃)ခန်း**
E (၄၂၊ ၅၄၊ ၅၉)

( ဍ ) **မြို့ဟောင်းဈေး (၆' x ၆') အတည်ဆိုင်ခန်း(၁)ခန်း**
ဓ(၅)

( ဎ ) **စက်မှု-၂ ဈေး၊ (၈ x ၁၀)ပေ အတည်ဆိုင်ခန်း(၆၄)ခန်း**
A ရုံ ဆိုင်အမှတ် (၂၊ ၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅)
C ရုံ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)
D ရုံ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄)

၂။ အတည်ဆိုင်ခန်းလွတ်များကို ဝယ်ယူလိုပါက လေလံလျှောက်လွှာများအား တစ်စောင်လျှင် ငွေကျပ် ၁၀,၀၀၀/-နှုန်းဖြင့် (၂၆-၉-၂၀၂၅)ရက်နေ့မှ (၁၃-၁၀-၂၀၂၅) ရက်နေ့အထိ နံနက်(၁၀း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ဈေးနှင့်သားသတ်ဌာနတွင် ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံလျှောက်လွှာများကို (၁၇-၁၀-၂၀၂၅)ရက်နေ့ ညနေ(၃း၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ၃၁ လမ်း (၇၂ x ၇၃)လမ်းကြားရှိ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ နှင့် ၀၉-၆၈၈၈၉၅၂၁၇ သို့ ဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၆ ဧက စိုက်ပျိုးမည်




**ရေဦး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံ အနေနဲ့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## တောင်သာမြို့နယ် အိုးတောင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးတောင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုးတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅၃ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ်သိန်း ၄၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၆ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။ **ချစ်ဦးကို**

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်၊ စပါး၊ ဖွဲနုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများကို ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့် မွေးမြူရေးလုပ်ငန်းသုံး အစာအဖြစ် အသုံးပြုကြကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ၂၄ ပြည်ပါတဲ့ ဖွဲနုအိတ်ရေ ၇၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါး ကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ်အသုံးပြုတာ များပါတယ်။ လက်ရှိဩဂုတ်လထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် အခုလို ဖွဲနုအိတ်တွေ အရောင်းအဝယ်ကောင်းလာတာပါ။ အခုလို အရောင်းအဝယ်ကောင်းလာတော့ လယ်သမားတွေ၊ ဆန်စက်သမားတွေ အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်၊ စပါး၊ ဖွဲနုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံး ဝယ်ယူလျက် ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနု တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

**We Protect The Family**

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



- နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
- အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
- ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇




## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်ကွက်သစ်၊ ကွက်စိပ်(၅)နေ ဦးမြင့်အေး(၉/ပကခ(နိုင်)၀၀၇၉၁၅ + ဒေါ်မိုးသန္တာလင်း(၉/မထလ(နိုင်)၁၃၁၈၉၀)တို့၏ သား မောင်ဟိန်းဇော်(၉/ပကခ(နိုင်)၀၈၇၁၆၅) သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်အေး
ဒေါ်မိုးသန္တာလင်း

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်စိုင်းနော်ခမ်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဆိုင်လှိုင်းဖြစ်ပါကြောင်း။ **ဦးစိုင်းဆိုင်လှိုင်း(၅/မစန(နိုင်)၀၁၆၄၀၇)**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွှန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝေလင်းကျော်၏ သမီး မရွှေဝတ်မှုံအား မရွှေဝတ်မှုန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှေဝတ်မှုန်(၉/မခန(နိုင်)၃၃၀၀၃၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ တောင်ဘီလူ(အထက)၊ Grade-6 တွင် ပညာသင် ကြားနေသော မနှင်းရတီဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖြိုးအောင်ဝေဖြစ်ပါကြောင်း။

**ဦးဖြိုးအောင်ဝေ(၉/တတဥ(နိုင်)၁၁၇၉၅၉)**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းထက်၏သမီး မချူးမြတ်ချယ်အား မခြူးမြတ်ချယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခြူးမြတ်ချယ်(၉/မခန(နိုင်)၃၀၉၆၃၂)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အဖိုးတန်ရေချိုကို ချွေတာပါ**

❖ **စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်...**

❖ **မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင် မူတည်၍ အထွက်နှုန်းများကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု၊ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် ရတနာပုံအက်ဖ်စီအသင်းက သစ္စာအားမာန်အသင်းကို အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီအသင်း နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ပွဲစဉ်သည် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် ဘောလုံးပွဲကို ခေတ္တရပ်နားခဲ့သော်လည်း မိုးဆက်လက်ရွာသွန်းလျက်ရှိသဖြင့် ပွဲပြန်လည်ကစားရန် အဆင်မပြေသည့်အတွက် ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရပြီး ပြန်လည်ကစားမည့်နေ့ရက်၊အချိန်၊ကွင်းတို့ကို ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့်

စာမျက်နှာ ၂၁ ကော်လံ ၄ ❍

# Cover Club ဆိုင်၌ ဗုဒ္ဓဘာသာအား အကြည်ညိုပျက်စေရန် “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”သီချင်းကို DJ တီးခတ်၍ သရုပ်ပျက်မူးယစ်ကခုန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ Cover Club ဆိုင်၌ ဗုဒ္ဓဘာသာအား အကြည်ညိုပျက်စေရန် “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”သီချင်းကို DJ တီးခတ်၍ သရုပ်ပျက်မူးယစ်ကခုန်ခဲ့သူများအား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



ဖြိုးဟိန်းကိုကို (ခ) မင်းထိုက်နှင့် DJ Violet (ခ) ခင်ထွေးထွေးမွန်

**နေပြည်တော် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၆လမ်းနှင့် ၃၆ x ၅၃ လမ်းထောင့်ရှိ Cover Club ဆိုင်၌ ဇူလိုင် ၃၁ ရက် နံနက် ၁ နာရီမှ ၂ နာရီထိ DJ Violet (ခ) ခင်ထွေးထွေးမွန် ၂၄ နှစ်နှင့် DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို (ခ) မင်းထိုက်နှင့် Dice (ခ) ဉာဏ်လင်းထက်တို့ ဦးဆောင်၍ “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” သီချင်းကို အရက်သေစာသောက်စားမူးယစ်၍ သရုပ်ပျက်အဝတ်အစားများဝတ်ဆင်ကာ DJ တီးခတ်ကခုန်ခဲ့မှုကြောင့် ဗုဒ္ဓဘာသာအား အကြည်ညိုပျက်စေရန် ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်နိုင်ရေး ရှာဖွေဖမ်းဆီးခဲ့ရာ DJ တီးခတ်သူ DJ Violet (ခ) ခင်ထွေးထွေးမွန် ၂၄ နှစ်နှင့် DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို (ခ) မင်းထိုက် ၂၈ နှစ်တို့ကို စက်တင်ဘာ ၁၁ ရက် ည ၁၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက်နေအိမ်၌လည်းကောင်း၊ ဆိုင်ပိုင်ရှင် သက်လွင်အောင်(ခ)မျိုးအောင် ၄၉ နှစ်၊

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများနှင့် စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက် စာမျက်နှာ - ၂၁

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ စာမျက်နှာ - ၃၀

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၁၇၇၉၀ စိုက်ပျိုးမည် စာမျက်နှာ - ၃

ဂုဏ်ယူဖွယ်ကောင်းသည့် နိုင်ငံ့တာဝန် ဆောင်းပါး စာမျက်နှာ - ၂၆

